မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်၊ တနလာ်နေ့ | အတွဲ(၆၆)၊ အမှတ်(၀၅၄)

လောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

ယနေ့ ဖတ်စရာ

၂၀၂၆ ခုနှစ် မာရဝိဇယ ပုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုဒ္ဓဥယျာဉ် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံပျံလွှတ်တင်ပူဇော်ပြုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ပြည်တွင်းသတင်း | စာ ၅

ရေရှည်တည်တံ့သောငါး၊ ပုစွန်မွေးမြူရေး ကဏ္ဍာ ဖွံ့ဖြိုးတိုးတက်စေဖို့ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး ကျင့်စဉ်များအတိုင်း ဆောင်ရွက်စို့ ...

ဆောင်းပါး | စာ ၁၀

မာရဝိဇယကျောင်းတော် စတုတ္ထအကြိမ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကထိန်အလှူခံ မာရဝိဇယကျောင်းဆရာတော်ထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၂

ပြည်ထောင်စု နယ်မြေနေပြည်တော် ဒကွိဏာသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယကျောင်းတော် စတုတ္ထအကြိမ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ မာရဝိဇယကျောင်းတော်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်

အခမ်းအနားသို့ မာရဝိဇယကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနေမိန္ဒ၊ အောင်စည်သာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစက္ခဏတို့ အမျူးပြုသည့် ဆရာတော်ကြီးများ

စာမျက်နှာ ၃ ကော်လံ ၁ မှ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဗျော်ဖြေရေးအစီအစဉ်များသို့ ပါဝင်ဆင်နွှဲကြသူများဖြင့် ကြက်ပျံမကျစည်ကား

နေပြည်တော် နိုဝင်ဘာ ၂၂

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ စိတ်အပန်းဖြေစေရေးနှင့် ဒေသထွက်ကုန်များ၊ စားသောက်ဖွယ်ရာများကို တစ်နေရာတည်းတွင် ဝယ်ယူစားသောက်နိုင်ရန်ရည်ရွယ်၍ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်၊ ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏

စာမျက်နှာ ၈ ကော်လံ ၁ မှ

မြန်မာ့ထောပတ်သီး ဈေးကွက်ပွင့်လန်းပါက တစ်နှစ်လျှင် အနည်းဆုံး အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရရှိနိုင်

တောင်ကြီး နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံတွင် ထောပတ်သီး အဓိက စိုက်ပျိုးထုတ်လုပ်ရာ ဒေသခြောက်ခုရှိပြီး မြန်မာ့ထောပတ်သီးဈေးကွက် ပွင့်လန်းပါက တစ်နှစ်လျှင် အနည်းဆုံး အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရရှိနိုင်ကြောင်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ သိရသည်။



စာမျက်နှာ ၇ ကော်လံ ၁ မှ

နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၂

နိုဝင်ဘာ ၂၄ ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/၉လ

အကျိုးထူးသည့် ကာလဒါနအလှူတော်

"မာသေသု သရဒံ ရမဏီယံ" ဟု ပါဠိစာပေတို့၌ လာရှိသည်နှင့်အညီ လတကာတို့တွင် တန်ဆောင်မုန်းလသည် မွေ့လျော်ဖွယ်ကောင်းသည့်လဖြစ်သည်။ တန်ဆောင်မုန်းလသည် ဗြိစ္ဆာရာသီဖြစ်သည်။ ကြတ္တိကာ နက္ခတ်နှင့် စန်းယှဉ်သည်။ ဤရာသီတွင် ခဝဲ ပန်းတို့ပွင့်သည်။ ရာသီပွဲမှာ ကထိန်ပွဲဖြစ်သည်ဟု ရှေးလူတို့ မှတ်သားခဲ့ကြသည်။

တန်ဆောင်မုန်းလတွင် ကထိန်ပွဲကျင်းပခြင်း၏ ရင်းမြစ်အစကို မဟာဝဂ်ပါဠိတော် ကထိနက္ခန္ဓက၌ တွေ့ရှိရသည်။ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသည့် ကာလ ပါဝေယျက တိုင်းသား ရဟန်းသုံးကျိပ်တို့သည် အာရညကင်ဓူတင်၊ ပိဏ္ဍပါတ်ဓူတင်၊ ပုံသကူ ဓူတင်၊ တိစီဝရိတ်ဓူတင်တို့ကို ဆောက်တည်ကြကုန်သည်။ ဝါဆိုနေ့နီးကပ်သည့်အချိန် ထိုရဟန်းတို့သည် မြတ်စွာဘုရားကိုဖူးမြော်ရန် သာဝတ္ထိသို့ လာကြရာတွင် ဝါဆိုနေ့အမီ မရောက်နိုင်တော့သဖြင့် ခရီးလမ်းခုလတ်တွင်ရှိသော သာကေတမြို့၌ ဝါကပ်ကြရလေသည်။ ရဟန်းတို့သည် မြတ်စွာဘုရား သီတင်းသုံးနေတော်မူရာနေရာနှင့် ခြောက်ယူဇနာ ကွာဝေးသော သာကေတမြို့တွင် မြတ်စွာဘုရားကို ဖူးမြော်ခွင့်မရ၊ မပျော်ပိုက်ဘဲ ဝါဆိုနေကြရသည်။

ဝါတွင်းသုံးလ လွန်မြောက်ပြီးနောက် ဝါကျွတ်သည့်အခါ ရဟန်းသုံးကျိပ်တို့သည် ပဝါရဏာပြုပြီးနောက် မိုးသည်းထန်စွာ ရွာသွန်း၍ မိုးထဲရေထဲတွင် ရွှံ့ညွန်တို့ကို ဖြတ်သန်းကာ ရေစိုရွဲသော သင်္ကန်းတို့ဖြင့် သာဝတ္ထိပြည်ဇေတဝန်ကျောင်း မြတ်စွာဘုရားထံမှောက်သို့ ပင်ပန်းကြီးစွာရောက်ကြသည်။ ရဟန်းတို့မှာ ဓူတင်ဆောင် တောရပုဂ္ဂိုလ်များ ဖြစ်ကြသည့်အလျောက် သူတစ်ပါးတို့ လွှင့်ပစ်ထားသော အဝတ်ဟောင်းတို့ကို ကောက်ယူချုပ်စပ်ဖန်ရည်ဆိုးထားသည့် ပုံသကူ သင်္ကန်းများကို ဝတ်ရုံထားကြပြီး တိစီဝရိတ်ခေါ် ခါးဝတ်၊ ကိုယ်ရုံနှင့် ပခုံးတင်သည့် နှစ်ထပ်သင်္ကန်းကြီးတို့သာ ဆောင်ထားကြခြင်းဖြစ်ရာ မိုးရေရွှံ့ညွန်တို့ရွဲစိုနေသည့်တိုင် လဲရန်မရှိ။ ရဟန်းတို့ ပင်ပန်းဆင်းရဲကြသည့် အကြောင်းတို့ကြောင့် မြတ်စွာဘုရားက ကထိန်ခင်းရန် ခွင့်ပြုတော်မူခဲ့ပြီး ကထိန်အကျိုး အာနိသင် ငါးပါးကိုလည်း ဆက်၍ ပေးသနား ခွင့်ပြုတော်မူခဲ့သည်။

ကထိန်သင်္ကန်းကို လူပုဂ္ဂိုလ်သာမက မည်သည့်ပုဂ္ဂိုလ်မဆို လှူဒါန်းနိုင်သည်။ ရဟန်းသာမဏေများပင် အခြားသော ရဟန်းများကို ကထိန်သင်္ကန်း လှူဒါန်းနိုင်သည်။ သို့ရာတွင် ကထိန်ခင်းခြင်းမှာမူ ရဟန်းတို့နှင့်သာသက်ဆိုင်ပြီး ရဟန်းကသာ ကထိန်ခင်းနိုင်ခြင်း ဖြစ်သည်။ ကထိန်ခံ၊ ကထိန်ခင်းသည့် ရဟန်းတော်နှင့် ကထိန်အနုမောဒနာပြုသော ရဟန်းတော်များပါ ကထိန်ခင်းသည့်နေ့မှစပြီး တပေါင်းလပြည့်နေ့အထိ ကထိန်အာနိသင် အကျိုးငါးမျိုးတို့ကို ခံစားကြရသည်။ အနာမန္တစာရ-ထင်ရှားရှိသော ရဟန်းတော်များကို မပန်ကြားဘဲ မြို့တွင်းရွာတွင်း ဆွမ်းစားပင့်သည့် အိမ်သို့သွားနိုင်ခြင်း၊ အသမာဒါနစာရ - အဓိဋ္ဌာန်တင်ပြီး ဆောင်နေသည့် သင်္ကန်းကို မယူဆောင်ဘဲသွားနိုင်ခြင်း၊ ဂဏဘောဇန - ထမင်းစားကြွပါ စသည်ဖြင့် မအပ်မရာပင့်ဖိတ်သော ဆွမ်းကိုစားနိုင်ခြင်း၊ ယာဝဒတ္ထစီဝရ-ရလာသမျှသော သင်္ကန်းများကို အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ သိမ်းဆည်းထားနိုင်ခြင်း၊ ယော စ တတ္ထ စီဝရုပ္ပါဒ- ဤကျောင်းတိုက်အတွင်း သံဃာကို ရည်စူးလှူဒါန်းသော သံဃိက သင်္ကန်းကို ဤရဟန်းများသာ ရပိုင်ခွင့်ရှိခြင်းဟူသော ကထိန်အာနိသင် ငါးပါးတို့မှာ အာနိသင်ကုန်သည့် ကာလတွင် အာပတ်သင့်နိုင်သော ခွင့်ပြုချက်များဖြစ်သည်။

သဒိသပါကံ ဇနေတိ- တူသောအကျိုးကို ဖြစ်စေသည့် အားလျော်စွာ ကထိန်သင်္ကန်း လှူဒါန်းသော အလှူရှင်များမှာလည်း ကထိန်ခင်းသော သံဃာတော်များ အကျိုးတရားရရှိခံစားရသကဲ့သို့ပင် (၁) သွားလေရာအရပ်တို့၌ အနှောင့်အယှက်မရှိ ဘေးကင်းစွာသွားရခြင်း၊ (၂) လုပ်ငန်းတာဝန်နှင့် အမှုကိစ္စအဝဝတို့ လွယ်ကူပေါ့ပါးစွာပြီးမြောက်နိုင်ခြင်း၊ (၃) စားကောင်းသောက်ဖွယ်အထူးပေါများ၍ အစားအစာအတွက် ဘေးမဖြစ်နိုင်၊ အဆိပ်မသင့်နိုင်ခြင်း၊ (၄) မိမိပိုင်ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးမှု ဘေးရန်မှကင်းဝေးခြင်း၊ (၅) မိမိပိုင်ဆိုင်သော ပစ္စည်းဥစ္စာကို သူတစ်ပါးက အနိုင်အထက် လုယူဖျက်ဆီးမှုမပြုနိုင်ဘဲ မိမိသာလျှင် စိုးပိုင်ခွင့်ရခြင်းဟူသော အကျိုးတရားများကို ရရှိနိုင်ကြသည်။ ရှေးဆရာတော်ကြီးများက "တားဆီးကင်းကွာ၊ လွတ်လပ်စွာ၊ လိုရာသွားနိုင်သည်။ တာဝန်ကိစ္စ၊ မလေးရ၊ ပေါ့လှလေတော့သည်။ စားလိုရာများ၊ စားသော်ငြား၊ ဘေးကားမဖြစ်ပြီ။ ပစ္စည်းအများ၊ သိမ်းဆည်းထား၊ ဘေးကားမရှိပြီ။ ကိုယ့်ပစ္စည်းများ၊ သူတစ်ပါး၊ ယူသွား ကင်းလေသည်။ ကထိန်ဒါယကာ၊ ကျိုးငါးဖြာ၊ ကောင်းစွာရလေသည်။" ဟူ၍ လင်္ကာစီကုံးထားရာ မှတ်သားလွယ်စေသည်။

ကထိန်သင်္ကန်းသည် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ တစ်ကျောင်းလျှင် တစ်ကြိမ်သာ ခင်းခွင့်ရှိသော ကာလဒါနဖြစ်သည်။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာအတွင်း သံဃာကို ရည်စူး၍ နှုတ်မှ မြွက်ဆိုလှူဒါန်းရသော ကထိန်အလှူများသည် နိုင်ငံတစ်ဝန်း ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် မြင်ကွင်းများအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့နိုင်ပါစေကြောင်း။ ။

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး။

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစား တန်ဖိုးထား စောင့်ရှောက်မြှင့်တင်ရေး။

★ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။

★ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှု အရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်စေရေး။

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက်
အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်
တိုင်းပြည်သာယာဝပြောဖို့၊ တစ်မျိုးသားလုံး စွမ်းဆောင်စို့။
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၄-၁၂-၂၀၂၆)

၂၂ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိစံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃ - ၁၁ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လျှိုင်ကော်	ဟားခါး
92 Ron	၃၈၁၅	၃၉၇၀	၃၉၂၀	၃၈၃၀	၃၉၇၅	၃၉၈၅	၄၀၂၀	၃၉၀၀	၄၂၇၀	၄၃၀၀	၃၉၂၀	၄၀၄၀	၄၀၁၀	၃၉၇၀	၃၉၈၀	၄၂၁၀
95 Ron	၃၈၈၀	၄၀၃၅	၃၉၈၅	၃၈၉၅	၄၀၄၀	၄၀၅၅	၄၀၉၀	၃၉၆၅	၄၃၃၅	၄၃၆၅	၃၉၈၅	၄၁၁၀	၄၀၈၀	၄၀၃၅	၄၀၄၅	၄၂၇၅
HSD (500 ppm)	၄၁၅၅	၄၃၀၀	၄၂၅၅	၄၁၇၀	၄၃၀၅	၄၃၂၀	၄၃၅၀	၄၂၃၅	-	၄၆၁၅	၄၂၅၅	၄၈၆၅	၄၃၄၀	၄၃၀၀	၄၃၁၀	၄၅၃၀
HSD (50 ppm)	၅၀၄၀	၅၁၉၅	၅၁၄၅	၅၀၅၅	၅၂၀၀	၅၂၁၅	၅၂၅၀	၅၁၂၅	၅၄၉၅	၅၅၂၅	၅၁၄၅	၅၃၃၀	၅၂၄၀	၅၁၉၅	၅၂၀၅	၅၄၃၅
HSD (10 ppm)	၅၀၄၀	၅၁၉၅	၅၁၄၅	၅၀၅၅	၅၂၀၀	၅၂၁၅	၅၂၅၀	၅၁၂၅		၅၅၂၅	၅၁၄၅	၅၃၃၀	၅၂၄၀	၅၁၉၅	၅၂၀၅	၅၄၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၁၃	၃၇၁၉
95 Ron	၃၆၇၈	၃၇၈၅
HSD (500 ppm)	၃၉၅၅	၄၀၆၃
HSD (50 ppm)	၄၈၀၁	၄၉၂၇
HSD (10 ppm)	၄၈၀၁	၄၉၂၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မာရဝိဇယကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော် ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကထိန်ခံ မာရဝိဇယကျောင်းတော်ကြီးသို့လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များအား ကြည့်ရှုစဉ်။



ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး အောင်စည်သာဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ပါဠိဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*ရှေ့ဖုံးမှ

ကြရောက် ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကပ်လှူပူဇော်

ဦးစွာ နိုင်ငံတော်သမ္မတက မာရဝိဇယကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ ဆီမီးနှင့် သောက်တော်ရေချမ်းများ ကပ်လှူပူဇော်သည်။

ပဒေသာပင်များ လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ကထိန်ခံ မာရဝိဇယကျောင်းတော်ကြီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် မာရဝိဇယကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ဖွဲ့သရဏဂုံတော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။ *စာမျက်နှာ ၄ သို့*

"ပဒေသာပင် ၁၂ ပင်၊ ဥတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများအပါအဝင် တန်ဖိုးငွေကျပ် ၂၆၇ သိန်းကျော်နှင့် လှူဒါန်းငွေကျပ် ၂၉၇ သိန်းကျော် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၅၆၅ သိန်းကျော်ဖြစ်"



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဧည့်ပရိသတ်များက မာရဝိဇယကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

စာမျက်နှာ ၃ မှ

ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ကထိန်အလှူခံ မာရဝိဇယကျောင်း ဆရာတော်ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယသမ္မတ ဦးညီစောနှင့် ဇနီးတို့က အောင်စည်သာ ဆရာတော်ကြီးထံလည်းကောင်း၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ပါဠိဆရာတော်ကြီးထံလည်းကောင်း ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ပြည်ထောင်စုဝန်ကြီးများက ဆရာတော်သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ် အပေါင်းတို့သည် အောင်စည်သာဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ရတနာရွှေဖိုးငွေဖိုး ရွာသွန်းဖြိုး

ထို့နောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ရတနာရွှေဖိုးငွေဖိုးများ ရွာသွန်းဖြိုးကြသည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် စတုတ္ထအကြိမ်မြောက် မာရဝိဇယကျောင်းတော် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၁၂ ပင်နှင့် ဥတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ အပါအဝင်တန်ဖိုးငွေကျပ် ၂၆၇ သိန်းကျော်နှင့်လှူဒါန်းငွေကျပ် ၂၉၇ သိန်းကျော်ဖြစ်သဖြင့် စုစုပေါင်း လှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၅၆၅ သိန်းကျော်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဆွေးနှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



သုံးရေ ချွေတာသုံးစွဲရေး

အပင်ရေလောင်းချိန်ကို အချိန်ကိုက် လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုကို လျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေ နှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။



အိမ်တွင်းသုံးရေ ချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၂

၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။

တက်ရောက်

အခမ်းအနားသို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ ဦးညီစောနှင့် ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မီးပုံးပျံလွှတ်တင်ရေး

စာမျက်နှာ ၆ သို့





လှိုက်လဲနွေးထွေးစွာ ကြိုဆို

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များ၊ အနုပညာရှင်များက လှိုက်လဲနွေးထွေးစွာ ကြိုဆို ကြစဉ်။

ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဗုဒ္ဓဥယျာဉ် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

စာမျက်နှာ ၅ မှ

ပြိုင်ပွဲဝင်အဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အခမ်းအနားကျင်းပမည့်နေရာသို့ရောက်ရှိကြရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှယဉ်ကျေးမှုအဖွဲ့များ၊အနုပညာရှင်များကမြန်မာ့ရိုးရာဓီးပုံးငယ်များကို ကိုင်ဆောင်၍ လှိုက်လဲလှဲနွေးထွေးစွာ ကြိုဆိုကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ဗုဒ္ဓဥယျာဉ်တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ထိုသို့ဖဲကြိုးဖြတ်ဖွင့်လှစ်သည်နှင့်တစ်ပြိုင်နက် မီးပုံးပျံငယ်များကို အခမ်းအနားတက်ရောက်လာကြသူများက တစ်ပြိုင်နက်လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းနှင့် မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင် တေးသီချင်းဖြင့် ကပြဖျော်ဖြေခြင်းများကို ဆောင်ရွက်ကြရာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တန်ဆောင်တိုင် မီးထွန်းပွဲတော်

စာမျက်နှာ ၇ သို့



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများအား နှုတ်ဆက်စဉ်။



ပြိုင်ပွဲဝင်အသင်းအလိုက် မီးပုံးပျံလွှတ်တင် ပူဇော်ယှဉ်ပြိုင်ကြစဉ်။

- **မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်**
- **ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှည်မီးကြိုးနှင့် စိန်နားပန် မီးပုံးပျံကြိုးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင် ဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပသွားမည်**



ပြိုင်ပွဲဝင်အသင်းအလိုက် မီးပုံးပျံလွှတ်တင် ပူဇော်ယှဉ်ပြိုင်ကြစဉ်။



တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်နေမှုကို တွေ့ရစဉ်။

စာမျက်နှာ ၆ မှ

နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြရာ ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေကြသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ညမီးကြိုး မီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများအား ပြိုင်ပွဲဝင်အသင်းများအလိုက် အသီးသီးလွှတ်တင်ပူဇော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြပြီး လာရောက်အားပေးကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ကပြဖျော်ဖြေတင်ဆက်

ထိုကဲ့သို့ မီးပုံးပျံများ လွှတ်တင်ရန်ပြင်ဆင်မှုများ ဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များကလည်း ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေ တင်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏာသိရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်လျက်ရှိပြီး ယခုကျင်းပပြုလုပ်သည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှည့်မီးကြီးနှင့် စိန်နားပန် မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသုံးရွေ့ကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော် အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကပြဖျော်ဖြေတင်ဆက်

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်နေမှုကို တွေ့ရစဉ်။

■ *ရှေ့ဖုံးမှ*

“မြန်မာ့ထောပတ်သီးက ပြည်ပမျိုးနဲ့ ပြည်တွင်းမျိုးဆိုပြီး နှစ်မျိုးရှိတယ်။ ဒေသမျိုးဆိုရင် အမရာအသီးကို ကြိုက်ကြပြီး ပြည်ပမျိုးဆိုရင် ဟတ်စ်အသီးကို နှစ်ခြိုက်ကြတယ်။ အဓိက ဈေးကွက်ရဖို့လိုတာပါ။ တရုတ်နိုင်ငံက ရှမ်းပြည်နယ်က ခြံတွေနဲ့ စက်ရုံတွေကို လာကြည့်ပြီးပါပြီ။ ဒုတိယပိုင်းစာချုပ်မူကြမ်း လက်မှတ်ရေးထိုးတဲ့အပိုင်းလည်း ပြီးသွားပါပြီ။ နောက်ဆုံးအဆင့်ပဲ ကျန်ပါတော့တယ်။ ထိုင်းကိုလည်း တရားဝင် တင်ပို့နိုင်ဖို့ ကြိုးစားနေသလို အိန္ဒိယနိုင်ငံကလည်း မြန်မာ့ထောပတ်သီးကို ကြိုက်နှစ်သက်တဲ့အတွက် တင်ပို့ခွင့်ရပြီဆိုရင် မြန်မာ့ထောပတ်သီး တင်ပို့မှုကနေ နိုင်ငံခြားငွေရရှိလာမှာပါ။ ဈေးကွက်မွင့်သွားပြီဆိုတာနဲ့ ထောပတ်သီးတင်ပို့မှုကနေ တစ်နှစ်ကို အမေရိကန်ဒေါ်လာ သန်း ၁၀၀ အထက်ရရှိနိုင်ပါတယ်”ဟု မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌဦးခွန်ထွန်းထွန်းဝင်းက ပြောသည်။

ရှမ်းပြည်နယ်မှထွက်ရှိသည့် ဒေသမျိုးထောပတ်သီးကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဟောင်ကောင်သို့စတင်တင်ပို့ခဲ့ပြီး ဈေးကွက်ဝင်တင်ပို့နိုင်ရန် ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ အမေရိကန်နိုင်ငံ ကယ်လ်ဖိုးနီးယားမှ မျိုးစိတ်များဖြစ်သည့် ဟတ်စ်ထောပတ်သီးမျိုးစိတ်အပါအဝင် စူတာနိုး၊ ရိစ်၊ လန်းဟတ်စ်၊ ဘောကွန် စသည့်ထောပတ်မျိုးစိတ်ငါးမျိုးကို တရားဝင် တင်သွင်းခဲ့သည်။

ရှမ်းပြည်နယ်တွင် ဈေးကွက်ဝင်ဖြစ်သည့် ဟတ်စ်နှင့် ဘွတ်စ်ဆဲလ်ဗင်းကို အဓိကစိုက်ပျိုးလာပြီး ထောပတ်သီးရာသီထက် ကြိုတင်ထွက်လေ့ရှိသည့် ကျန်ပြည်ပမျိုးစိတ်လေးမျိုးကိုလည်း စိုက်ပျိုးမှုရှိကြောင်း သိရသည်။

ပြည်ပဈေးကွက်သို့ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်ပို့နေသည့် ထောပတ်သီးများသည် အောက်တိုဘာလတွင် ရာသီကုန်ချိန်ရောက်ရှိပြီး မြန်မာ့ထောပတ်သီးများက နိုဝင်ဘာလမှ ဇန်နဝါရီလအထိ ထွက်ရှိကာ အရည်အသွေးကောင်းမွန်မှုကြောင့် ဈေးကွက်ရရှိလာသည်။

ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် အတူ အအေးခန်းစက်ရုံများ၊ ထုပ်ပိုးစက်ရုံများအပါအဝင် စက်ရုံပိုင်းဆိုင်ရာ လိုအပ်လျက်ရှိရာ လုပ်ငန်းရှင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရေတိုအကျိုးအမြတ်ထက် နိုင်ငံ့စီးပွားနှင့် တောင်သူအကျိုးစီးပွားကို အထောက်အကူဖြစ်စေမည့် စက်ရုံပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပေါင်းစပ်ပါဝင်ဆောင်ရွက်မှုဖြင့် အသီးအနှံတင်ပို့မှုမှ ရေရှည်နိုင်ငံခြားဝင်ငွေရရှိမှု ခိုင်မာစေမည်ဖြစ်ကြောင်း ထောပတ်သီး စိုက်ပျိုးတောင်သူများက အကြံပြုကြသည်။

၂၀၂၆ ထောပတ်သီးပွဲတော်ကို တောင်ကြီးမြို့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့် နိုဝင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်တာ ကျင်းပလျက်ရှိပြီး ပွဲတော်တွင် ထောပတ်သီးကို ဖျော်ရည်အဖြစ် သောက်သုံးမှုအပြင် ထောပတ်သီးသုပ်၊ ငါးပိရည်အတို့၊ ထောပတ်သီး ပလာတာ၊ အစပ်သုပ်၊ အဆိမ့်သုပ်အပါအဝင် အခြားနည်းလမ်းများဖြင့် အရောင်းမြှင့်တင် ပြသလျက်ရှိကြောင်း သိရသည်။

သစ္စာ(MNA)၊ ဓာတ်ပုံ - ခွဲမာန်

❖ *ရှေ့ဖုံးမှ*

ဖျော်ဖြေရေးအစီအစဉ်များကို ယနေ့တွင် ပထမနေ့အဖြစ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်မြောက်ဘက် ဝတ္ထုကံမြေပေါ်ရှိ သတ်မှတ်နေရာများ၌ စတင်ကျင်းပလျက်ရှိရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ ပါဝင်ဆင်နွှဲကြသဖြင့် ကြက်ပျံမကျ စည်ကားလျက်ရှိသည်။

အထူးစည်ကားလျက်ရှိ

တန်ဆောင်တိုင်ဈေးရောင်းပွဲတော်သို့ လာရောက်လည်ပတ်ကြသည့် ဘုရားဖူးပြည်သူများ ဒေသထွက်လက်ဆောင်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ လေ့လာဝယ်ယူနိုင်ရန်နှင့် အစားအသောက် အဆင်ပြေစေရန်အတွက် ဒေသအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများ၊ ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ၊ One Region One Product (OROP) ထုတ်ကုန်ပစ္စည်းပြခန်းများ၊ နေပြည်တော်ကောင်စီနယ်မြေမှ MSME စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ အိမ်ဝင်းလက်မှုအနုပညာအရောင်းပြခန်း၊ ရိုးရာအဝတ်အထည်များ၊ တိုင်းရင်းသားရိုးရာအစားအစာများနှင့် မြန်မာ့ရိုးရာအစားအစာအရောင်းဆိုင်များ စသည်ဖြင့် ဈေးဆိုင်ခန်းပေါင်း ၅၂၀ ဖွင့်လှစ်၍ စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ လေ့လာကြည့်ရှုဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

စိတ်အားထက်သန်စွာရှင်းလင်းပြသ

ထိုသို့ စိတ်ဝင်တစားလာရောက်ဝယ်ယူကြသည့် ပြည်သူများကို သက်ဆိုင်ရာပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ဒေသထွက်အစားအသောက်များ၊ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာဝတ်စုံများနှင့် MSME ထုတ်ကုန်များအကြောင်းကို စိတ်အားထက်သန်စွာ ရှင်းလင်းပြသပေးကြသည်ကိုလည်း တွေ့ရသည်။

ထို့အတူ ပွဲတော်လာဘုရားဖူးပြည်သူများကို မြန်မာ့ဓာတ်သဘင်အနုပညာကို ခံစားကြည့်ရှုနိုင်စေရန်အတွက် အခမဲ့အဖြစ် သူရဝင်းထွဋ်ဓာတ်သဘင်ကို ဖျော်ဖြေရေးအစီအစဉ်တွင် ထည့်သွင်းခဲ့ပြီး ယနေ့ ညဓာတ်သဘင်ဖျော်ဖြေတင်ဆက်မှုတွင် ဇာတ်မင်းသား သူရဝင်းထွဋ်ဓာတ်သဘင်အဖွဲ့က ခေတ်မီသည့် စင်မြင့် အပြင်အဆင်များ၊ အသံစနစ်များ၊ ခေတ်မီနည်းပညာရပ်များ၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်း တူရိယာများ၏ မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်မှုများနှင့် တွဲဖက်၍ သဘင်ပညာရှင်များ၏ စည်းလုံးညီညွတ်မှုကို အဓိကထား၍ လက်၊ ခြေ၊ ခေါင်း၊ ခါး အတိမ်းအစောင်းညီညွတ်မှုဖြင့် ကရသည့် ယိမ်းအက၊ လူရွင်တော်အကအဖွဲ့၏ “ရွှေဝိုးတွေရွာ” ဟာသကပွဲ၊ နားပန်းဆံကပွဲ၊ အဆို၊ အိုင်၊ အပြောများဖြင့် ဇာတ်၏ အနှစ်သာရကို ရုပ်လုံးပေါ်အောင် တင်ဆက်ရသည့် “နံကရိုင်း မယ်တော်”အော်ပရာ၊ ပရိသတ်အကြိုက် ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသည့် စတိတ်ရှိုးအစီအစဉ်၊ ဇာတ်မင်းသား သူရဝင်းထွဋ်၏ အဆို၊ အပြော၊ အက ပညာရပ်များဖြင့် အနုပညာစွမ်းရည်များကို ဂုဏ်ယူအားရဖွယ်တင်ဆက်မည့် “တိမ်ကြားပွားတဲ့သား” နှစ်ပါးသွားအစီအစဉ်၊ လူရွင်တော်များက စိတ်နှလုံးပျော်ရွှင်ဖွယ် ဟာသပြက်လုံးများနှင့် ဟာသတစ်ခန်းရပ်များကို ဌာန်ကရိဏီးကျကျ၊ စည်းဝါးကျကျ သီဆိုကပြဖျော်ဖြေတင်ဆက်မှုများသည် အနုသုခမသဘင်အားချစ်မြတ်နိုးစွာ စိတ်ဝင်တစား လာရောက်အားပေးကြည့်ရှုကြသည့် ပြည်သူများအတွက် ဖရဏာပိတိဂမ်းဆီထိသည့် ပမာဖြစ်ခဲ့ရသည်။

အလှည့်ကျဖျော်ဖြေသီဆိုပေး

ယနေ့ တန်ဆောင်တိုင်ပွဲတော်လာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ စိတ်အပန်းပြေစေရန် အခမဲ့ ခေတ်ပေါ်တေးဂီတ(စတိတ်ရှိုး) ဖျော်ဖြေရေးအစီအစဉ်အဖြစ် သဒ္ဒါနန်းထိုက်၊ မေသက်ထားဆွေ၊ ဝေလာရီ၊ မေလသံစဉ်၊ ဖိုးသောကြာတို့အပါအဝင် နိုင်ငံကျော်တေးသံရှင်များက DJ များနှင့် Daily Gita Band တို့၏ တီးခတ်မှုနှင့်အတူ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် အလှည့်ကျဖျော်ဖြေသီဆိုပေးကြရာ ပျော်ရွှင်တက်ကြွစွာ လာရောက်နားဆင်ခံစားကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ကြိတ်ကြိတ်တိုးစည်ကား

အလားတူ ဘုရားဖူးလာကလေးငယ်များအတွက် အစီအစဉ်ကောင်းတစ်ခုအဖြစ် ထည့်သွင်းထားသည့် ကလေးကစားကွင်းများ၌လည်း ကလေးစီးရထား ဝိုင်းနှင့် ချူးဝိုင်း၊ ကလေးစီးလှုပ်စိန့် ကလေးစီးဒုံး၊ ပျော့အိ၊ ကလေးစီးကားစသည့် ကလေးကစားနည်းများ စုံစုံလင်လင်ထည့်သွင်းထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များ၏ ချစ်စဖွယ်ပုံရိပ်များကိုလည်း တွေ့မြင်ရပြီး ရဟတ်၊ ပင်လယ်ဓားပြလှေနှင့် ပျော်ရွှင်ဖွယ်ရာ Game အစီအစဉ်များတွင် ပါဝင်ဆင်နွှဲကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားခဲ့သည်။

လာရောက်ဆင်နွှဲနိုင်

အဆိုပါ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်၊ ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို နိုဝင်ဘာ ၂၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့် အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီးကို ဆင်နွှဲကုသိုလ်ယူရင်း ဈေးရောင်းပွဲတော်ကြီးနှင့် ဖျော်ဖြေရေးအစီအစဉ်များသို့လည်း စိတ်ချမ်းမြေ့ဖျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။

သတင်း-ဟိန်းမင်းစိုး/ကျော်စွာဝင်း
ဓာတ်ပုံ-အေးအောင်



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



ပွဲတော်လာပြည်သူများက ဇာတ်မင်းသား သူရဝင်းထွဋ် ဇာတ်သဘင်အဖွဲ့၏ ဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေရေးအစီအစဉ်များသို့ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

ပုသိမ်မြို့၌ တန်ဆောင်တိုင်ပွဲတော်အထိမ်းအမှတ် MSME ပြပွဲ၊ ဈေးရောင်းပွဲနှင့် တေးဂီတဖျော်ဖြေပွဲ ကျင်းပ



ပုသိမ် နိုဝင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ တန်ဆောင်တိုင်ပွဲတော်အထိမ်းအမှတ် MSME ပြပွဲ၊ ဈေးရောင်းပွဲနှင့် တေးဂီတဖျော်ဖြေပွဲ ဖွင့်ပွဲကို ယနေ့ ညနေပိုင်းက ပုသိမ်မြို့ရှိ မြို့တော်ခန်းမ ရှုခင်းသာရင်ပြင်ရှေ့၌ ကျင်းပသည်။

MSME ပြပွဲ၊ ဈေးရောင်းပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က တာဝန်ရှိသူများနှင့်အတူ ဖွင့်လှစ်ပေးပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ခရိုင် ရှစ်ခရိုင်၊ မြို့နယ် ၂၆ မြို့နယ်မှ အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန်ပြခန်းများနှင့် ဈေးဆိုင်ခန်းများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တေးဂီတဖျော်ဖြေပွဲကို ပြည်သူများနှင့်အတူ ကြည့်ရှုအားပေးပြီး ဖျော်ဖြေရေးအဖွဲ့များအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ရက်များအတွင်း နိဗ္ဗာန်ဈေးပွဲတော်၊ ဆီမီးမျှောပွဲတို့ကိုလည်း စည်ကားသိုက်မြိုက်စွာ ထည့်သွင်း ကျင်းပမည်ဖြစ်သည်။

ထို့ပြင် ပွဲတော်ရက်များအတွင်း နိုင်ငံကျော်တေးသံရှင်များက ညစဉ် ၇ နာရီတွင် ပရိသတ် အကြိုက် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အယ်လ်နီညိုကာလအတွင်း တိရစ္ဆာန်အစာ ဖူလုံစေရေး ကြိုတင်စုဆောင်း



နေပြည်တော် နိုဝင်ဘာ ၂၂

ဇမ္ဗူသီရိမြို့နယ်တဲကြီးကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၅၉)ရှိ တောင်သူ ဦးမြဟန်၏ မိုးစပါးရိတ်သိမ်းပြီးသည့် လယ်ယာမြေ၌ ကောက်ရိုးထုံးခြင်း တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ယမန်နေ့က ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်း တက်ရောက်အားပေးသည်။

တောင်သူပညာပေး ကွင်းသရုပ်ပြပွဲတွင် ဒုတိယဝန်ကြီးက တာဝန်ရှိသူများနှင့်အတူ တောင်သူများကို အယ်လ်နီညိုကာလအတွင်း တိရစ္ဆာန်အစာ ဖူလုံစေရေး ကြိုတင်စုဆောင်းရန် ကောက်ရိုးစု ကိရိယာဖြင့် ကောက်ရိုးစုခြင်း၊ ကောင်ရိုးထုံး ကိရိယာဖြင့် ကောက်ရိုးထုံးခြင်း၊ ကောက်ရိုး အလွတ်ကောက်ယူ စက်ဖြင့် ကောက်ရိုးထုံးခြင်းလုပ်ငန်းစဉ်ကို ရှင်းလင်းပြသကြသည်။

ထို့အတူ လယ်ဝေးမြို့နယ် မှန်တောကျေးရွာ ကွင်းအမှတ် (၁၈၁၁)ရှိ တောင်သူဦးကြည်သိန်း လယ်မြေတွင် မိုးစပါးရိတ်သိမ်းပြီး ကောက်ရိုးများအား အယ်လ်နီညိုကာလအတွင်း တိရစ္ဆာန်အစာ ကြိုတင်စုဆောင်းရန် အတွက် နမူနာပြုလုပ်ထားသည့် ကောက်ရိုးထုံးဆောင်ရွက်ထားရှိမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒကို့ဏသီရိမြို့နယ် ညောင်ကုန်းကျေးရွာ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်း (SMU)ခန်းမနှင့် လယ်ဝေးမြို့နယ် ရန်ကင်းကျေးရွာရှိ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း (SMU) ခန်းမများ၌ မွေးမြူသူတောင်သူများနှင့် တွေ့ဆုံပြီး အယ်လ်နီညိုကာလတွင် တိရစ္ဆာန်အစာနှင့်ရေများ ကြိုတင်စုဆောင်းထားရှိရေး၊ ကူးစက်ရောဂါများကာကွယ်ရေး၊ အပူဒဏ်ကာကွယ်ရေးအတွက် ကြိုတင်စီမံထားရှိရန်၊ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန်၊ ဒေသတွင်းအသားကဏ္ဍဖူလုံရေးအတွက် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားပြီး မွေးမြူရေး တောင်သူများ၏ မေးမြန်းမှုများအပေါ် ဆွေးနွေးဖြေကြားသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် ရှားတောကျေးရွာရှိ တောင်သူ ဦးသောင်းကြည်၏ နို့စားနွား မွေးမြူရေးလုပ်ငန်းကို ကြည့်ရှုအားပေးပြီး ပျဉ်းမနားမြို့နယ် သနပ်ပင်ဆိပ်ကျေးရွာရှိ မွေးမြူသူ တောင်သူများနှင့် သွားရောက် တွေ့ဆုံဆွေးနွေးကာ မွေးမြူရေး လုပ်ငန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲ မီးပုံးပျံစံချိန်တင်အများဆုံးနှင့် ပြိုင်ဆိုင်မှုမြင့်မား



တောင်ကြီး နိုဝင်ဘာ ၂၂

အအေးဓာတ်မပြတ်လွှမ်းခြုံနေသည့် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည့် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို အဝေရာမီးပုံးပျံကွင်း၌ ယနေ့ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။

ယခုနှစ်ပြိုင်ပွဲသည် တန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲတစ်လျှောက် စံချိန်တင်မီးပုံးပျံအများဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ပြီး ပြိုင်ဆိုင်မှုအားကောင်းခြင်းကြောင့် ပြည်တွင်း/ပြည်ပခရီးသွားများ အထူးစိတ်ဝင်တစားလာရောက်ကြည့်ရှုအားပေးခဲ့ကြရာ ပွဲခင်းတစ်လျှောက် ကြက်ပျံမကျ စည်ကားလျက်ရှိသည်။

"ဒီနှစ်မီးပုံးပျံပြိုင်ပွဲဟာ တောင်ကြီးမှာကျင်းပတဲ့ မီးပုံးပျံပြိုင်ပွဲတစ်လျှောက် အလုံးရေအများဆုံးနဲ့ ပြိုင်ဆိုင်မှု အားကောင်းတဲ့နှစ်လို့ ပြောရမှာပါ။ ကျွန်တော့်သက်တမ်းတစ်လျှောက်မှာ ပရိသတ်အများဆုံးနဲ့ မီးပုံးပျံအများဆုံး ယှဉ်ပြိုင်တဲ့ပြိုင်ပွဲဖြစ်တဲ့အတွက် အမှတ်ပေးဒိုင်တွေက သတိမပြတ်စောင့်ကြည့်ရတဲ့ပွဲပါ။ ပြိုင်ပွဲဝင်တဲ့ မီးပုံးပျံတွေဟာ တီထွင်ဆန်းသစ်မှု၊ ပန်းချီပညာနဲ့ အရုပ်ပုံစံတွေ စုံလာတယ်။ ဒီနှစ်မှာ ကြက်ဖအရုပ်ဆိုရင် အရောင်နဲ့ပုံသဏ္ဌာန် ထူးခြားလှပအောင် ယှဉ်ပြိုင်ကြပြီး အခြားအရုပ်တွေလည်း ခြယ်သမှုကောင်းမွန်လာတာတွေ့ရပါတယ်။ စိန်နားပန်ဆိုရင်လည်း တိုးတက်လာတယ်။ ညမီးကြီးဆိုရင် ပန်းချီရေးဆွဲမှုအားကောင်းလာပြီး ယမ်းသုံးစွဲမှုအတတ်ပညာလည်း တိုးတက်လာတာတွေ့ရပါတယ်။ ဒီနှစ်ဟာ နေ့လွှတ်အရုပ်နဲ့ ညလွှတ်မီးပုံးပျံ စံချိန်တင်အများဆုံးပါပဲ"ဟု မီးပုံးပျံပညာရှင်အသင်း နာယကဖြစ်သူ အသက်(၇၈)နှစ်ရှိ အဘဦးတင်ဝင်း(ပန်းချီ)က ပြောသည်။

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲဖွင့်ပွဲနေ့ဖြစ်သည့် နိုဝင်ဘာ ၁၆ ရက်မှစ၍ အဝေရာမီးပုံးပျံကွင်းအတွင်း နေ့စဉ်ပရိသတ်များ ရှေ့တိုးနောက်ဆုတ်၍မရသည်အထိ စည်ကားများပြားလျက်ရှိပြီး နိုဝင်ဘာ ၂၅ ရက် တန်ဆောင်မုန်းလပြည့်ကျော်(၁) ရက်နေ့၌ ပိတ်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင် ညမီးကြီး ၇၁ လုံး၊ စိန်နားပန် ၄၁ လုံး စုစုပေါင်း ညလွှတ်မီးပုံးပျံ ၁၁၂ လုံးဖြင့်လည်းကောင်း၊ နေ့လွှတ်ခြေနှစ်ချောင်း ၂၃၆ လုံး၊ ခြေလေးချောင်း ၁၃၈ လုံး၊ အရုပ်အုပ်စု ၇၅ လုံး စုစုပေါင်း နေ့လွှတ်အရုပ်မီးပုံးပျံ ၄၄၉ လုံးဖြင့်လည်းကောင်း မီးပုံးပျံ ၅၆၁ လုံး လွှတ်တင်ယှဉ်ပြိုင်လျက်ရှိသည်။

မီးပုံးပျံပွဲတော်ကို တောင်ကြီးမြို့က စတင်ခဲ့ခြင်းဖြစ်ရာ ၂၀၂၆ ခုနှစ် သီတင်းကျွတ်ပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်တို့တွင် တောင်ကြီးမြို့မှ မီးပုံးပျံပညာရှင်များကို နေပြည်တော်၊ မကွေး၊ ပဲခူး၊ ပြင်ဦးလွင်၊ ဟိုပုံး၊ အောင်ပန်းမြို့တို့က ခေါ်ယူ၍ မီးပုံးပျံများကို တည်ဆောက်လွှတ်တင်လျက်ရှိသည်။ တောင်ကြီး တန်ဆောင်တိုင်ပွဲတော် ပိတ်ပွဲပြီးသည်နှင့် ဟိုပုံးနှင့် အောင်ပန်းမြို့တို့၌ တန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

ယနေ့နေ့လွှတ် မီးပုံးပျံပြိုင်ပွဲတွင် ခြေနှစ်ချောင်း အရုပ်များဖြစ်သည့် ကတ္တဝါ၊ ကြက်တူရွေး၊ ၄က်ကြီး ဝန်ပို၊ ဇီးကွက်၊ စင်ရော်၊ အောက်ချင်း၊ ချိုးဖြူ၊ ကြက်ဖ၊ ဘဲ စသည့်အရုပ်များနှင့် ခြေလေးချောင်း အရုပ်များဖြစ်သည့် သိုး၊ မြင်း၊ သမင်၊ ဝက်ဝံ၊ မျောက်ဝံ၊ ဆင်၊ ဝက်၊ ဖျံ၊ ပန်ဒါ စသည့် အရုပ်မီးပုံးပျံ ၄၅ လုံး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ညလွှတ် စိန်နားပန်မီးပုံးပျံပြိုင်ပွဲတွင် ABC Men Wear၊ Shan United၊ Lucky၊ မုံတဝတောင်ရိုး၊ KBZ Bank တို့နှင့် ညမီးကြီးပြိုင်ပွဲ၌ Shan United၊ လွှိုင်လင်မီး၊ ရတနာတောင်ရိုး၊ စက္ကာ၊ ပွဲစားအို၊ လူချော၊ အိုဇုန်း၊ 81 နဂါးပျံ၊ ပေတူး၊ KBZ Bank နှင့် အားသစ် တို့ ပါဝင်ယှဉ်ပြိုင် ခဲ့ကြသည်။

ကိုထွေး၊ သစ္စာ၊ ဓာတ်ပုံ-ဇွဲမာန်

လုပ်ငန်းခွင်မတော်တဆမှုကြောင့် သေဆုံးခဲ့သည့် မြန်မာအလုပ်သမား၏ မိခင်ထံသို့ ကရုဏာကြေးများပေးအပ်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့

ဘန်ကောက် နိုဝင်ဘာ ၂၂

လုပ်ငန်းခွင်မတော်တဆမှုကြောင့် သေဆုံးခဲ့သည့် မြန်မာအလုပ်သမား၏ မိခင်ထံသို့ ကရုဏာကြေး ဘတ်နှစ်သိန်း ပေးအပ်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း အလုပ်သမားသံအရာရှိရုံးမှ သိရသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ အောက်တိုဘာ ၁ ရက်တွင် မတော်တဆမြေပြိုမှုကြောင့် မြန်မာအလုပ်သမား ကိုငြိမ်းချမ်း သေဆုံးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ထိုဖြစ်စဉ်အတွက် ရသင့်ရထိုက်သည့် နစ်နာကြေးနှင့် အကျိုးခံစားခွင့်များရရှိစေရန် အလုပ်သမားသံအရာရှိရုံးက လိုက်ပါကူညီဆောင်ရွက်ပေးရာတွင် ကုမ္ပဏီမှ ကျန်ရစ်သူမိသားစုထံ ကရုဏာကြေးပေးအပ်နိုင်ရန် မြန်မာနိုင်ငံရှိ မိခင်ဖြစ်သူ ဒေါ်ကြည်မြင့် မဲဆောက်မြို့သို့ ဝင်ရောက်နိုင်ရေးအတွက် အလုပ်သမားသံအရာရှိရုံးက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၂၀ ရက်တွင် မဲဆောက်မြို့မရဲစခန်း၌ အလုပ်ရှင်ကုမ္ပဏီ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းကာ ကရုဏာကြေး ထိုင်းဘတ်ငွေ ၂၀၀၀၀၀ (ဘတ်နှစ်သိန်းတိတိ)အား မိခင်ဖြစ်သူထံ စနစ်တကျလွှဲပြောင်း ပေးအပ်ခဲ့သည်။ ထို့အပြင် သေဆုံးသူသည် လူမှုဖူလုံရေးအာမခံ ထည့်ဝင်ထားသူဖြစ်သည့်အတွက် ဥပဒေနှင့်အညီ ထပ်မံရရှိမည့် လူမှုဖူလုံရေးအာမခံ အကျိုးခံစားခွင့်များကိုလည်း ကျန်ရစ်သူမိသားစုအပြည့်အဝရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အလုပ်သမားသံအရာရှိရုံးမှ အသိပေးထုတ်ပြန်ထားသည်။ **TWA**

ရေရှည်တည်တံ့သော ငါး၊ ပုစွန်မွေးမြူရေးကဏ္ဍာ ဖွံ့ဖြိုးတိုးတက်စေဖို့ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေး ကျင့်စဉ်များအတိုင်း ဆောင်ရွက်စို့ ...

ငါးမလေးများ
(ငါးလုပ်ငန်းဦးစီးဌာန)

ငါးနှင့် ရေထွက်ပစ္စည်းများသည် လူသားတို့အတွက် အာဟာရပြည့်ဝသော အစားအစာများ ပံ့ပိုးပေးနိုင်သည့်အပြင် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှု၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ စားသုံးသူများ၏ အစားအစာဘေးကင်းလုံခြုံမှုအပေါ် အလေးထားမှုမြင့်တက်လာခြင်းကြောင့် နိုင်ငံတကာ ဈေးကွက်များတွင် ရေထွက်ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ထုတ်လုပ်မှုဆိုင်ရာစံချိန်စံညွှန်းများသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လာခြင်းကြောင့် ငါးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ရန် အထူး လိုအပ်လာပါသည်။

ငါးမွေးမြူရေးအား စနစ်တကျစီမံခန့်ခွဲခြင်း ဆိုသည်မှာ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေး ကျင့်စဉ်များ (Good Aquaculture Practices–GAqP) ကို မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသူများမှ လက်တွေ့ကျကျ လိုက်နာကျင့်သုံးခြင်းပင်ဖြစ်ပါသည်။

ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် ဆိုသည်မှာ ငါး၊ ပုစွန်နှင့် အခြားရေနေ သတ္တဝါများအား မွေးမြူထုတ်လုပ်ရာတွင် လိုက်နာဆောင်ရွက်သင့်သော ကောင်းမွန်သည့် မွေးမြူရေးစီမံခန့်ခွဲမှု ကျင့်စဉ်များကို ဆိုလိုခြင်းဖြစ်ပါသည်။ ယင်းတွင် သင့်လျော်သော မွေးမြူရေးကန်တည်နေရာရွေးချယ်ခြင်း၊ ရေသုံးစွဲမှုနှင့် ရေအရည်အသွေးအား စီမံခန့်ခွဲခြင်း၊ မွေးမြူသည့်ဒေသ၊ မွေးမြူသည့်နည်းစနစ်နှင့် ကိုက်ညီသည့် မျိုးနှင့်သားလောင်းများအား ရွေးချယ်ခြင်း၊ စနစ်တကျအစာကျွေးခြင်းနှင့် စီမံခန့်ခွဲခြင်း၊ မွေးမြူထားသည့်ရေသတ္တဝါများ ရောဂါမဖြစ်စေရန်ကြိုတင်ကာကွယ် ထိန်းချုပ်ခြင်း၊ မွေးမြူရေးကန်တွင်သုံးစွဲသည့် ဓာတုပစ္စည်းများ၊ ပဋိဇီဝဆေးများအား တာဝန်ယူမှုရှိစွာအသုံးပြုခြင်း၊ စွန့်ပစ်ရေအား သဘာဝပတ်ဝန်းကျင် မထိခိုက်စေရန် စီမံခန့်ခွဲခြင်းနှင့် ထုတ်ကုန်များအား ဘေးဥပဒ်ကင်းစွာ ဖမ်းဆီးကိုင်တွယ်ခြင်း စသည့် လုပ်ငန်းစဉ်များ ပါဝင်ပါသည်။

ASEAN GAqP လမ်းညွှန်ချက်များတွင် အဓိကကျသော ကဏ္ဍကြီးလေးရပ်ကို အလေးထားဖော်ပြထားပါသည်–

(၁) အစားအစာဘေးဥပဒ်ကင်းရှင်းမှု၊
(၂) ရေနေသတ္တဝါကျန်းမာရေးနှင့် သက်သောင့်သက်သာနေထိုင်ရှင်သန်ရေး၊
(၃) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
(၄) လူမှုစီးပွားဆိုင်ရာတာဝန်ယူမှုတို့ ဖြစ်ပါသည်။

မွေးမြူရေးလုပ်ငန်းအဆင့်ဆင့်တွင် သင့်လျော်သော စီမံခန့်ခွဲမှုနည်းလမ်းများကိုအသုံးပြု၍ ထုတ်လုပ်မှုအရည်အသွေး၊ အစားအစာဘေးဥပဒ်ကင်းမှု၊ ရေနေသတ္တဝါ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်သည့် ကျင့်စဉ်များ ဖြစ်ပါသည်။

အစားအစာဘေးဥပဒ်ကင်းရှင်းမှု

ငါးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသော ထုတ်ကုန်များသည် စားသုံးသူများအတွက် ဘေးဥပဒ်ကင်းစင်၍ သင့်လျော်သောအရည်အသွေးရှိရန် လိုအပ်ပါသည်။ ထိုသို့ဖြစ်စေရန် မွေးမြူရေးကန်တည်နေရာနှင့်ရေအရင်းအမြစ်များကို သင့်လျော်စွာ ရွေးချယ်ခြင်း၊ အစာနှင့် မွေးမြူရေးသုံးပစ္စည်းများ၏ အရည်အသွေးကိုစစ်ဆေးခြင်း၊ ခွင့်ပြုထားသည့် စည်းမျဉ်းများနှင့်အညီ ဆေးဝါးနှင့်ဓာတုပစ္စည်းများကိုအသုံးပြုခြင်းတို့သည် အရေးကြီးသောကဏ္ဍများ ဖြစ်ပါသည်။

မွေးမြူရေးထုတ်ကုန်များတွင် ဇီဝဆိုင်ရာ၊ ဓာတုဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်များ မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ထိန်းချုပ်ရမည် ဖြစ်ပါသည်။ ဖမ်းဆီးချိန်တွင် သန့်ရှင်းမှုကို ထိန်းသိမ်းခြင်း၊ ထုတ်ကုန်များကိုသင့်လျော်သော အပူချိန်တွင် ကိုင်တွယ်သိုလှောင်ခြင်းနှင့် ထုတ်လုပ်မှုဆိုင်ရာမှတ်တမ်းများ ထိန်းသိမ်းခြင်းတို့သည် လည်း ထုတ်ကုန်အရည်အသွေးကို ကာကွယ်ပေးနိုင်ပါသည်။ ပြည်ပဈေးကွက်သို့တင်ပို့မည့် မွေးမြူရေးငါး၊ ပုစွန် ထုတ်ကုန်များအတွက် ထုတ်လုပ်မှုအဆင့်မှစ၍ နောက်ဆုံး စားသုံးသူလက်သို့ ရောက်သည်အထိ ဘေးဥပဒ်ကင်း၍ စနစ်တကျထိန်းချုပ်ထားခြင်းသည် ဈေးကွက်ဝင်ရောက်နိုင်မှုနှင့် ကုန်သွယ်မှုယုံကြည်စိတ်ချရမှုတို့အတွက် အလွန်အရေးကြီးပါသည်။

ရေနေသတ္တဝါကျန်းမာရေးနှင့် သက်သောင့်သက်သာ နေထိုင်ရှင်သန်ရေး

ရေနေသတ္တဝါများ၏ ကျန်းမာရေးကောင်းမွန်မှုသည် ငါးမွေးမြူရေးလုပ်ငန်း၏ အောင်မြင်မှုနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ ရောဂါဖြစ်ပွားပြီးမှ ကုသထိန်းချုပ်ခြင်းထက် ရောဂါဖြစ်ပွားနိုင်ခြေအား ကြိုတင်လျှော့ချခြင်းသည် ပိုမိုထိရောက်သော နည်းလမ်းဖြစ်ပါသည်။ ကျန်းမာသော မျိုးငါးနှင့် သားလောင်းများရွေးချယ်ခြင်း၊ ရေအရည်အသွေးကို ပုံမှန်စောင့်ကြည့်ခြင်း၊ မွေးမြူရေးကန်အတွင်း လူ၊ ယာဉ်၊ ပစ္စည်းနှင့် ရေသတ္တဝါများဝင်ထွက်မှုကို သင့်လျော်စွာထိန်းချုပ်ခြင်း၊ အသုံးပြုသည့် ကိရိယာများကို သန့်ရှင်းစွာထားရှိခြင်းနှင့် ရေသတ္တဝါများအား ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

ရေနေသတ္တဝါများတွင် အစာစားနှုန်းကျဆင်းခြင်း၊ ပုံမှန်မဟုတ်သော ကူးခပ်လှုပ်ရှားမှုများ ဖြစ်ပေါ်ခြင်း၊ အရောင်အဆင်းပြောင်းလဲခြင်းနှင့် သေဆုံးမှုများတိုးလာခြင်းတို့သည် သတိပြုစောင့်ကြည့်သင့်သော လက္ခဏာများဖြစ်ပါသည်။ ယင်းလက္ခဏာများကို တွေ့ရှိပါက မွေးမြူရေးကန်၏ မှတ်တမ်းများ၊ ရေအရည်အသွေးအခြေအနေ၊ သေဆုံးမှုဖြစ်စဉ်နှင့် လိုအပ်သည့် ဓာတ်ခွဲစမ်းသပ်မှုရလဒ်များကို ပေါင်းစပ်သုံးသပ်ရန်လိုအပ်ပါသည်။

ရောဂါဖြစ်ပွားမှုကို ထိရောက်စွာထိန်းချုပ်နိုင်ရန် မွေးမြူရေးကန်များ၊ ကွင်းဆင်းတာဝန်ရှိသူများနှင့် ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများအကြား ပူးပေါင်းဆောင်ရွက်မှုသည်လည်း အရေးကြီးပါသည်။ ဓာတ်ခွဲခန်းမှ ရောဂါပိုးတွေ့ရှိကြောင်း အတည်ပြုပါက ထိုရလဒ်အပေါ်မူတည်၍ မွေးမြူရေးကန်၏ ဇီဝလုံခြုံရေးအခြေအနေကို ပြန်လည်သုံးသပ်ခြင်း၊ ရောဂါဖြစ်ပွားနိုင်သည့် အရင်းအမြစ်များကို စုံစမ်းခြင်းနှင့် သင့်လျော်သော နောက်ဆက်တွဲ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ထည့်သွင်းမွေးမြူသည့် မျိုးစိတ်အပေါ်မူတည်၍ သတ်မှတ်ထားသည့်နှုန်းထားအလိုက် မွေးမြူကြရန် လိုအပ်ပါသည်။ မိမိအတွက်ထုတ်လုပ်မှုတိုးတက်လိုသည့် စိတ်တစ်ခုတည်းဖြင့် သင့်လျော်သည့် ပမာဏထက်ကျော်လွန်အောင် ထည့်သွင်းမွေးမြူပါက မွေးမြူထားသော ရေနေသတ္တဝါများအတွက် နေထိုင်ရှင်သန်ရန် ကျပ်တည်းသဖြင့် ကြီးထွားနှုန်း စဉ်းစားခြင်း၊ ရေအဝင် အထွက်စနစ်ကို စနစ်တကျတည်ဆောက်ခြင်း၊ စွန့်ပစ်ရေများအား သဘာဝပတ်ဝန်းကျင်သို့ မစွန့်ထုတ်မီ သန့်စင်ရန် စီမံခြင်းနှင့် အစာအကြွင်းအကျန်များလျော့ချခြင်းတို့ကို ဆောင်ရွက်ကြရပါမည် ဖြစ်ပါသည်။

သဘာဝရေနေသတ္တဝါများနှင့်ဂေဟစနစ်များအပေါ် သက်ရောက်မှုများကိုလျော့ချရန်၊ သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသော မွေးမြူရေးနည်းလမ်းများကို ရွေးချယ်အသုံးပြုပြီး ပတ်ဝန်းကျင်ကို ကာကွယ်ခြင်းသည် မွေးမြူရေးလုပ်ငန်းအတွက် ရေရှည်ထုတ်လုပ်နိုင်မှုကို ထိန်းသိမ်းပေးခြင်း ဖြစ်ပါသည်။

လူမှုစီးပွားဆိုင်ရာ တာဝန်ယူမှု

ငါးမွေးမြူရေးလုပ်ငန်းများသည် ထုတ်လုပ်မှုပမာဏနှင့် အမြတ်အစွန်းကိုသာ ဦးစားပေးခြင်း မဟုတ်ဘဲ လုပ်သားများ၏ ဘေးကင်းလုံခြုံမှု၊ သင့်လျော်သော အလုပ်အကိုင်များရရှိမှု၊ လုပ်ငန်းခွင်အတွင်း တာဝန်ခွဲဝေမှုနှင့် လူမှုအသိုက်အဝန်းအပေါ် သက်ရောက်မှုတို့ကိုပါ ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ လုပ်ငန်းခွင်တွင်လုပ်သားများအတွက် သင့်လျော်သော ဘေးကင်းရေးအစီအမံများထားရှိခြင်း(ဥပမာ– ရေးဦးသူနာပြုဆေးအိတ်၊ မီးသတ်ဆေးဘူးများ) မွေးမြူရေးနည်းပညာနှင့် အသိပညာများပေးအပ်ခြင်း (ဥပမာ–မွေးမြူရေးဆိုင်ရာ နည်းပညာများ၊ ရောဂါဆိုင်ရာနည်းပညာများ၊ ရေအရည်အသွေးဆိုင်ရာနည်းပညာများ) မှတ်တမ်းသိမ်းဆည်းခြင်းနှင့်တာဝန်ယူမှုရှိသော စီမံခန့်ခွဲမှုကိုကျင့်သုံးခြင်းတို့သည် ရေရှည်တည်တံ့သော လုပ်ငန်းဖွံ့ဖြိုးမှုကို အထောက်အကူပြုပါသည်။

GAqP စနစ်အား လက်တွေ့ကျင့်သုံးရာတွင် မွေးမြူရေးလုပ်ငန်းရှင်များ၊ ဆက်စပ်သည့် သက်ဆိုင်ရာဌာနများ၊ နည်းပညာပံ့ပိုးပေးသူများ၊ ဓာတ်ခွဲခန်းများ၊ သွင်းအားစုများနှင့် မွေးမြူရေးလုပ်သားများအကြား ပူးပေါင်းဆောင်ရွက်မှုသည် အထူးလိုအပ်ပါသည်။

ရေအရည်အသွေးနှင့် မွေးမြူရေးမှတ်တမ်းများ၏ အရေးပါမှု

GAqP စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ရန် သိအိုရီဆိုင်ရာ အသိပညာရှိရုံသာမက လက်တွေ့အသုံးချနိုင်သည့် ကျွမ်းကျင်မှုများလည်း လိုအပ်ပါသည်။ ဥပမာအားဖြင့် ရေအရည်အသွေးများဖြစ်သော ရေ၏ချဉ်ဖန်နှုန်း၊ ရေတွင်ပျော်ဝင်အောက်ဆီဂျင်၊ အပူချိန်၊ အင်နန်နှုန်းနှင့် နိုက်ထရိုဂျင်၊ နိုက်ထရိုက်၊ အမိုးနီးယားကဲ့သို့သော ရေအရည်အသွေးဆိုင်ရာ အချက်များကို စောင့်ကြည့်ခြင်းဖြင့် ရေသတ္တဝါများအတွက် သင့်လျော်သောပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန် အထောက်အကူပြုပါသည်။ တိုင်းတာရရှိသောရလဒ်များသည် မွေးမြူထားသောမျိုးစိတ်၊ အသက်အရွယ်၊ မွေးမြူရေးစနစ်နှင့် အခြားပတ်ဝန်းကျင်အခြေအနေများနှင့် ပေါင်းစပ်သုံးသပ်ရမည် ဖြစ်ပါသည်။

သားပေါက်ထည့်သွင်းသည့်ရက်၊ အစာကျွေးမှု၊ ရေအရည်အသွေးစစ်ဆေးမှု၊ ရောဂါလက္ခဏာများ၊ သေဆုံးမှုနှင့်အသုံးပြုခဲ့သော ဆေးဝါး သို့မဟုတ် ဓာတုပစ္စည်းများကို မှတ်တမ်းတင်ထားခြင်းသည်

စာမျက်နှာ ၁၁ သို့

- **GAqP စနစ် အကောင်အထည်ဖော်ရာတွင် စစ်ဆေးအတည်ပြုခြင်း တစ်ခုတည်းအတွက် မဟုတ်ဘဲ လုပ်ငန်းရှင်များအတွက် နည်းပညာပံ့ပိုးမှု၊ လိုအပ်ချက်အလိုက် လမ်းညွှန်မှုနှင့် တဖြည်းဖြည်း တိုးတက်လာစေမည့် အကောင်အထည်ဖော်ရေးအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် လက်တွေ့လိုက်နာနိုင်မှုကို မြှင့်တင်နိုင်မည်**
- **မွေးမြူရေးကန်မှစတင်၍ ထုတ်လုပ်မှုတစ်လျှောက် အရည်အသွေးနှင့် ဘေးဥပဒ်ကို ထိန်းချုပ်နိုင်သည့် စနစ်တစ်ရပ်တည်ဆောက်ရန် လိုအပ်ပါသည်။ ထိုစနစ်သည် ငါးမွေးမြူရေးထုတ်ကုန်များ၏ အရည်အသွေးကို မြှင့်တင်ပေးနိုင်သည့်အပြင် ဈေးကွက်လိုအပ်ချက်များနှင့် ကိုက်ညီစေရန်၊ ပြည်တွင်းစားသုံးသူများ၏ ယုံကြည်မှုကိုတိုးမြှင့်ရန်နှင့် ပြည်ပဈေးကွက်များတွင် ယှဉ်ပြိုင်နိုင်စွမ်းကို ပံ့ပိုးရန်အထိ စွမ်းဆောင်နိုင်**

ကြည်သဒ္ဓါနှင့် ပြည်မြန်မာ

◆ ကြတ္တိကာ နက္ခတ်ထွန်းလို့
လပြည့်ဝန်း ထိန်ထိန်သာ။
ဗျောက်ဆိပ်ကြယ် ရောင်ဖြာလင်း
ညခင်း သာယာ။
တန်ဆောင်မုန်း လအခါ
မြပဝါ ခြုံလွှမ်း။
ခဝဲပွင့် ရွှေအဆင်နဲ့
ဝေလွင်လွင် မွှေးပျံ့သင်းတယ်
နှင်းဆမ်းတဲ့ ပန်း။

◆ ရွှေစင်တော် ရက်ကန်းနဲ့
လှူဒါန်းဖို ရက်လုပ်ကာ။
မဟောနိုင် ကုသိုလ်ပန်းတို့
လန်းလို့ ဝေဆာ။
လအမြတ်တန်ဆောင်အခါ
ကထိန်လှူ မသိုးသင်္ကန်း။
စောဗုဒ္ဓါရှင်တော်မြတ်
ဆက်ကပ်လှူဒါန်း။

◆ စေတနာ စိတ်အကြိုအတွေးနဲ့
နိဗ္ဗာန်ဈေး ပွဲတော်မှာ။
ပျော်ရွှင်စရာ အလှူပေး
အေးမြမေတ္တာ။
မောင်တို့ရဲ့ ပြည်မြန်မာ
သည်အခါ ခြိမ့်ခြိမ့်သဲ။
ဘုံကထိန်မြတ်သင်္ကန်းတို့
လှူဒါန်းတဲ့ပွဲ။

◆ ဆီမီးရောင် ထိန်ထိန်လင်းလို့
ဆောင်းနှင်းတို့ ဝေလေပြီ။
မြောက်လေပြန် ဟေမန်ဦး
ကူးတဲ့ ရာသီ။
သဒ္ဓါကြည်
မြန်မာပြည်နိုင်ငံသား။
အပြုအထိုထို ..
ကုသိုလ်အကျိုးတွေကြောင့်
စီးပွား ပညာ ဘာသာ အမျိုးရယ်တို့
တန်ခိုးတေဇာ ..
ဖြိုးဝေစွာဂုဏ်ရှိန်ဝင်းတဲ့ပြင်
မြန်မကြာ ရန်ဘယာတွေရှင်းလို့ရယ်
လင်းကြစေသား ... ။ ။

မိုးချုပ်မြေ

ပြည်မြို့၌ (၁၂၇)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် မြို့တွင်းလှည့်လည်အပူဇော်ခံပွဲ ကျင်းပ

ပြည် နိဝင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး၌ ကိန်းဝပ်စံပယ်လျက်ရှိသော မြန်မာပြည် (ပထမ) ဗုဒ္ဓမြတ်စွယ်တော်၏ (၁၂၇) ကြိမ်မြောက် မြို့တွင်းလှည့်လည် အပူဇော်ခံပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ကျားပျံမကောက်မမ္မာရုံ၌ ကိန်းဝပ်စံပယ်လျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်ကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ



နှင့် တိုင်းဒေသကြီးဝန်ကြီးများက ပင့်ဆောင်ပေးကြပြီး (အပေါ်ပုံ) မင်္ဂလာဝေါဃာဒ်ဖြင့် စတင် ဂေါပကအဖွဲ့များ၊ ဝတ်အသင်းများ နှင့်တာဝန်ရှိသူများက မြောက်ဘက် စောင်းတန်းမှတစ်ဆင့် မြို့တွင်း လှည့်လည်ပူဇော်ခံမည့် မင်္ဂလာ ကရဝိတ်ယာဉ်ပေါ်သို့ ဆက်လက် ပင့်ဆောင်ပေးကြသည်။

(၁၂၇) ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် မြို့တွင်းလှည့်လည် အပူဇော်ခံပွဲကို သုံးနှစ် တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး ပြည်မြို့အတွင်း နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ လှည့်လည်ပူဇော်ခံမည်ဖြစ်သည်။

အဆိုပါ ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်ပူဇော်ပွဲတွင် ဇာတ်သဘင်များ၊ တေးဂီတဖျော်ဖြေမှုများ၊ ပျော်ပွဲရွှင်ပွဲများ၊ ၁၂ ရာသီပွဲ ဈေးတန်းများ ပါဝင်ပြီး အနယ်နယ်အရပ်ရပ်မှ လာရောက် လည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)

အဗိုးတန်ရေချို၊ တန်ဖိုးထား ထိန်းသိမ်း ကြစေလို့။ သဘာဝကပေး ရေချိုအေး၊ ခန်းခြောက် မသွားအောင် ထိန်းသိမ်းပေး။

စာမျက်နှာ ၁၀ မှ

ပြဿနာတစ်စုံတစ်ရာဖြစ်ပွားချိန်တွင် အကြောင်းရင်းကို ပြန်လည်စုံစမ်းရန် အထောက်အကူပြုပါသည်။ မွေးမြူရေးမှတ်တမ်းများသည် လုပ်ငန်းစီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်စေရုံသာမက ရောဂါဖြစ်ပွားမှုကို စုံစမ်းခြင်း၊ ထုတ်ကုန်များ၏ ထုတ်လုပ်မှုအဆင့်ဆင့်ကို ပြန်လည်ခြေရာခံခြင်းနှင့် အစားအစာဘေးဥပဒေကင်းစေရေးစစ်ဆေးမှုများကိုလည်း အထူးပံ့ပိုးပေးနိုင်ပါသည်။

ငါးမွေးမြူရေးကဏ္ဍတွင် GAqP စနစ်ကို ဖြင့်တင်နိုင်မည့်နည်းလမ်းများ

အရွယ်အစားကြီးမားသော စီးပွားဖြစ်မွေးမြူရေးကန်များနှင့် အသေးစားမွေးမြူရေးကန်များအတွက် အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ ကွဲပြားနိုင်သော်လည်း အခြေခံကျသော ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်များကို မိမိတို့နေ့စဉ်လုပ်ငန်းများအတွင်း စတင်ကျင့်သုံးနိုင်ပါသည်။

မွေးမြူရေးလုပ်ငန်းရှင်များအား GAqP စနစ်၏ အခြေခံသဘောတရားများနှင့် လက်တွေ့ကျင့်သုံးနည်းများကို အသိပညာပေးခြင်းများ ဆောင်ရွက်ခြင်းဖြင့် သင်တန်းများ၊ ကွင်းဆင်းလမ်းညွှန်မှုများနှင့် လက်တွေ့သရုပ်ပြမှုများမှတစ်ဆင့် ရေအရည်အသွေးစစ်ဆေးခြင်း၊ အစာစီမံခန့်ခွဲခြင်း၊ ဇီဝလုံခြုံရေးအစီအမံများနှင့် မွေးမြူရေးမှတ်တမ်းထိန်းသိမ်းခြင်းတို့ကို ဖြင့်တင်နိုင်ပါသည်။

မွေးမြူရေးကန်များနှင့် ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများအကြား ဆက်သွယ်ပူးပေါင်းမှုကို အားကောင်းစေရန်ရောဂါဖြစ်ပွားမှုကို စောစီးစွာ သိရှိနိုင်ရေး၊ သင့်လျော်သောနမူနာများ ရယူပေးပို့ရေးနှင့် ဓာတ်ခွဲစမ်းသပ်မှုရလဒ်များအပေါ် အခြေခံ၍ လိုအပ်သည့် နောက်ဆက်တွဲလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့သည် ရေနေသတ္တဝါကျန်းမာရေးစီမံခန့်ခွဲမှုတွင် အရေးပါပါသည်။

GAqP စနစ် အကောင်အထည်ဖော်ရာတွင် စစ်ဆေးအတည်ပြုခြင်း တစ်ခုတည်းအတွက် မဟုတ်ဘဲ လုပ်ငန်းရှင်များအတွက် နည်းပညာပံ့ပိုးမှု၊ လိုအပ်ချက်အလိုက် လမ်းညွှန်မှုနှင့် တဖြည်းဖြည်း တိုးတက်လာစေမည့် အကောင်အထည်ဖော်ရေး အစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် လက်တွေ့လိုက်နာနိုင်မှုကို ဖြင့်တင်နိုင်မည် ဖြစ်ပါသည်။

မွေးမြူရေးကန်မှစတင်၍ ထုတ်လုပ်မှု တစ်လျှောက် အရည်အသွေးနှင့်ဘေးဥပဒေကို ထိန်းချုပ်နိုင်သည့် စနစ်တစ်ရပ်တည်ဆောက်ရန် လိုအပ်ပါသည်။ ထိုစနစ်သည် ငါးမွေးမြူရေးထုတ်ကုန်များ၏ အရည်အသွေးကို ဖြင့်တင်ပေးနိုင်သည့်အပြင် ဈေးကွက်လိုအပ်ချက်များနှင့် ကိုက်ညီစေရန်၊ ပြည်တွင်းစားသုံးသူများ၏ ယုံကြည်မှုကိုတိုးမြှင့်ရန်နှင့် ပြည်ပဈေးကွက်များတွင် ယှဉ်ပြိုင်နိုင်စွမ်းကို ပံ့ပိုးရန်အထိ စွမ်းဆောင်နိုင်ပါသည်။

GAqP စနစ်ကို လက်တွေ့အကောင်အထည်ဖော်ခြင်းသည် ရောဂါဖြစ်ပွားမှုနှင့် ထုတ်လုပ်ရေးတွင် ဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်၊ မွေးမြူရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်နှင့် ဘေးအန္တရာယ်ကင်းသော ရေထွက်ပစ္စည်းများထုတ်လုပ်နိုင်ရန် အထောက်အကူပြုနိုင်ပါသည်။ သို့ရာတွင် အောင်မြင်မှုရရှိရန်အတွက် သင့်လျော်သော နည်းပညာ၊ အသိပညာပေးမှု၊ စနစ်တကျ မှတ်တမ်းထိန်းသိမ်းမှုနှင့် သက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်မှုတို့ လိုအပ်ပါသည်။

ထို့ကြောင့် GAqP စနစ်အား စည်းမျဉ်းလိုက်နာမှုတစ်ခုအဖြစ်သာမမြင်ဘဲ အရည်အသွေးကောင်းမွန်သော ထုတ်လုပ်မှု၊ စားသုံးသူဘေးကင်းလုံခြုံမှုနှင့် ရေရှည်တည်တံ့သော ငါးမွေးမြူရေးဖွံ့ဖြိုးမှုတို့အတွက် နေ့စဉ်လက်တွေ့ကျင့်သုံးရမည့် အခြေခံမူတစ်ရပ်အဖြစ် ခံယူဆောင်ရွက်သင့်ပါသည်။

အရှေ့တောင်အာရှဒေသတွင်လည်း ငါးအစားအစာအတွက် တစ်ခုတည်းသော အာဆီယံ GAqP စနစ်ပေါ်ထွက်လာစေရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံအလိုက်ရှိပြီးသား အမျိုးသားအဆင့် GAqP စနစ်အား အာဆီယံ GAqP စနစ်နှင့်ချိန်ညှိခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအတွင်း အာဆီယံ GAqP စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ငါး၊ ပုစွန်၊ ကဏန်း မွေးမြူရေးကန်များ ပေါ်ထွက်လာစေရေးအတွက် ဒေသတွင်း GAqP စနစ်အား ဖြင့်တင်ခြင်းအားဖြင့် အရည်အသွေးမြင့် ရေထွက်ပစ္စည်းများထုတ်လုပ်ရေးနှင့် ရေရှည်တည်တံ့သော ငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးတို့ကို အားပေးဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း တစ်ခုတည်းသော GAqP စနစ်အား အကောင်အထည်ဖော်ခြင်းဖြင့် ဒေသတွင်းရေထွက်ကုန်များ ကူးသန်းရောင်းဝယ်ရာတွင် အလွယ်တကူ ရောင်းဝယ်နိုင်သည့်အပြင် ဈေးကွက်ပိုမိုကျယ်ပြန့်လာသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း စံချိန်စံညွှန်းတစ်ခုတည်းကို ကျင့်သုံးခြင်းဖြင့် ရေထွက်ကုန်များ ဒေသတွင်း ကူးသန်းရောင်းဝယ်ရာတွင် ပိုမိုလွယ်ကူ သွက်လက်လာစေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုးကားရင်းမြစ်များ

၁။ SEAFDEC. Promotion of Aquaculture Technologies for Emerging Species through GAqP in Southeast Asia.

၂။ ASEAN Secretariat. Guidelines on ASEAN Good Aquaculture Practices (ASEAN GAqP) for Food Fish.

၃။ SEAFDEC/AQD. Extension Workers from SEAFDEC Member Countries Complete Training on Good Aquaculture Practices.

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော် စတင်ကျင်းပ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်ကို ယနေ့ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။



ယနေ့သည် တန်ဆောင်တိုင်ပွဲတော်ကြီး၏ပထမဆုံးနေ့ဖြစ်သော်လည်း ဘုရားမုခ်ဦး အပြင်ဘက်ရှိကားရပ်နားဝင်းများတွင် နေပြည်တော်ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသည့် မော်တော်ယာဉ်များဖြင့် အထူးများပြားလျက်ရှိရာ ဘုရားဖူးပြည်သူများ အဆင်ပြေချောမွေ့စွာ ဝင်ထွက်သွားလာနိုင်ရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်၊ အထွက်လမ်းကြောင်းများ၌ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိပြီး ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း တန်ဆောင်တိုင်မီးထွန်းပွဲတော်တွင် ပါဝင်ဆင်နွဲရန် ရောက်ရှိလာကြသည့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုသို့ ပွဲတော်လာပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်ကြည်ညိုရှိ ကုသိုလ်ယူနိုင်ရေးအတွက် တာဝန်ရှိသူများက ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရလိုအပ်သည့် စစ်ဆေးမှုများကို စနစ်တကျဆောင်ရွက်ပေးပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက်လည်း ဝှီးချဲလ်များ၊ မော်တော်ယာဉ်ငယ်များဖြင့် စနစ်တကျပို့ဆောင်ပေးကြကာ ပွဲတော်အတွင်း ဆီမီးထွန်းညှိပူဇော်နိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာများ၊ မသိုးရွှေကြာသင်္ကန်းရက်လုပ်မည့်နေရာ၊ ဈေးပွဲတော်နေရာများနှင့် ဖျော်ဖြေရေးအစီအစဉ်နေရာများသို့ အလွယ်တကူရောက်ရှိနိုင်ရေး လမ်းညွှန်ပြသစီစဉ်ဆောင်ရွက်ပေးမှုများဖြင့် ဘုရားဖူးလာပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ ပါဝင်ဆင်နွဲကြသည်။

ထို့ပြင် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်း ရှင်လူ၊ ပြည်သူများသည်စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီး ကပ်လှူဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီး ၃၆၀၀ ကပ်လှူပူဇော်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့်ပူဇော်ခြင်း၊ မေတ္တာပို့သခြင်းတို့ဖြင့် ကုသိုလ်ယူပါဝင်ဆင်နွဲကြရာ တရားဓမ္မအသံများဖြင့် ထုံမွမ်းလျက်ရှိသည်။

ပွဲတော်ကြီး၏ အနှစ်သာရဖြစ်သည့် မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင်ပူဇော်မည့် နေရာအသီးသီး၌လည်း ဘုရားဖူးလာပြည်သူများ ကြိုတင်စောင့်ဆိုင်းရောက်ရှိနေကြပြီး မီးပုံးပျံအောင်မြင်စွာလွှတ်တင်နိုင်ရေးအတွက် တာဝန်ရှိသူများ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း အထူးစိတ်ဝင်တစားကြည့်ရှုလေ့လာကြကာ မီးပုံးပျံလွှတ်တင်၍ မြတ်စွာဘုရားရှင်အား ပူဇော်မည့်အချိန်တွင် တိုင်းရင်းသားရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများဖြင့်တွဲဖက်၍ ဘုရားဝင်းအတွင်း သတ်မှတ်နေရာများအလိုက် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းနှင့်မီးပုံးပျံအသေးများ၊ ညမီးကြီးနှင့် စိန်နားပန် မီးပုံးပျံကြီးများအား ကောင်းကင်ယံထက်သို့ အောင်မြင်စွာလွှတ်တင်ပူဇော်ကြရာ ဘုရားဖူးလာပြည်သူများ၏ ကြည်နူးပီတိလက်ခုပ်သံများဖြင့် နေပြည်တော်တန်ဆောင်မုန်း လ၏ညအလှကို ပိုမိုပေါ်လွင်စေခဲ့သည့်အပြင် တေးသံရှင်များ၏ တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများ သီဆိုဖျော်ဖြေမှုကြောင့်လည်း ပွဲတော်ကြီးကို ပိုမိုပြည့်စုံစေခဲ့သည်။

ယနေ့ညတွင် ဝန်ကြီးဌာနအလိုက် မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်ပွဲများအဖြစ် စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် သာသနာရေးဝန်ကြီးဌာနက "မြတ်ရောင်ခြည်"၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက "စီမံစီးပွား ပြည့်အင်အား"၊ နိုင်ငံခြားရေးဝန်ကြီးဌာနက "သားကောင်းတမန်"၊ လူငယ်ရေးရာဝန်ကြီးဌာနက "လူငယ့်အားမာန်" နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက "သိပ္ပံနှင့်နည်းပညာ" စသည့် မီးပုံးပျံအမည်တို့ဖြင့် အောင်မြင်စွာလွှတ်တင်နိုင်မှုနှင့်အတူသက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများကလည်း သတ်မှတ်နေရာများ၌ မီးပုံးပျံငယ်များကို ပြိုင်တူလွှတ်တင်ခဲ့ကြသည်။

အလားတူ ညမီးကြီးမီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနက "အောင်တံခွန်"၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက "တိုးတက်မောင်"၊ စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက "စက်မှုအားမာန်"၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက "ပြည်လုံးချမ်းသာ"နှင့် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနက "ပဘာဝတီ"စသည့် မီးပုံးပျံအမည်များဖြင့် အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြသည်။

ထိုသို့ မီးပုံများလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေစဉ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများကလည်း ရှမ်းရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်တီးခတ်မှုများ၊ သံချပ်တီးလုံးများ၊ မြန်မာ့ရိုးရာဆင်အကများ၊ ဆီမီးခွက်ကိုင်ဆောင် ပူဇော်ခြင်းများနှင့်အတူ တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသံသာများကြောင့်လည်း တန်ဆောင်တိုင်ညအလှကို ပိုမိုအသက်ဝင်စေခဲ့သည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာတည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများကိုလည်း လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများ တစ်နှစ်တွင်တစ်ကြိမ်သာကြုံတွေ့ရမည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာနိုင်ခဲ့ကြသည်။

ဆက်လက်၍ ကျောက်စာရုံစေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋ္ဌိတိုက်များ၊ သုမ္မောဇရပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြသည့် ဘုရားဖူးလာပြည်သူများနှင့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများ၌ မိသားစုလိုက်သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့လိုက်သော်လည်းကောင်း ပျော်ရွှင်စွာအမှတ်တရ ဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

၂၀၂၆ ခုနှစ် စတုတ္ထအကြိမ်မြောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ် ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြုအဖွဲ့ ရက်ကန်းစင် ၁၅ စင်ဖြင့် သတ်မှတ်နေရာအသီးသီးတွင် မြိုင်မြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော်လာပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကိုဆင်နွဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က ဘုရားပရိဝုဏ်အတွင်း စနစ်တကျလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အရေးပေါကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ၊ တေးဂီတနှင့်ဇာတ်သဘင်ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်တို့သို့ ဘုရားဖူးပြည်သူများ လာရောက်ရာတွင် အဆင်ပြေစေရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ပွဲတော်ကာလအတွင်း အခမဲ့အဖြစ် သတ်မှတ်စုရပ်များမှ EV Bus နှင့် တော်ဝင်ယာဉ်လိုင်းမှ မော်တော်ယာဉ်များဖြင့် အသွားအပြန်ပြေးဆွဲပေးလျက်ရှိသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံ လွှတ်တင်ပူဇော်ပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတော်များနှင့်အတူ တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်တို့ဖြင့် နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည့်အတွက် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း တန်ဆောင်တိုင်ညဏ၏ အလှနှင့်ရသကို အပြည့်အဝခံစားနိုင်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။

သတင်း-ဟိန်းမင်းစိုး၊ ကျော်စွာဝင်း
ဓာတ်ပုံ-အေးအောင်







ပြိုင်ပွဲဝင်အသင်းများ၏ မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။

တစ်ပတ်တာ ဖတ်စရာ

မြန်မာရေးရာ

နိုဝင်ဘာ ၁၅ ရက်

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ သီတဂူဆရာတော်နှင့် မိုးကောင်းဆရာတော်ကြီးတို့အား ဖူးမြော်ကြည်ညို

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ရန်ကုန်မြို့ရှိ သီတဂူဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို၍ သီတဂူစကျွဒါန်ဆေးရုံတော်အတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် မျက်စိခွဲစိတ်ကုသမှုခံယူနေသည့် လူနာများအား အားပေးစကား ပြောကြားပြီး တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) တွင် ဆေးကုသမှုခံယူနေသည့် ဟင်္သာတမြို့ မိုးကောင်းရိယတ္တိစာသင်တိုက် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

နိုဝင်ဘာ ၁၆ ရက်

အင်းတော်-ဝန်းသို့-ကောလင်းနယ်မြေများ ပြန်လည်ထိန်းချုပ်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အင်းတော်-ဝန်းသို့-ကောလင်း-ကျွန်းလှ-ကန့်ဘလူနှင့် အင်းတော်-ကျောက်တန်း-စပွာယဉ်နှံ့သာလမ်းကြောင်းတစ်လျှောက် နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၀ ရက်မှ နိုဝင်ဘာ ၁၅ ရက်အတွင်း ဝန်းသို့မြို့၊ ကောလင်းမြို့နှင့် ကျေးရွာအများအပြားကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ အဆိုပါကာလအတွင်း တိုက်ပွဲ ၂၉ ကြိမ် ဖြစ်ပွားခဲ့ပြီး လက်နက်ခဲယမ်းများနှင့် အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၇ ရက်

နိုင်ငံတော်သမ္မတ ပညာရေးဘွဲ့ရ ဆရာ၊ ဆရာမလောင်းများကို ဩဝါဒစကား ပြောကြား

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် နေပြည်တော်ရှိ Nay-pyitaw State Academy ၌ ကျင်းပသည့် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့မှ ပညာရေးဘွဲ့သင်တန်းဆင်းကျောင်းသား ကျောင်းသူများ၏ ဩဝါဒခံယူပွဲသို့ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆရာအတတ်ပညာ အရည်အသွေးမြှင့်တင်ရေးနှင့် ဒီဂျစ်တယ်နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာ (AI)ခေတ်နှင့် လိုက်လျောညီထွေရှိသည့် ဆရာ ဆရာမများ ဖြစ်လာရေးတို့ကို ဩဝါဒစကား ပြောကြားခဲ့သည်။

နိုဝင်ဘာ ၁၈ ရက်

နိုင်ငံတော်မူဝါဒနှင့် အခြေအနေများကို ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်သမ္မတပြောကြား

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် နိုင်ငံတော်၏ မူဝါဒများနှင့် အခြေအနေအရပ်ရပ်ကို ရှင်းလင်းပြောကြားခဲ့ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှု စိုက်ပျိုးမွေးမြူရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြေခံအဆောက်အအုံကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားပြောကြားခဲ့သည်။ ထို့ပြင် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ မြှင့်တင်ရေး၊ ဒီဇိုက်ရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့မြှင့်တင်ရေးတို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုဝင်ဘာ ၁၉ ရက်

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ ပြည်ထောင်စုအစိုးရ၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ တက်ရောက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နေပြည်တော်ရှိ အဂ္ဂါမိဟတီသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးအပါအဝင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ တက်ရောက်၍ ဆရာတော်၊ သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး စုစုပေါင်းလှူဒါန်းမှုတန်ဖိုးမှာ ငွေကျပ် သိန်းပေါင်း ၂၇၁၇ သိန်း ကျော်ရှိကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ဘင်္ဂမ်စတက်အတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဘင်္ဂမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ဘင်္ဂမ်စတက်အဖွဲ့တွင် ပူးပေါင်းဆောင်ရွက်မှု၊ အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဘင်္ဂမ်စတက်အဖွဲ့တည်ထောင်မှု နှစ် ၃၀ ပြည့်အခမ်းအနား ကျင်းပရေးနှင့် အဖွဲ့ဝင်နိုင်ငံများအကြား အစိုးရချင်း၊ ပြည်သူချင်း ဆက်ဆံရေးနှင့် ကူးလူးဆက်ဆံမှုများ ပိုမိုတိုးတက်ကောင်းမွန်ရေးတို့ကို အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့သည်။

နိုဝင်ဘာ ၂၀ ရက်

ICJ စီရင်ချက်နှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနက သဘောထားထုတ်ပြန်

အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)က နိုဝင်ဘာ ၁၉ ရက်တွင် ထောက်ခံမဲ ကိုးမဲ၊ ကန့်ကွက်မဲ ခြောက်မဲဖြင့် ချမှတ်ခဲ့သည့် စီရင်ချက်သည် သက်သေအဆင့်အတန်းများနှင့် သွေဖည်နေပြီး ပကတိအခြေအနေကို ထင်ဟပ်မှုမရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၀ ရက်တွင် သဘောထားထုတ်ပြန်ခဲ့သည်။ ရခိုင်အရေးသည် ပြည်တွင်းရေးကိစ္စသာဖြစ်သဖြင့် နိုင်ငံတကာအသိုင်းအဝိုင်း အနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားကာ အပြုသဘောဖြင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်းနှင့် စီရင်ချက်ကို အချိန်ယူလေ့လာသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နိုဝင်ဘာ ၂၁ ရက်

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေသစ် ပြဋ္ဌာန်း

အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးအတွက် ငွေကြေး၊ နည်းပညာနှင့် ဈေးကွက်ဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်သည့်ဥပဒေကို ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၈ အဖြစ် နိုဝင်ဘာ ၂၀ ရက်တွင် အတည်ပြုပြဋ္ဌာန်းသည်။ ယင်းဥပဒေသစ်အရ ၂၀၁၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ကမ္ဘာရေးရာ

ဂျပန်ရှိ အမေရိကန်တပ်ဖွဲ့များအတွက် အသုံးစရိတ် သုံးဆတိုးရန် တောင်းဆို

အမေရိကန်ပြည်ထောင်စုသည် ဂျပန်နိုင်ငံ၌ အခြေစိုက်ထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် လာမည့်ငါးနှစ်အတွင်း လက်ရှိထောက်ပံ့နေသည့် ပမာဏထက် သုံးဆနီးပါးရှိသော ယန်း ၃ ထရီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၈ ဘီလီယံခန့်) ထောက်ပံ့ပေးရန် ဂျပန်နိုင်ငံကို တောင်းဆိုထားကြောင်း နိုဝင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

အာရှတွင် ချူကလီးယားစက်ရုံတည်ဆောက်ရေး ဂျပန်နှင့် ADB ဖူးပေါင်း

ဂျပန်နိစ်ပွားရေးဆိုင်ရာဝန်ကြီးဌာနသည် ဖိလစ်ပိုင်နှင့် ဗီယက်နမ် အပါအဝင် အာရှနိုင်ငံများတွင် နျူကလီးယားဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေး ကူညီဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် နိုဝင်ဘာ ၁၆ ရက်တွင် တွေ့ဆုံဆွေးနွေးပြီး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။

ဂျပန်၏ ပထမဆုံး အမိုးနိုးယားလောင်စာသုံးသင်္ဘော မိတ်ဆက်

ဂျပန်သင်္ဘောကုမ္ပဏီကြီး NYK Line သည် ကာဗွန်ထုတ်လွှတ်မှုလျော့ချနိုင်မည့် ဂျပန်နိုင်ငံ၏ ပထမဆုံး အမိုးနိုးယားလောင်စာသုံး Izanami သင်္ဘောကို ကုမာမိုတိုခရိုင်ရှိ သင်္ဘောကျင်း၌ နိုဝင်ဘာ ၁၇ ရက်တွင် မိတ်ဆက်ပြသခဲ့ကြောင်း သိရသည်။

ဗွိုင်ယေဂျာ-၁ ကမ္ဘာမှ အလင်းတစ်ရက်စာအကွာအဝေးသို့ ရောက်ရှိ

အမေရိကန်အာကာသအေဂျင်စီ NASA ၏ ဗွိုင်ယေဂျာ-၁ (Voyager 1) အာကာသယာဉ်သည် ၄၈ နှစ်ကျော်ကြာ ခရီးနှင်ပြီးနောက် ကမ္ဘာမှ ကီလိုမီတာ ၂၅ သောင်း ၉ ဘီလီယံခန့် ကွာဝေးသည့် အလင်းတစ်ရက်စာအကွာအဝေးသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း NASA က နိုဝင်ဘာ ၁၉ ရက်တွင် ကြေညာခဲ့သည်။

ဗီယက်နမ်ရွှေဈေး ယခုနှစ်အတွင်း အနိမ့်ဆုံးသို့ ကျဆင်း

ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းရွှေဈေးနှုန်းသည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် တစ်တောင်းလျှင် ဝယ်ဈေး ၁၃၁ ဒသမ ၂ သန်း၊ ရောင်းဈေး ၁၃၄ ဒသမ ၂ သန်းအထိ ကျဆင်းခဲ့ပြီး ဇန်နဝါရီလအတွင်း စံချိန်တင်ခဲ့သည့် အမြင့်ဆုံးဈေးထက် ဗီယက်နမ်ဒေါင် ၅၇ သန်းခန့် လျော့နည်းခဲ့ကြောင်း သိရသည်။

SpaceX ၏ Dragon အာကာသယာဉ် ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်

နိုင်ငံတကာအာကာသစခန်း (ISS) မှ သိပ္ပံသုတေသန နမူနာများနှင့် ကုန်ပစ္စည်းများ တင်ဆောင်လာသည့် SpaceX ၏ Dragon ကုန်တင်အာကာသယာဉ်သည် နိုဝင်ဘာ ၂၀ ရက်တွင် ကမ္ဘာမြေသို့ ပြန်လည်ထွက်ခွာခဲ့ပြီး နိုဝင်ဘာ ၂၁ ရက် ညနေပိုင်းတွင် ကယ်လီဖိုးနီးယားကမ်းရိုးတန်းအလွန် ပင်လယ်ပြင်သို့ ဆင်းသက်ခဲ့သည်။

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသိပညာပေး

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေ ပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



စက်မှုဇုန် (၂) ရှိ Nadia Pacific Apparel Co.,Ltd. အထည်ချုပ်စက်ရုံ၊ စက်မှုဇုန်(၃)ရှိ Joint-Profit (Myanmar) Garment Co.,Ltd.အထည်ချုပ်စက်ရုံ၊ စက်မှုဇုန်(၄)ရှိ Myanmar York Fashion Co.,Ltd. အထည်ချုပ်စက်ရုံတို့တွင် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန လှိုင်သာယာ စက်မှုဇုန်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်လတ်နှင့် ဦးစီးအရာရှိ ဦးရဲမင်းထက်တို့က အလုပ်သမား ဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ လုပ်ငန်းခွင်အတွင်း အပူဒဏ် လျော့နည်းမှုရှိစေရေးနှင့် အပူဒဏ်သက်သာသော လုပ်ငန်းခွင်ဖြစ်စေရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ရန်လင်း

ကမာရွတ်မြို့နယ်၌ ပြည်သူစစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးသူများအား ဂုဏ်ပြု

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် ပြည်သူစစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီးသူများအား ဂုဏ်ပြုပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်ပြည်သူစစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းနိုင်နှင့် တာဝန်ရှိသူများက ပြည်သူစစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးသူ ၁၈ ဦးကို ဂုဏ်ပြုလက်ဆောင်နှင့် ချီးမြှင့်ငွေများပေးအပ်ပြီး အလုပ်အကိုင်ရရှိရေးကိစ္စရပ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စိမ်းလဲ့(ပြန်/ဆက်)

ရေချိုစိမ့်စမ်း မခန်းစေဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

အင်ဒိုနီးရှား၌ သင်္ကြားလုံးစက်ရုံမီးလောင်မှုဖြစ်ပွား၊ အလုပ်သမား ၄၀ ကျော် ပျောက်ဆုံး

ဂျကာတာ နိုဝင်ဘာ ၂၂

အင်ဒိုနီးရှားနိုင်ငံ ဘန်တန်ပြည်နယ်ရှိ သင်္ကြားလုံးစက်ရုံ၌ နိုဝင်ဘာ ၂၁ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် ရုပ်အလောင်းအချို့ကိုတွေ့ရှိခဲ့ကာ အလုပ်သမား ၄၀ ကျော် ပျောက်ဆုံးလျက်ရှိသည်ဟု အင်ဒိုနီးရှားရဲတပ်ဖွဲ့က နိုဝင်ဘာ ၂၂ ရက်တွင် ပြောသည်။

ဘန်တန်ပြည်နယ် ဆီရန်ဒေသ စီကန်ဒီခရိုင် စက်မှုဇုန်ရှိ စက်ရုံတစ်ခုတွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ပြည်တွင်းမီဒီယာတွင် ဖော်ပြထားသည်။

မီးလောင်မှုဖြစ်ပွားချိန်တွင် စက်ရုံ၌ အလုပ်သမား ၃၀၀ ခန့်ရှိသည်ဟု သိရပြီး မီးလောင်မှုပြင်းထန်သည့်အတွက် သေဆုံးသူများ၏ ရုပ်အလောင်းကို မည်သူမည်ဝါမှန်းခွဲခြားရန် မလွယ်ကူကြောင်း ကုမ္ပဏီစီအီးအိုက နိုဝင်ဘာ ၂၁ ရက်တွင် ပြောသည်။

အဆိုပါအလုပ်သမားများနှင့် အဆက်အသွယ် ပြတ်တောက်လျက်ရှိသည်ဟု ကုမ္ပဏီဘက်မှပြောကြားကြောင်း ဘန်တန်ပြည်နယ် ရဲတပ်ဖွဲ့အရာရှိတစ်ဦးက ပြောသည်။

ထို့ပြင် မီးလောင်ပျက်စီးသွားသည့် အဆောက်အအုံအစိတ်အပိုင်းများ ပြိုကျနိုင်သည့် အန္တရာယ်ရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ရဲတပ်ဖွဲ့က ပြောကြား အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ခဲ့သည်။ မီးလောင်မှုဖြစ်ပွားရသည့် ရှိသည်ဟု သိရသည်။ **ဆင်ဟွာ**



လစ်ဗျာနိုင်ငံအရှေ့ပိုင်း ရေတပ်အခြေစိုက်စခန်းရှိ ခဲယမ်းသိုလှောင်ရုံပေါက်ကွဲမှုဖြစ်ပွား

ထရိုပိုလီ နိုဝင်ဘာ ၂၂

ဘန်ဂါဇီရေတပ်အခြေစိုက်စခန်းအတွင်းရှိ ခဲယမ်းမီးကျောက်သိုလှောင်ရုံတစ်ခုပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ယခုအခါ မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၂ ရက်တွင် လစ်ဗျာနိုင်ငံအရှေ့ပိုင်းရှိ အာဏာပိုင်များက ကြေညာသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ထိခိုက်သေဆုံးမှုမရှိကြောင်း ထုတ်ပြန်ထားသည်။

မီးလောင်မှုကိုငြိမ်းသတ်နိုင်

အာဏာပိုင်အဖွဲ့၏ မီးသတ်တပ်ဖွဲ့များက သွားရောက်တုံ့ပြန်ဆောင်ရွက်ခဲ့ရာ မီးလောင်မှုကိုငြိမ်းသတ်နိုင်ခဲ့ပြီး မီးကိုအပြည့်အဝထိန်းချုပ်နိုင်ငြိဖြစ်ကြောင်း လစ်ဗျာနိုင်ငံအရှေ့ပိုင်းရှိ အမျိုးသားဘေးကင်းလုံခြုံရေး အာဏာပိုင်အဖွဲ့၏ပြည်သူ့ဆက်ဆံရေးနှင့် မီဒီယာဌာနညွှန်ကြားရေးမှူး တော်ဖစ်အယ်လ်ရာမစ်ခ်က ဒေသတွင်း မီဒီယာသို့ ပြောကြားသည်။

ဆုံးရှုံးမှုပမာဏထုတ်ပြန်ခြင်းမရှိသေး

အခြေစိုက်စခန်းအနီး လူစုလူဝေးပြုလုပ်ခြင်းမှ ရှောင်ကြဉ်ကြရန် ၎င်းက ဒေသခံများကို တိုက်တွန်းထားသည်။ အဆိုပါဖြစ်စဉ်ကြောင့် ပစ္စည်းဆုံးရှုံးမှုပမာဏနှင့်ပတ်သက်၍ တရားဝင်သတင်းအချက်အလက် တစ်စုံတစ်ရာထုတ်ပြန်ခြင်း မရှိသေးပေ။ **ဆင်ဟွာ**



ဂါဇာတွင် မိသားစု သုံးသိန်းခွဲခန့် အမိုးအကာများ အရေးတကြီးလိုအပ်

ဂါဇာ နိုဝင်ဘာ ၂၂

နေအိမ်နှင့် အခြေခံအဆောက်အအုံပျက်စီးဆုံးရှုံးမှု ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေချိန်တွင် ဂါဇာကမ်းမြောင်၌ မိသားစု ၃၅၀၀၀၀ မှာ အမိုးအကာများ အရေးတကြီးလိုအပ်နေကြောင်း ဟားမားစ်အဖွဲ့စီမံခန့်ခွဲသည့် ပြည်သူ့ဆောက်လုပ်ရေးနှင့်အိမ်ရာဆိုင်ရာ ဝန်ကြီးဌာနက နိုဝင်ဘာ ၂၁ ရက်တွင် ပြောသည်။

အစ္စရေး-ဟားမားစ်ပဋိပက္ခအတွင်း နေအိမ် အလုံး ၄၁၀၀၀၀ ခန့် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ပြီး ယင်းအနက် အလုံး ၃၃၅၀၀၀ မှာ အလုံးစုံပျက်စီးသွားကြောင်းနှင့် နောက်ထပ် အလုံး ၇၅၀၀၀ မှာ နေထိုင်၍မရတော့ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။

အခြေခံကျသော လိုအပ်ချက်များမရရှိဘဲ သုံးနှစ်ကျော်ကြာ ရွာဖျင်တဲများတွင် နေထိုင်ခဲ့ရသည့် မိသားစု ၂၇၀၀၀၀ အပါအဝင် အမိုးအကာ အရေးတကြီးလိုအပ်သည့် မိသားစုပေါင်း ၃၅၀၀၀၀ ရှိကြောင်း၊ ထို့အပြင် မိုးရာသီစတင်လာသည်နှင့်အမျှ မိသားစု ၇၅၀၀ မှာ ရေကြီးရေလျှံမှုအန္တရာယ်နှင့် ကြုံတွေ့ရနိုင်ခြေရှိကြောင်း၊ ယင်းအနက် မိသားစု ၂၅၀၀ မှာ အရေးပေါ်ပြောင်းရွှေ့နေရာချထားရန် လိုအပ်ကြောင်း သိရသည်။ **ဆင်ဟွာ**

ဂျပန်၌ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းတန်ဖိုးရှိ ရွှေနှင့် ငွေသားများ ခိုးယူခံရမှုဖြစ်ပွား

တိုကျို နိုဝင်ဘာ ၂၂

ဂျပန်နိုင်ငံ အနောက်ပိုင်း ဟယိုဂိုစီရင်စုရှိ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏ နေအိမ်၌ ရွှေချိန် ၂၀ ကီလိုဂရမ်ခန့်နှင့် ငွေသား အမေရိကန်ဒေါ်လာ ၁၅၇၀၀၀ ခန့် ခိုးယူခြင်း ခံခဲ့ရကြောင်း သိရသည်။ ခိုးယူခြင်းခံရသည့် ရွှေ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းတန်ဖိုးရှိမည်ဟု ခန့်မှန်းထားသည်။

နေအိမ်၏ လုံခြုံရေးစနစ်က သံသယဖြစ်ဖွယ်လှုပ်ရှားမှုကို တွေ့ရှိပြီးနောက် နိုဝင်ဘာ ၂၁ ရက် နံနက် ၂ နာရီခွဲခန့်တွင် လုံခြုံရေးကုမ္ပဏီတစ်ခုက ရဲတပ်ဖွဲ့ထံသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။ နိုရှိနိုမိယာဖြို့ရှိ အဆိုပါနေအိမ်သို့ ရောက်ရှိလာသော ရဲအရာရှိများက တံခါးကျိုးပျက်နေသည့် အပြင် ဖောက်ထွင်းဝင်ရောက်ထားသည့် အခြေအနေများကိုလည်း တွေ့ရှိခဲ့သည်။

ထို့နောက် ရဲအရာရှိက နေအိမ်တွင် သိမ်းဆည်းထားသော ရွှေနှင့် ငွေသားများ ပျောက်ဆုံးနေကြောင်း အတည်ပြုခဲ့သည်။ ရဲတပ်ဖွဲ့သည် အဆိုပါဖြစ်စဉ်ကို ခိုးမှုအဖြစ် စုံစမ်းစစ်ဆေးနေပြီး အနီးဝန်းကျင်ရှိ လုံခြုံရေးကင်မရာများ၏ မှတ်တမ်းများကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **အင်နစ်အိတ်ချ်ကေ**

FBI က အလိုရှိနေသည့် "ချုပ်အိစီဒရို" ကို မက္ကဆီကို အထူးတပ်ဖွဲ့ ဖမ်းဆီးရမိ

မက္ကဆီကိုစီးတီး နိုဝင်ဘာ ၂၂

မက္ကဆီကို အထူးတပ်ဖွဲ့ဝင်များသည် အမေရိကန်ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို (FBI) ၏ အလိုရှိဆုံး ၁၀ ဦး စာရင်းတွင် ပါဝင်ပြီး "ချုပ်အိစီဒရို" ဟု လူသိများသော ဖော်စတို အိစီဒရိမီဇာဖလောရက်စ်ကို ဖမ်းဆီးထိန်းသိမ်းလိုက်ပြီ ဖြစ်ကြောင်း မက္ကဆီကိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၁ ရက်တွင် ပြောသည်။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တစ်စိတ်တစ်ပိုင်းအဖြစ် မက္ကဆီကို အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနနှင့် အမေရိကန်ပြည်ထောင်စု ထောက်လှမ်းရေးအေဂျင်စီတို့ ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ပြီးနောက် မက္ကဆီကို အနောက်မြောက်ပိုင်းဆီနာလိုအာ ပြည်နယ် ဂွါဆာဗေးမြို့တွင် နိုဝင်ဘာ ၂၀ ရက် ညပိုင်းတွင် မီဇာဖလောရက်စ်ကို ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောသည်။

FBI သည် မီဇာဖလောရက်စ်ကို ယမန်နှစ် ဖေဖော်ဝါရီလတွင် ၎င်းတို့၏ အလိုရှိသူစာရင်းသို့ ထည့်သွင်းခဲ့ကြောင်း သိရသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ၎င်းကို ဖမ်းဆီးရမိရေးအတွက် သတင်းပေးသူကို အမေရိကန်ဒေါ်လာ ငါးသန်းအထိ ဆုကြေးငွေ ထုတ်ပြန်ထားသည်။

မီဇာဖလောရက်စ်သည် အမေရိကန်နိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါး မှောင်ခိုတင်သွင်းရန် ပူးပေါင်းကြံစည်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားမှုတို့နှင့် ဆက်နွယ်၍ လက်နက်ကိုင်ဆောင်အသုံးပြုမှုတို့အတွက် အမေရိကန်နိုင်ငံတွင် စွဲချက်တင်ခံထားရသူ ဖြစ်သည်။ **ဆင်ဟွာ**

အာဖဂန်နစ္စတန်ရှိ ဆာရီယူလ်ပြည်နယ် မြေမြှုပ်မိုင်းကင်းစင်သည့် ဒုတိယမြောက်ပြည်နယ်ဖြစ်လာ

ကာဘူလ် နိုဝင်ဘာ ၂၂

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဆာရီယူလ်ပြည်နယ်သည် နိုင်ငံအတွင်း မြေမြှုပ်မိုင်းကင်းစင်သည်ဟု ကြေညာခံရသည့် ဒုတိယမြောက် ပြည်နယ်ဖြစ်လာကြောင်း အာဖဂန်နစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် ယူဆွတ်ဖ်ဟာမတ်က နိုဝင်ဘာ ၂၁ ရက်တွင် ပြောသည်။

ယင်းမတိုင်မီက ဘာမီယန်ပြည်နယ်ကို မြေမြှုပ်မိုင်းကင်းစင်သည့် ပထမဆုံးပြည်နယ်အဖြစ် ကြေညာခဲ့သည်။ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့သည် အောက်တိုဘာ ၁၅ ရက်က ဘာမီယန်ပြည်နယ်ကို မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့် လက်နက်ပစ္စည်းများ ကင်းစင်ရာနယ်မြေအဖြစ် ကြေညာခဲ့သည်။ ပေါက်ကွဲစေတတ်သည့် ပစ္စည်းဟု သံသယဖြစ်ဖွယ်ပစ္စည်းတွေ့ရှိပါက လုံခြုံရေးအေဂျင်စီသို့ အကြောင်းကြားကြရန် ဒေသခံများကို ၎င်းက တိုက်တွန်းထားသည်။

မြေမြှုပ်မိုင်း သို့မဟုတ် မပေါက်ကွဲသေးဘဲ ကျန်ရှိနေသည့် လက်နက်ပစ္စည်းများတွေ့ရှိပါက မိုင်းဖယ်ရှား ရှင်းလင်းရေးအဖွဲ့ကို စေလွှတ်ရှင်းလင်းသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ နိုင်ငံတစ်ဝန်း မြေမြှုပ်မိုင်းများနှင့် မပေါက်ကွဲသေးသည့် လက်နက်ပစ္စည်းများကို ရှင်းလင်းဖယ်ရှားရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု ဟာမတ်က ပြောသည်။ **ဆင်ဟွာ**

ကမ္ဘောဒီးယား၌ လပေါင်း ၃၀ ကျော်အတွင်း ပထမဦးဆုံး မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ တွေ့ရှိ

ဖနောင်ပင် နိုဝင်ဘာ ၂၂

ကမ္ဘောဒီးယားနိုင်ငံ၌ နှစ်နှစ်ခွဲကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူတစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၂ ရက်တွင် ပြောသည်။

နိုဝင်ဘာ ၂၀ ရက်က မျောက်ကျောက်ရောဂါ အတည်ပြုလူနာကို တွေ့ရှိခဲ့ပြီး ၎င်းကို လက်ရှိတွင် ဆေးရုံ၌ ဆေးကုသမှုပေးထားကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ ၂၀၂၃ ဒီဇင်ဘာလမှ ၂၀၂၄ မေလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ မျောက်ကျောက်ရောဂါ ဖြစ်ပွားသူ ၂၀ ခန့်ရှိခဲ့သည်။

လပေါင်း ၃၀ နှင့် ၆ ရက် ကြာမြင့်ပြီးနောက် နိုင်ငံအတွင်း ပထမဆုံး မျောက်ကျောက် ရောဂါဖြစ်ပွားသူကို တွေ့ရှိရခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောသည်။

ပြည်သူများအနေဖြင့် အစုလိုက်ရောဂါ ကူးစက်မှုများကို ကာကွယ်နိုင်ကြရန် နိုးနိုးကြားကြားရှိကြပြီး မိမိတို့၏ကျန်းမာရေးအပြင် မိသားစုဝင်များ၏ ကျန်းမာရေးကိုပါ ကာကွယ်စောင့်ရှောက်ကြရန် ကျန်းမာရေး ဝန်ကြီးဌာနက တိုက်တွန်းခဲ့သည်။ **ဆင်ဟွာ**

အီရတ်နိုင်ငံတောင်ပိုင်း၌ လျှပ်စစ်ဓာတ်အားပေးစက်ရုံမီးလောင်

ဘဂ္ဂဒက် နိုဝင်ဘာ ၂၂

အီရတ်နိုင်ငံတောင်ပိုင်း ဘာစရာပြည်နယ်၌ နိုဝင်ဘာ ၂၁ ရက်က အယ်လ် ဟာသာ အပူဓွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံ၌ မီးလောင်မှုဖြစ်ပွားရာ လေးဦး သေဆုံးပြီး ၃၅ ဦး ဒဏ်ရာရရှိကြောင်း အီရတ် ပူးတွဲစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်နှင့် ဆက်နွယ်သည့် လုံခြုံရေးဆိုင်ရာ မီဒီယာဌာနခွဲ၏ ကနဦးသုံးသပ်ချက်အရ သိရသည်။

ဒဏ်ရာရရှိသူ အများစုမှာ တရားမဝင် အခြေချနေထိုင်ရာ နေအိမ်များမှ ဒေသခံများဖြစ်ကြပြီး မီးလောင်ဒဏ်ရာများနှင့် မီးခိုးငွေ့များ ရှူရှိုက်မိခြင်းတို့ကြောင့် ရေးဦးသူနာပြုစုမှုနှင့် ဆေးကုသမှု ခံယူရန် ခေါ်ဆောင်သွားခဲ့ကြောင်း အဆိုပါဌာနခွဲက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဓာတ်အားပေး စက်ရုံသို့ ဝို့လွတ်နေသည့် ဓာတ်ငွေ့ပိုက်လိုင်းမှာ ပေါက်ကွဲမှုဖြစ်ပွားပြီး နောက် မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကာ အနီးနားရှိ နောက်တွဲလူနေယာဉ်များနှင့် နေအိမ်များကို မီးကူးစက်ပျံနှံ့ခဲ့ကြောင်း အရပ်ဘက် ကာကွယ်ရေးဥက္ကဋ္ဌကြီးမှူးဦးစီးဌာနက သီခြားထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

❐ *ကျောဖုံးမှ*

ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးရှု ပျော်ရွှင်စွာဖြင့် အတူလိုက်ပါသီဆို ကခုန်ခြင်းများဖြင့် ပျော်ရွှင်စွာဆင်နွှဲကြပြီး ဈေးဆိုင်ခန်းများနှင့် လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်းနှင့် အစားအသောက် ရောင်းချနေမှုများကိုလည်း ဝယ်ယူအားပေးကြသူ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော်တေးသံရှင်များဖြစ်သည့် ခင်မောင်ထူး၊ ဂျက်မြသောင်း၊ ရာဝန၊ နီနီခင်ဇော်နှင့် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများက ရန်ကုန်မြို့နေ ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံကျော် တေးသံရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၂၄ ရက် အထိ နေ့စဉ်နံနက်ပိုင်းမှ ည ၁၀ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး ညပိုင်းတွင် ရုပ်ပုံမီးပုံးပျံများနှင့်အလှဆင်မီးပုံးပျံကြီးများကို လွှတ်တင်မည်ဖြစ်ရာ ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်းနှင့် ပွဲတော်လာ ပြည်သူများ သွားလာရေး အဆင်ပြေလွယ်ကူစေရန် အတွက် အကြို/အပို ကားများ စီစဉ်ဆောင်ရွက် ထားရှိကြောင်း သိရသည်။

ဇွန်ထက်ကို(ပြန်/ဆက်)



✪ *ကျောဖုံးမှ*

Point D ခြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့် ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်း သတိပေးချက်နှင့် လေကြောင်း သတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ် ကာလအတွင်း ဘေးအန္တရာယ် ကင်းရှင်းစေရေး အတွက် အဆိုပါဧရိယာမှ ၅ မိုင် ပတ်လည်အား သင်္ဘောကြီး/ယဉ်များ၊ ကုန်တင်ရေယာဉ်/စက်လှေများ၊ ငါးဖမ်းရေယာဉ်/လှေများ၊ စက်တပ်သမ္ဘန်များ ဖြတ်သန်း သွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်း ငါးထောင်) အောက် ဖြတ်ကျော် ပျံသန်းခြင်းမပြုကြရန် အသိပေး ကြေညာအပ်ပါသည်။



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)က AFC ဥက္ကဋ္ဌ၏ အသိအမှတ်ပြုကြေးတံဆိပ်ဆုနှင့် အခြေခံလူငယ်ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေးဆု (Bronze Award)တို့ကို ဆွတ်ခူးရရှိ

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) သည် အာရှဘောလုံးအဖွဲ့ချုပ် (AFC) ဥက္ကဋ္ဌ၏ အသိအမှတ်ပြု ကြေးတံဆိပ်ဆု (AFC President's Recognition Award – Bronze) နှင့် အခြေခံလူငယ်ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် (AFC President's Recognition Award for Grassroots Football – Bronze) တို့ကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် နိုဝင်ဘာ ၁၉ ရက်က ကျင်းပသည့် အာရှဘောလုံးအဖွဲ့ချုပ်၏ ၂၀၂၆ ခုနှစ် အကောင်းဆုံး ဘောလုံးဆုပေးပွဲအခမ်းအနား (AFC Awards Bangkok 2026) တွင် အဆိုပါဆုများကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

MFF အနေဖြင့် အမျိုးသား အမျိုးသမီး ဘောလုံးအကယ်ဒမီများ၊ ဒေသအလိုက် ဘောလုံးလေ့ကျင့်ရေး စင်တာများ၊ သင်တန်းသား ၁၇၀၀ တက်ရောက်ခဲ့သည့် ဒေသအလိုက် နွေရာသီအခမဲ့ဘောလုံးသင်တန်းများ၊ လူငယ် မျိုးဆက်သစ်ရွေးချယ်ရေးနှင့် လူငယ်ဘောလုံး ပွဲတော်များအား ၂၀၂၆ ခုနှစ်အတွင်း ရန်ကုန်သာမက အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ကျောင်းအခြေပြု Football For Schools လှုပ်ရှားမှုများသာမက FIFA Arena ကွဲသို့ ကစားကွင်းသစ်ဖော်ထုတ်မှုများ၊ ယူ ၁၂ အဆင့်မှ ယူ ၁၅ အဆင့်ထိ မျိုးဆက် သစ်ရှာဖွေဖော်ထုတ်ရေး စီမံကိန်းများအား တိုင်းဒေသကြီးနှင့်ပြည်နယ် ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက် ခဲ့ကြောင်းလည်း ထုတ်ပြန်ထားသော အချက် အလက်များအရ သိရသည်။

အခြေခံလူငယ်ဘောလုံး ဖွံ့ဖြိုးတိုးတက် ရေးကဏ္ဍအတွက် အာရှဘောလုံးအဖွဲ့ချုပ် (AFC) ဥက္ကဋ္ဌ၏ အသိအမှတ်ပြုဂွေတံဆိပ်ဆု (AFC President's Recognition Award–Silver) ကို ဘင်္ဂလားဒေ့ရှ်ဘောလုံးအဖွဲ့ချုပ် (BFF) က လည်းကောင်း၊ ရွှေတံဆိပ်ဆု (AFC President's Recognition Award – Gold) ကို ဂျပန်ဘောလုံးအဖွဲ့ချုပ်(JFA)က လည်း ကောင်း အသီးသီးရရှိခဲ့ကြောင်း သိရသည်။

TWA

အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

သထုံ နိုဝင်ဘာ ၂၂

မွန်ပြည်နယ် သထုံမြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌဖလား အသက် (၁၈) နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက သထုံမြို့ နန်းခဲရပ်ကွက်ရှိ ခရိုင် အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ အထက(၁) ကျောင်း ဘောလုံးအသင်းနှင့် အထက (နောင်ကုလားရုမ်းရွာ) ကျောင်း ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အထက (နောင်ကုလားရုမ်းရွာ) ဘောလုံး အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးက ပထမဆုရရှိခဲ့သည့် အထက (နောင်ကုလားရုမ်းရွာ) ဘောလုံး အသင်းအား ဂုဏ်ပြုဆုဖလားနှင့် ဆုတံဆိပ်တို့ကို ချီးမြှင့်ပေးပြီး ဒုတိယဆု၊ ပူးတွဲတတိယဆုနှင့်



နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုများကိုတာဝန်ရှိသူများက ချီးမြှင့်ပေးကြသည်။

သထုံမြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌဖလား အသက် (၁၈) နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက် မှ ၂၂ ရက်အထိကျင်းပခဲ့ပြီး သထုံမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ ပြိုင်ပွဲဝင် ဘောလုံး အသင်း စုစုပေါင်း ၂၄ သင်း ပါဝင် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❋ *ကျောဖုံးမှ*

နယူးကာဆယ်အသင်းသည် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ကစားသမားအများအပြား အပြောင်းအလဲပြုလုပ်ပြီးနောက် ကစားအားတက်လာပြီး အာဆင်နယ်အသင်းကို ပွဲချိန်အများစု တစ်ဖက်သတ် ဖိအားပေးကစားနိုင်ခဲ့သည်။ သို့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံးဟန့်တားကာကွယ်ထားနိုင်သည့်အတွက် နိုင်ပွဲရသည်အထိ စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပေ။ အာဆင်နယ်အသင်းသည် ယခုပွဲစဉ် သရေကျခဲ့သော်လည်း ရမှတ် ၂၈ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားသည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘုန်းမောက်က နော်တင်ဟမ်ဖောရက်စ်ကို နှစ်ဂိုး-ဂိုးမရှိ၊ လိဒ်စ်က ချယ်ဆီးကို လေးဂိုး-တစ်ဂိုး၊ ကိုဗင်ထရီက ခရစ္စတယ်ပဲလေ့စ်ကို သုံးဂိုး-နှစ်ဂိုး၊ စပါးက အစ်ဆွစ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့ပြီး မန်စီးတီးနှင့် ဖူလ်ဟမ်အသင်းပွဲစဉ်တွင် တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။ ထို့အပြင် အက်စ်တွန်ဗီလာနှင့် ဆန်းဒါးလန်း အသင်းပွဲစဉ်တွင်လည်း ဂိုးမရှိ သရေကျခဲ့သည်။

အောင်ဇော်



❍ *ကျောဖုံးမှ*

အဆင့်(၂) နေရာမှ Victoria အသင်းက United City အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ ယခုရာသီပွဲစဉ်များအပြီးတွင် ဒုတိယဆုကို ရရှိခဲ့သည်။

အခြားပွဲစဉ်များတွင် Pacific Sun Far က Mahar Burma အသင်းကို သုံးဂိုး တစ်ဂိုး၊ FF MinMaHaw က Avengers Junior အသင်းကို သုံးဂိုး–တစ်ဂိုး၊ Bushido က Jullniss အသင်းကို ၁၁ ဂိုး–တစ်ဂိုးနှင့် Mar Rein အသင်းက ရွှေပြည်သာယူနိုက်တက်ကို ကိုးဂိုး-ခုနစ်ဂိုးဖြင့် အနိုင်ရခဲ့ကြသည်။

ယခုရာသီ အပတ်စဉ်(၂၂) နောက်ဆုံးပွဲစဉ်များအပြီးတွင် ချန်ပီယံဖြစ်သည့် SGF Youth အသင်းက ၅၉ မှတ်၊ ဒုတိယနေရာမှ Victoria အသင်းက ၅၆ မှတ်၊ Pacific Sun Far ၄၇ မှတ်၊ FF MinMaHaw ၄၄ မှတ်၊ Mahar Burma ၄၃ မှတ်၊ Avengers Junior ၃၁ မှတ်၊ United City ၂၈ မှတ်၊ Jullniss FC ၂၄ မှတ်၊ TKA Star ၁၉ မှတ်၊ Bushido FC ၁၇ မှတ်၊ Mar Rein FC ၈ မှတ်နှင့် ရွှေပြည်သာယူနိုက်တက် ၇ မှတ်ဖြင့် အသီးသီး ရပ်တည်ခဲ့သည်။

နေမျိုး၊ ဓာတ်ပုံ–MFF

❖ *ကျောဖုံးမှ*

YUSC ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် အဆိုပါပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်က ဟံသာဝတီယူနိုက်တက်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အနိုင်ဂိုးများကို ၃၉ မိနစ်တွင် ခွန်ချိုထူး၊ ၅၁ မိနစ်တွင် အောင်မျိုးမင်းနှင့် ၈၁ မိနစ်တွင် ထူးဝဏ္ဏတို့က သွင်းယူပေးခဲ့သည်။ ပွဲစဉ်အကောင်းဆုံး ကစားသမားဆုကို ရန်ကုန်ယူနိုက်တက်မှ အောင်မျိုးမင်းက ရရှိခဲ့သည်။

အပတ်စဉ်(၂၅) ပွဲစဉ်များအပြီးတွင် ရန်ကုန်ယူနိုက်တက် ၆၁ မှတ်၊ ISPE ၅၉ မှတ်၊ ဒဂုံစတား ၅၅ မှတ်၊ ရတနာပုံ ၄၈ မှတ်၊ ရန်ကုန်စီးတီး ၄၀ မှတ်၊ ရှမ်းယူနိုက်တက် ၃၈ မှတ်၊ FALCON FC ၃၆ မှတ်၊ Galaxy FC ၃၃ မှတ် (၂၄ ပွဲ)၊ သစ္စာအားမာန် ၃၁ မှတ်၊ ဟံသာဝတီ ၂၄ မှတ်၊ ဧရာဝတီ ၂၂ မှတ်၊ စစ်ကိုင်းယူနိုက်တက် ၂၁ မှတ်(၂၄ ပွဲ)၊ မြဝတီ ၁၂ မှတ်နှင့် ချင်းလန်းအသင်းက ၈ မှတ်ရရှိထားသည်။

နေမျိုး၊ ဓာတ်ပုံ–ML

အခွန်ဝင်ငွေ မှန်ကန်စွာ စီးဝင်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေး ...

ပြည်သူ့ဘဏ္ဍာငွေကို အဂတိကင်းစင်စွာ ထိန်းသိမ်းခြင်းသည် ပြည်သူ့အကျိုးစီးပွားကို ကာကွယ်ခြင်းဖြစ်သည်

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသော ဘဏ္ဍာရေးစနစ်တစ်ရပ်ရှိရန် အရေးကြီးသည်။ နိုင်ငံ၏ ဘဏ္ဍာရေးအရင်းအမြစ်များအနက် ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များထံမှ ဥပဒေနှင့်အညီ ကောက်ခံရရှိသော အခွန်ဝင်ငွေများသည် အဓိက အခန်းကဏ္ဍမှ ပါဝင်သည်။ အခွန်ဝင်ငွေများသည် နိုင်ငံတော်၏ပညာရေး၊ကျန်းမာရေးလမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် ရေပေးဝေရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အရေးပါသော ဘဏ္ဍာရေးအထောက်အပံ့များဖြစ်သည်။

အခွန်ဆိုသည်မှာ ပြည်သူတစ်ဦးချင်းနှင့် စီးပွားရေးလုပ်ငန်းများက ဥပဒေသတ်မှတ်ချက်များအရ နိုင်ငံတော်သို့ ပေးဆောင်ရသော ဘဏ္ဍာရေးတာဝန်တစ်ရပ်ဖြစ်သည်။ ထိုအခွန်ငွေများသည် နိုင်ငံတော် ဘဏ္ဍာတိုက်သို့ မှန်ကန်ပြည့်စုံစွာ စီးဝင်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ထိရောက်စွာ ပြန်လည်အသုံးပြုနိုင်မှသာ အခွန်ကောက်ခံခြင်း၏ ရည်ရွယ်ချက် ပြည့်ဝမည်ဖြစ်သည်။

သို့ရာတွင် **အချို့သောအခြေအနေများ၌ အခွန်ပေးဆောင်ရန် တာဝန်ရှိသူများက ဝင်ငွေကို ဖုံးကွယ်ခြင်း၊ အခွန်ပမာဏကို လျှော့ချဖော်ပြခြင်း၊ အတုအယောင်စာရင်းများ ပြုလုပ်ခြင်းနှင့် တာဝန်ရှိသူများအား လာဘ်ပေး၍ အခွန်ပေးဆောင်မှုကို မမှန်မကန်လျှော့ချခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ ထို့အပြင် နိုင်ငံတော်သို့ ရောက်ရှိရမည့် အခွန်ငွေများကို တာဝန်ရှိသူများက ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခြင်းသည်လည်း နိုင်ငံ၏ဘဏ္ဍာရေးအရင်းအမြစ်ကို ဆုံးရှုံးစေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်သည်။**

ဤသို့အခွန်ဝင်ငွေများ မှန်ကန်သောလမ်းကြောင်းအတိုင်း မစီးဝင်ဘဲ လွဲမှားစီးဆင်းခြင်းသည်ငွေကြေးဆုံးရှုံးမှုတစ်ခုမျှသာ မဟုတ်ပေ။ ပြည်သူများအတွက် ဆောင်ရွက်ပေးရမည့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးလုပ်ငန်းများကိုပါ ထိခိုက်စေနိုင်သည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အခွန်ရရှောင်တိမ်းမှုနှင့် အဂတိလိုက်စားမှုတို့က နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ကြီးမားသော အတားအဆီးများဖြစ်လာနိုင်သည်။ ထို့ကြောင့် အခွန်ဝင်ငွေများကို မှန်ကန်စွာ ကောက်ခံခြင်း၊ ပွင့်လင်းမြင်သာစွာ စီမံခန့်ခွဲခြင်းနှင့် အဂတိကင်းစင်စွာ အသုံးပြုခြင်းတို့သည် နိုင်ငံတော်နှင့် ပြည်သူအားလုံး၏ အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်သည်။

အခွန်ဝင်ငွေများသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် အခြေခံအရင်းအမြစ်ဖြစ်ခြင်း

အခွန်ကောက်ခံခြင်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်ရန် ဘဏ္ဍာရေးအရင်းအမြစ်များ စုဆောင်းခြင်းဖြစ်သည်။

ပညာရေးကဏ္ဍတွင် ကျောင်းများနှင့် တက္ကသိုလ်များ တည်ဆောက်ခြင်း၊ ပညာသင် ထောက်ပံ့ကြေးများ ပေးအပ်ခြင်း၊ ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်ခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာရေး ဖွံ့ဖြိုးစေခြင်းတို့အတွက် အခွန်ဝင်ငွေများကို အသုံးပြုနိုင်သည်။

ကျန်းမာရေးကဏ္ဍတွင် ဆေးရုံ၊ ဆေးခန်းများ တည်ဆောက်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ ဖြည့်ဆည်းခြင်း၊ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်ခြင်း၊ ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုနိုင်သည်။

အခြေခံအဆောက်အအုံကဏ္ဍတွင်လမ်း၊တံတား၊ လျှပ်စစ်ဓာတ်အား၊ သန့်ရှင်းသော သောက်သုံးရေနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးစေရန် အသုံးပြုနိုင်သည်။ ထိုလုပ်ငန်းများသည် စီးပွားရေးလုပ်ငန်းများ၏ လည်ပတ်နိုင်စွမ်းကို မြှင့်တင်ပေးသကဲ့သို့ ဒေသအသီးသီးရှိပြည်သူများ၏နေ့စဉ်ဘဝကိုလည်း အထောက်အကူပြုသည်။

ထို့အပြင် Public Social Welfare ဟုခေါ်သော ပြည်သူလူမှုဖူလုံရေးကဏ္ဍသည်လည်း အခွန်ဝင်ငွေများကို အသုံးပြုရာတွင် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်သည်။ ဆင်းရဲနွမ်းပါးသူများ၊ သက်ကြီးရွယ်အို များ၊ မသန်စွမ်းသူများ၊ ကလေးသူငယ်များနှင့် အခက်အခဲကြုံတွေ့နေရသော မိသားစုများအတွက် အထောက်အပံ့ပေးခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများတွင် ကူညီကယ်ဆယ်ခြင်းတို့သည် ပြည်သူ့လူမှုဖူလုံရေးလုပ်ငန်းများ၏ အစိတ်အပိုင်းများဖြစ်သည်။

ထို့ကြောင့် အခွန်ပေးဆောင်ခြင်းသည် တစ်ဦးချင်း၏ တာဝန်တစ်ရပ်ဖြစ်သကဲ့သို့ လူ့အဖွဲ့အစည်း တစ်ခုလုံး၏ အကျိုးစီးပွားအတွက် ပါဝင်ပံ့ပိုးခြင်းလည်းဖြစ်သည်။ အခွန်ငွေများကို မှန်ကန်စွာ ကောက်ခံခြင်းနှင့် ထိရောက်စွာ ပြန်လည်အသုံးပြုနိုင်ခြင်းသည် ပြည်သူနှင့် နိုင်ငံတော်အကြား ယုံကြည်မှုတည်ဆောက်ရာတွင် အရေးပါသည်။

အခွန်ဝင်ငွေများ လွဲမှားစီးဆင်းခြင်းနှင့် အဂတိလိုက်စားမှု၏ ဆိုးကျိုးများ

အခွန်ဝင်ငွေများသည် နိုင်ငံတော်၏ ဘဏ္ဍာရေးအရင်းအမြစ်ဖြစ်သော်လည်း အချို့သော အခြေအနေများတွင် နိုင်ငံတော်သို့ ရောက်ရှိသင့်သည့် ပမာဏအပြည့်အဝ မရောက်ရှိနိုင်ပေ။ ထိုအခြေအနေကို အခွန်ဝင်ငွေဆုံးရှုံးမှုဟု ခေါ်ဆိုနိုင်သည်။

အခွန်ဝင်ငွေဆုံးရှုံးမှုသည် အောက်ပါအကြောင်းရင်းများကြောင့် ဖြစ်ပေါ်နိုင်သည် -

၁။ စီးပွားရေးလုပ်ငန်းများက အမှန်တကယ်ရရှိသော ဝင်ငွေကို လျှော့ချဖော်ပြခြင်း၊

၂။ စာရင်းအင်းနှစ်စဉ် ထားရှိခြင်း၊ အတုအယောင် ပြေစာများနှင့် အသုံးစရိတ်များ ဖန်တီးခြင်း၊

၃။ အခွန်ပေးဆောင်ရန် တာဝန်ရှိသူများက ရောင်းချမှုနှင့် ဝန်ဆောင်မှုဝင်ငွေများကို ချန်လှပ်ထားခြင်း၊

၄။ အခွန်တာဝန်ရှိသူများကိုလာဘ်ပေး၍ပေးဆောင်ရမည့် အခွန်ငွေကို မတရားလျှော့ချခြင်း၊

၅။ သွင်းကုန်တာန်ဖိုးကို လျှော့ချဖော်ပြခြင်းနှင့် အကောက်ခွန်ရှောင်တိမ်းခြင်း၊

၆။ ကုမ္ပဏီအချင်းချင်း ဈေးနှုန်းသတ်မှတ်မှုကို မသင့်လျော်စွာ အသုံးပြု၍ အမြတ်အစွန်းကို အခွန်နည်းသောနေရာသို့ ရွှေ့ပြောင်းခြင်း၊

၇။ အခွန်ကောက်ခံရေးတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်အချို့ ပူးပေါင်း၍ အခွန်ဝင်ငွေကို ကိုယ်ကျိုးအတွက် အသုံးပြုခြင်း။

၈။ နိုင်ငံတော်ဘဏ္ဍာတိုက်သို့ ပေးသွင်းရမည့်ငွေများကို ကြားခံအဆင့်များတွင် အလွဲသုံးစားပြုခြင်း။

ဤဖြစ်စဉ်များသည် နိုင်ငံတော်၏ ဘဏ္ဍာရေး ဝင်ငွေကို လျော့နည်းစေသည့်အပြင် ဥပဒေလိုက်နာသော အခွန်ထမ်းပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအပေါ် မမျှတမှုကို ဖြစ်ပေါ်စေသည်။ အခွန်မှန်ကန်စွာ ပေးဆောင်သူများသည် အခွန်ရှောင်တိမ်းသူများနှင့် ယှဉ်ပြိုင်ရာတွင် အားနည်းသွားနိုင်သည်။ ထို့ပြင် နိုင်ငံတော်က ဆောင်ရွက်ပေးရမည့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးလုပ်ငန်းများအတွက် လိုအပ်သော ဘဏ္ဍာငွေများလည်း လျော့နည်းသွားနိုင်သည်။

> **“ အချို့သောအခြေအနေများ၌ အခွန်ပေးဆောင်ရန် တာဝန်ရှိသူများက ဝင်ငွေကို ဖုံးကွယ်ခြင်း၊ အခွန်ပမာဏကို လျှော့ချဖော်ပြခြင်း၊ အတုအယောင်စာရင်းများ ပြုလုပ်ခြင်းနှင့် တာဝန်ရှိသူများအား လာဘ်ပေး၍ အခွန်ပေးဆောင်မှုကို မမှန်မကန်လျှော့ချခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ ထို့အပြင် နိုင်ငံတော်သို့ ရောက်ရှိရမည့် အခွန်ငွေများကို တာဝန်ရှိသူအချို့က ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခြင်းသည်လည်း နိုင်ငံ၏ဘဏ္ဍာရေး အရင်းအမြစ်ကို ဆုံးရှုံးစေသည့် အကြောင်းရင်းတစ်ရပ်ဖြစ် ”**

အထူးသဖြင့် အခွန်ကောက်ခံရေး တာဝန်ရှိသူများကိုယ်တိုင် လာဘ်ပေးလာဘ်ယူမှုတွင် ပါဝင်ပတ်သက်ပါက အခွန်စနစ်တစ်ခုလုံးအပေါ် ပြည်သူ့ယုံကြည်မှု ပျက်ပြားနိုင်သည်။ အခွန်ပေးဆောင်သူများက မိမိတို့၏ ငွေများကို မည်သည့်နေရာတွင် အသုံးပြုနေကြောင်း မသိရှိနိုင်ပါက အခွန်လိုက်နာလိုစိတ်လည်း လျော့နည်းလာနိုင်သည်။

ထို့ကြောင့် အခွန်ဝင်ငွေများ လွဲမှားစီးဆင်းခြင်းကို သာမန်စာရင်းအင်းဆိုင်ရာ အမှားအယွင်းအဖြစ်သာ မသတ်မှတ်သင့်ပေ။ အထောက်အထားအရ ရည်ရွယ်ချက်ရှိရှိ အခွန်ရှောင်တိမ်းခြင်း၊ အာဏာအလွဲသုံးစားပြုခြင်းနှင့် အဂတိလိုက်စားခြင်းတို့ကို သက်ဆိုင်ရာဥပဒေများအရ အရေးယူ ဆောင်ရွက်ရန် လိုအပ်သည်။

အခွန်ဝင်ငွေဆုံးရှုံးမှုကို တားဆီးရေး နိုင်ငံတကာအတွေ့အကြုံများ

နိုင်ငံတကာတွင် အခွန်ဝင်ငွေဆုံးရှုံးမှုကို တားဆီးရန် ဥပဒေဘိုးဘိုးရေး၊ ဒီဂျစ်တယ်နည်းပညာနှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးစနစ်များကို ပေါင်းစပ်အသုံးပြုကြသည်။

(က) စင်ကာပူနိုင်ငံ၏ အခွန်ရှောင်တိမ်းမှု တားဆီးရေးစနစ်

စင်ကာပူနိုင်ငံ၏ Inland Revenue Authority of Singapore (IRAS) သည် အခွန်ရှောင်တိမ်းမှုကို တားဆီးရန် အခွန်စာရင်းစစ်ဆေးခြင်း၊ သတင်းအချက်အလက်ခွဲခြမ်းစိတ်ဖြာခြင်းနှင့် သံသယဖြစ်ဖွယ် အခွန်ဆိုင်ရာလုပ်ငန်းများကို စုံစမ်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်သည်။

စင်ကာပူနိုင်ငံ၏ ဥပဒေအရ အခွန်ရှောင်တိမ်းမှုကို သက်သေပြနိုင်ပါက ရှောင်တိမ်းထားသော အခွန်ပမာဏအပေါ် ပြစ်ဒဏ်ငွေ၊ ဒဏ်ကြေးနှင့် ထောင်ဒဏ်တို့ ချမှတ်နိုင်သည်။ ထို့အပြင် အခွန်ဆုံးရှုံးမှုကို ဖော်ထုတ်နိုင်သည့် သတင်းပေးသူများအတွက်လည်း သတ်မှတ်ချက်နှင့်အညီ ဆုကြေးပေးသည့်စနစ်ရှိသည်။ ဤသာကေမှ အခွန်ကောက်ခံမှုတွင် နည်းပညာအသုံးပြုခြင်း၊ သက်သေအထောက်အထား အခြေခံ၍ စုံစမ်းစစ်ဆေးခြင်းနှင့် ပြစ်မှုကျူးလွန်သူကို ဥပဒေအရ အရေးယူခြင်းတို့၏ အရေးပါမှုကို တွေ့ရှိနိုင်သည်။

(ခ) ဖိလစ်ပိုင်နိုင်ငံ၏ အတုအယောင်ပြေစာများ တားဆီးရေး

ဖိလစ်ပိုင်နိုင်ငံ၏ Bureau of Internal Revenue (BIR)သည် အခွန်ရှောင်တိမ်းသူများကို စုံစမ်းဖော်ထုတ်ရန် Run After Tax Evaders (RATE) အစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။ ထို့အပြင် အတုအယောင်အရောင်းအဝယ်ပြေစာများကို ရောင်းချခြင်းနှင့် အသုံးပြုခြင်းတို့ကို တားဆီးရန် Run After Fake Transactions (RAFT) အစီအစဉ်ကိုလည်း ဆောင်ရွက်ခဲ့သည်။

ဖိလစ်ပိုင်ဘဏ္ဍာရေးဌာန၏ ၂၀၂၄ ခုနှစ် ထုတ်ပြန်ချက်များအရ RAFT အစီအစဉ်ဖြင့် အတုအယောင်အရောင်းအဝယ်များကို စစ်ဆေးဖော်ထုတ်ခဲ့ပြီး အခွန်ဝင်ငွေ ပြန်လည်ကောက်ခံနိုင်ခဲ့သည်။ ဤဖြစ်စဉ်သည် စာရင်းအင်းလိမ်လည်မှုနှင့် အတုအယောင်ပြေစာများ အသုံးပြုမှုကို ထိရောက်စွာ တားဆီးရန် စနစ်တကျစစ်ဆေးရေးလုပ်ငန်းများ လိုအပ်ကြောင်း ပြသသည်။

(ဂ) နိုင်ငံတကာ အခွန်သတင်းအချက်အလက် ဖလှယ်ရေးစနစ်

OECD ၏ Global Forum on Transparency and Exchange of Information for Tax Purposes သည် နိုင်ငံများအကြား အခွန်ဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်နိုင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အချို့သော စီးပွားရေးလုပ်ငန်းရှင်များက မိမိတို့၏ဝင်ငွေနှင့် ပိုင်ဆိုင်မှုများကို ပြည်ပဘဏ်စာရင်းများ၊ ကုမ္ပဏီများနှင့် အခြားငွေကြေးဆိုင်ရာ ဖွဲ့စည်းပုံများမှတစ်ဆင့် ဖုံးကွယ်ထားနိုင်သည်။ နိုင်ငံတကာ သတင်းအချက်အလက်ဖလှယ်ရေးစနစ်သည် ထိုကဲ့သို့သော အခွန်ရှောင်တိမ်းမှုများကို ဖော်ထုတ်ရာတွင် အထောက်အကူပြုသည်။

OECD ၏ ထုတ်ပြန်ချက်များအရ နိုင်ငံတကာ အခွန်ဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက်ဖလှယ်မှုများမှတစ်ဆင့် ၂၀၀၉ ခုနှစ်မှစ၍ ယူရို ၁၃၈ ဘီလီယံကျော် ထပ်တိုးအခွန်ဝင်ငွေများကို ဖော်ထုတ်ရရှိခဲ့ကြောင်း သိရှိရသည်။ ဤအတွေ့အကြုံသည် နယ်စပ်ဖြတ်ကျော် အခွန်ရှောင်တိမ်းမှုများကို နိုင်ငံတစ်နိုင်ငံတည်း၏ အားထုတ်မှုဖြင့်သာ မဖြေရှင်းနိုင်ဘဲ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း ပြသသည်။

(ဃ) အရှေ့တောင်အာရှနိုင်ငံများ၏ အခွန်စနစ် ပြုပြင်ပြောင်းလဲရေး

အရှေ့တောင်အာရှနိုင်ငံများတွင် အခွန်ကောက်ခံမှုကို ပိုမိုထိရောက်စေရန် အွန်လိုင်းအခွန်ကြေညာလွှာတင်သွင်းခြင်း၊ အီလက်ထရွန်နစ်ပြေစာထုတ်ပေးခြင်း၊ ဘဏ်ငွေပေးချေမှုမှတ်တမ်းများနှင့် အခွန်စာရင်းများကို တိုက်ဆိုင်စစ်ဆေးခြင်းတို့ကို တိုးမြှင့်အသုံးပြုလာကြသည်။ ဤစနစ်များသည် အခွန်ပေးဆောင်သူများအတွက် လုပ်ငန်းစဉ်များကို လွယ်ကူစေသကဲ့သို့ အခွန်ငွေများကို လက်ခံရရှိသည့်လုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာမှုကိုလည်း တိုးတက်စေသည်။ နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်ငွေများကို အလွဲသုံးစားပြုနိုင်သည့် အခွင့်အလမ်းများကို လျော့ချနိုင်သည်။

အခွန်ဝင်ငွေ လွဲမှားစီးဆင်းမှုအပေါ် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ခြင်း

အခွန်ဝင်ငွေဆုံးရှုံးမှုနှင့် အဂတိလိုက်စားမှုကို တားဆီးရာတွင် ဥပဒေစိုးမိုးမှုသည် အဓိက အရေးပါသည်။

စာမျက်နှာ ၁၇ သို့

နိုင်ငံတကာတရားရုံး (ICJ) ၏ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ အပြီးသတ်စီရင်ချက်အပေါ် ပြည်သူ့ရွေ့ဆောင်ပါတီ၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ၊ (၂၂) ရက်

၁။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် နိုင်ငံတကာတရားရုံး (International Court of Justice – ICJ) မှ (ဂမ်ဘီယာနှင့် မြန်မာ) အပေါ်ချမှတ်ခဲ့သည့် အပြီးသတ်စီရင်ချက်ကို ပြည်သူ့ရွေ့ဆောင်ပါတီအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးစီးပွား၊ နိုင်ငံတကာ ဥပဒေစံနှုန်းများနှင့်အညီ အလေးအနက်လေ့လာသုံးသပ်လျက်ရှိပါသည်။

၂။ အဆိုပါစီရင်ချက်တွင် မြန်မာနိုင်ငံအား လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ရာတွင်တာဝန်ရှိကြောင်း ဆုံးဖြတ်ခဲ့သည့် အဓိကအချက်သည် တရားရုံးတစ်ရပ်လုံး တညီတညွတ်တည်းဆုံးဖြတ်ခဲ့ခြင်းမဟုတ်ဘဲ တရားသူကြီး ၉ မဲ - ၆ မဲ ဖြင့်သာ မဲကွဲလွဲဆုံးဖြတ်ခဲ့ခြင်းကို တွေ့ရှိရပါသည်။ ICJ ဒုတိယဥက္ကဋ္ဌအပါအဝင် တရားသူကြီး ၆ ဦးက အဆိုပါအဓိကဆုံးဖြတ်ချက်အပေါ် ကန့်ကွက်မဲပေးခဲ့ကြခြင်းသည် လူမျိုးသုဉ်းသတ်ဖြတ်လိုသော အထူးရည်ရွယ်ချက် (Dolus Specialis)၊ သက်သေပြရန် စံနှုန်းနှင့် နိုင်ငံတော်၏တိုက်ရိုက်တာဝန်ရှိမှုဆိုင်ရာ ဥပဒေအဓိပ္ပာယ်ဖွင့်ဆိုချက်များအပေါ် နိုင်ငံတကာတရားသူကြီးများ အကြားဥာဏ်ပင် လေးနက်သော ဥပဒေအမြင်ကွဲလွဲမှုများရှိနေကြောင်း ထင်ရှားစေပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် ရခိုင်ပြည်နယ်၏ရှုပ်ထွေးနက်နဲသော မြေပြင်လုံခြုံရေးအခြေအနေများကို ထောက်ရှု၍ အဆိုပါစီရင်ချက်ပါ အဓိကဥပဒေကောက်ချက်များနှင့် သက်သေအထောက်အထားသုံးသပ်မှုအချို့အပေါ် ပါတီအနေဖြင့် အပြည့်အဝ သဘောတူလက်ခံနိုင်ခြင်းမရှိပါကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။

၃။ ထို့အပြင် စီရင်ချက်၌ပင် စာချုပ်အပိုဒ် ၂ (ဂ) ပါ ရှုပ်ပိုင်းဆိုင်ရာ ပျက်သုဉ်းစေရန် လူနေမှုအခြေအနေများ တမင်ဖန်တီးခြင်း စွပ်စွဲချက်ကို သက်သေမပြနိုင်ကြောင်းဆုံးဖြတ်ခဲ့ခြင်း၊ တိုက်ရိုက်နှင့် လူသိရှင်ကြား လှုံ့ဆော်မှုစွပ်စွဲချက်ကို ၁၄-၁ မဲဖြင့် ပယ်ချခဲ့ခြင်းနှင့် ကျန်တောင်းဆိုချက်များကို ၁၅-၀ မဲဖြင့် ပယ်ချခဲ့ခြင်းတို့သည် ယခုအမှု၏ အချက်အလက်နှင့် ဥပဒေကြောင်းဆိုင်ရာ ရှုပ်ထွေးမှုကို ထင်ဟပ်လျက်ရှိပါသည်။

၄။ အပြည်ပြည်ဆိုင်ရာတရားရုံး၏ စီရင်ချက်ပါ အဓိကဥပဒေကောက်ချက်အပေါ် သဘောထားကွဲလွဲသော်လည်း နိုင်ငံတကာဥပဒေစံနှုန်းများနှင့် တရားဥပဒေစိုးမိုးရေးမူဝါဒကို အစဉ်အလေးထားပါသည်။ မည်သည့်လူမျိုးစု၊ ဘာသာရေးအသိုင်းအဝိုင်းအပေါ်မဆို ကျူးလွန်သည့် အကြမ်းဖက်မှုများနှင့် လူအခွင့်အရေးချိုးဖောက်မှုများကို လုံးဝဆန့်ကျင်ပြီး ဖြစ်ပွားခဲ့သည့် ပဋိပက္ခများအတွင်း ဥပဒေချိုးဖောက်မှုများရှိခဲ့ပါက ပြည်တွင်းတရားစီရင်ရေးစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ စုံစမ်းစစ်ဆေး အရေးယူခြင်းနှင့် လိုအပ်သော ပြည်တွင်းဥပဒေပြဋ္ဌာန်း ပြုပြင်ပြောင်းလဲခြင်းများဆောင်ရွက်ရန် အခိုင်အမာ နားလည်လက်ခံသဘောတူပါသည်။

၅။ ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသည့် ဒေသခံပြည်သူအားလုံး၏ ဘေးကင်းလုံခြုံရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများရရှိရေးနှင့် နေရပ်စွန့်ခွာသူများအရေးအား တည်ဆဲဥပဒေများ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ လူ့ဂုဏ်သိက္ခာရှိရှိ ရရှေ့ည်တည်တံ့သော အဖြေရှာနိုင်ရေးတို့သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် အဓိကကျကြောင်း ယုံကြည်ပါသည်။

၆။ စီရင်ချက်အရ လာမည့် ၂ နှစ်အတွင်း ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် နိုင်ငံတကာသံတမန်ရေးရာ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ရပ်တည်မှုများကို အစဉ်တစိုက်ထောက်ခံအားပေး ရပ်တည်သွားမည်ဖြစ်ကြောင်းနှင့် အပြည်ပြည်ဆိုင်ရာတရားရုံး၏ စီရင်ချက်တွင် ပါရှိသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေနိုင်သည့် တရားမမျှတစွာ စီရင်ဆုံးဖြတ်မှုများကို လုံး၀ (လုံး၀) လက်မခံနိုင်ပါကြောင်း လေးနက်စွာ သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်သူ့ရွေ့ဆောင်ပါတီ
People's Pioneer Party

စာမျက်နှာ ၁၆ မှ

ဥပဒေပြဋ္ဌာန်းထားရုံဖြင့် မလုံလောက်ဘဲ ဥပဒေကို တန်းတူကျင့်သုံးနိုင်သော အုပ်ချုပ်ရေးစနစ်နှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးစနစ်များလည်း ရှိရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် အခွန်ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာ၌ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ အထူးကုန်စည်ခွန်ဥပဒေ၊ တံဆိပ်ခေါင်းခွန်ဥပဒေ၊ အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေနှင့် သက်ဆိုင်ရာနှစ်အလိုက် ပြည်ထောင်စုဓ၏ အခွန်အကောက်ဥပဒေတို့ကို အခြေခံရမည်ဖြစ်သည်။ အဂတိလိုက်စားမှုနှင့် အာဏာအလွဲသုံးစားပြုမှုများ အတွက်လည်း သက်ဆိုင်ရာဥပဒေများအရ ဆောင်ရွက်ရမည်ဖြစ်သည်။

အခွန်ဝင်ငွေ လွဲမှားစီးဆင်းမှုကို တားဆီးရေးအတွက် အောက်ပါအဆင့်များကို ဆောင်ရွက်သင့်သည်-

အဆင့် (၁) – အခွန်စာရင်းများကို မှန်ကန်စွာ မှတ်တမ်းတင်ခြင်း

အခွန်ထမ်းသူများ၏ မှတ်ပုံတင်အချက်အလက်၊ ဝင်ငွေ၊ အသုံးစရိတ်နှင့် အခွန်ပေးသွင်းမှုတို့ကို ဒီဂျစ်တယ်စနစ်ဖြင့် မှတ်တမ်းတင်ထားရမည်။ ဘဏ်မှတစ်ဆင့် ပေးသွင်းသည့် အခွန်ငွေများနှင့် အခွန်ဌာန၏ မှတ်တမ်းများကို တိုက်ဆိုင်စစ်ဆေးနိုင်သည့် စနစ်တည်ဆောက်ရမည်။

အဆင့် (၂) – သဲသဲဖြစ်ဖြယ် အခွန်စာရင်းများကို စစ်ဆေးခြင်း

အမှန်တကယ်ဝင်ငွေနှင့် အခွန်ကြေညာထားသော ဝင်ငွေတို့အကြား ကွာဟချက်များ၊ အတု အယောင်ပြေစာများနှင့် မမှန်ကန်သော အသုံးစရိတ် စာရင်းများကို အထောက်အထားအခြေခံ၍ စစ်ဆေးရမည်။ စစ်ဆေးမှုကို ပုဂ္ဂိုလ်ရေးအကျိုးစီးပွားနှင့် မသက်ဆိုင်ဘဲ တူညီသော စံနှုန်းများဖြင့် ဆောင်ရွက်ရမည်။

အဆင့် (၃) – အခွန်ရှောင်တိမ်းမှုနှင့် အဂတိလိုက်စားမှုကို စုံစမ်းခြင်း

အခွန်ရှောင်တိမ်းမှု၊ အခွန်ငွေ အလွဲသုံးစားပြုမှုနှင့် လာဘ်ပေးလာဘ်ယူမှုတို့ကို သီးခြားခွဲခြား၍ စုံစမ်းရမည်။ လုပ်ငန်းရှင်တစ်ဦးတည်းသာမက အခွန်တာဝန်ရှိသူများပါ ပါဝင်ပတ်သက်မှုရှိပါက သက်သေအထောက်အထားအရ တာဝန်ရှိသူအားလုံးကို စစ်ဆေးရမည်။

အဆင့် (၄) – ဥပဒေအရ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် ဆုံးရှုံးငွေ ပြန်လည်ရယူခြင်း

အခွန်ရှောင်တိမ်းမှုနှင့် အခွန်ငွေ အလွဲသုံးစားပြုမှုများကို သက်ဆိုင်ရာဥပဒေများအရ အရေးယူရမည်။ ပေးဆောင်ရန်ကျန်ရှိသော အခွန်ငွေများ၊ ဥပဒေအရ သတ်မှတ်ထားသော ဒဏ်ကြေးများနှင့် အခြားတာဝန်များကို ပြန်လည်ကောက်ခံရမည်။ ရာဇဝတ်မှုမြောက်ကြောင်း သက်သေပြနိုင်ပါက တရားရုံးသို့ တင်ပြ၍ ဥပဒေအရ အရေးယူရမည်။

အဆင့် (၅) – ပြည်သူ့စောင့်ကြည့်မှုနှင့် တာဝန်ခံမှုကို မြှင့်တင်ခြင်း

အခွန်ကောက်ခံရရှိမှုနှင့် ပြည်သူ့အသုံးစရိတ်များကို အများပြည်သူသိရှိနိုင်သောပုံစံဖြင့် ထုတ်ပြန်ရမည်။ တိုင်ကြားနိုင်သော လမ်းကြောင်းများနှင့် သတင်းပေးသူများကို ဥပဒေအရ ကာကွယ်ပေးနိုင်သည့်စနစ်များ ထားရှိရမည်။ အရေးယူမှုများ ပြုလုပ်ပြီးနောက် ပြုပြင်ပြောင်းလဲမှုများ အမှန်တကယ် ဖြစ်ပေါ်လာခြင်းရှိမရှိ ဆက်လက် စောင့်ကြည့်ရမည်။

ဤလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် စွပ်စွဲခံရသူတိုင်းအား ကြိုတင်ပြစ်မှု ကျူးလွန်သူအဖြစ် မသတ်မှတ်ဘဲ တရားမျှတသော စစ်ဆေးမှု ခုခံခွေ့ပ ခွင့်နှင့် လွတ်လပ်သော တရားစီရင်မှုတို့ကို အာမခံပေးရန်လည်း အရေးကြီးသည်။

မြန်မာနိုင်ငံတွင် အခွန်ဝင်ငွေဆုံးရှုံးမှု ကင်းစင်ရေး အတွက် ဆောင်ရွက်သင့်သည့်အချက်များ

မြန်မာနိုင်ငံ၏ အခွန်စနစ်ကို ပိုမိုထိရောက်စေရန် အခွန်ကောက်ခံမှု၊ စီမံခန့်ခွဲမှုနှင့် စစ်ဆေးရေး လုပ်ငန်းများကို အဆင့်မြှင့်တင်ရန် လိုအပ်သည်။

ပထမအချက်အနေဖြင့် အခွန်ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတိကျစွာ ပြဋ္ဌာန်းသင့်သည်။ အခွန်ပေးဆောင်ရမည့် ပုဂ္ဂိုလ်များနှင့် လုပ်ငန်းများအတွက် တူညီသောစံနှုန်းများ သတ်မှတ်ထားရမည်။ အခွန်ကင်းလွတ်ခွင့်များကိုလည်း သတ်မှတ်ချက်နှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်။

ဒုတိယအချက်အနေဖြင့် အခွန်ကောက်ခံမှုကို ဒီဂျစ်တယ်စနစ်ဖြင့် တိုးမြှင့်ဆောင်ရွက်သင့်သည်။ အခွန်တွက်ချက်ခြင်း၊ ပေးသွင်းခြင်း၊ ပြေစာထုတ်ပေးခြင်းနှင့် မှတ်တမ်းထိန်းသိမ်းခြင်းတို့ကို အီလက်ထရွန်နစ်စနစ်ဖြင့် ဆောင်ရွက်ခြင်းသည် လာဘ်ပေးလာဘ်ယူမှုနှင့် စာရင်းအင်းအလွဲသုံးစားပြုမှုများကို လျော့ချနိုင်သည်။

တတိယအချက်အနေဖြင့် အခွန်ကောက်ခံရေး အရာရှိများ၏ ကျင့်ဝတ်နှင့် တာဝန်ခံမှုကို မြှင့်တင်ရမည်။ လာဘ်ပေးလာဘ်ယူမှု၊ အာဏာအလွဲသုံးစားပြုမှုနှင့် အခွန်ငွေကို ကိုယ်ကျိုးအတွက် အသုံးပြုမှုများကို တားဆီးနိုင်ရန် အတွင်းပိုင်းစစ်ဆေးရေးနှင့် လွတ်လပ်သော စာရင်းစစ်ဆေးရေးစနစ်များ ထားရှိသင့်သည်။

စတုတ္ထအချက်အနေဖြင့် ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ လုပ်ငန်းရှင်များသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အင်အားစုများဖြစ်သကဲ့သို့ အခွန်ပေးဆောင်မှုတွင်လည်း တာဝန်သိစွာ ပါဝင်ရမည်။ လုပ်ငန်းရှင်များအတွက် အခွန်ပေးဆောင်မှု ဆိုင်ရာ အသိပညာပေးခြင်း၊ လွယ်ကူသော အွန်လိုင်း ဝန်ဆောင်မှုများ ဖန်တီးပေးခြင်းနှင့် တရားမျှတသော အခွန်စနစ်တည်ဆောက်ခြင်းတို့ကိုဆောင်ရွက်သင့်သည်။

ပဉ္စမအချက်အနေဖြင့် ပြည်သူ့ဘဏ္ဍာငွေ အသုံးပြုမှုကို ပွင့်လင်းမြင်သာစေရမည်။ အခွန်ဝင်ငွေများကို မည်သည့်ကဏ္ဍများတွင် အသုံးပြုထားကြောင်း၊ မည်သည့်စီမံကိန်းများတွင် မည်မျှ သုံးစွဲထားကြောင်းနှင့် ပြည်သူများအတွက်မည်သည့် အကျိုးရလဒ်များ ရရှိခဲ့ကြောင်းကို အစီရင်ခံစာများ ဖြင့် ဖော်ပြသင့်သည်။

ဆဋ္ဌမအချက်အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။ နယ်စပ်ဖြတ်ကျော် အခွန်ရှောင်တိမ်းမှု၊ တရားမဝင်ငွေကြေး စီးဆင်းမှုနှင့် ပိုင်ဆိုင်မှုဖုံးကွယ်မှုများကို တားဆီးရန် သတင်းအချက်အလက်ဖလှယ်ရေးနှင့် နည်းပညာဆိုင်ရာ အကူအညီများကို ရယူသင့်သည်။

အခွန်ငွေကို ကာကွယ်ခြင်းသည် ပြည်သူ့အနာဂတ်ကို ကာကွယ်ခြင်းဖြစ်သည်

နိုင်ငံတော်၏ ဘဏ္ဍာရေးအင်အားသည် အခွန်ဝင်ငွေများကို မှန်ကန်စွာ ကောက်ခံနိုင်ခြင်းနှင့် စနစ်တကျစီမံခန့်ခွဲနိုင်ခြင်းအပေါ် များစွာမူတည်သည်။ အခွန်ဝင်ငွေများသည် နိုင်ငံတော်၏ ဘဏ္ဍာရေး အရင်းအမြစ်ဖြစ်သကဲ့သို့ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက်လည်း အရေးပါသော အထောက်အပံ့ဖြစ်သည်။

အခွန်ငွေတစ်ကျပ်တစ်ပြားသည် နိုင်ငံတော်၏ ဘဏ္ဍာရေးစာရင်းထဲရှိ ငွေကြေးတစ်ခုမျှသာ မဟုတ်ပေ။ ထိုငွေသည် ကျောင်းသားတစ်ဦး၏ ပညာသင်ယူခွင့်၊ လူနာတစ်ဦး၏ ကျန်းမာရေးစောင့်ရှောက်မှု၊ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် အခက်အခဲကြုံတွေ့နေရသော မိသားစုများ၏ လူမှုအထောက်အပံ့တို့နှင့် ဆက်စပ်နေသည်။ ထို့ကြောင့် အခွန်ဝင်ငွေများကို မတရားစွာ လွဲပြောင်းယူခြင်းသည် နိုင်ငံတော်၏ ဘဏ္ဍာရေးကိုသာ ဆုံးရှုံးစေခြင်းမဟုတ်ဘဲ ပြည်သူများ ရရှိသင့်သော အကျိုးကျေးဇူးများကိုပါ ဆုံးရှုံးစေခြင်းဖြစ်သည်။

အခွန်ရှောင်တိမ်းမှုနှင့် အဂတိလိုက်စားမှုတို့ကို တားဆီးရာတွင် ဥပဒေပြဋ္ဌာန်းခြင်း တစ်ခုတည်းဖြင့် မလုံလောက်ပေ။ ဥပဒေကို လူတိုင်းအပေါ် တန်းတူကျင့်သုံးခြင်း၊ အထောက်အထားအခြေခံ၍ စုံစမ်းစစ်ဆေးခြင်း၊ ပြစ်မှုကျူးလွန်သူများကို သက်ဆိုင်ရာဥပဒေအရ အရေးယူခြင်းနှင့် ဆုံးရှုံးသွားသော ဘဏ္ဍာငွေများကို ပြန်လည်ရယူခြင်းတို့ကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရမည်ဖြစ်သည်။

ထို့အပြင် အခွန်ကောက်ခံရေး တာဝန်ရှိသူများသည် မိမိတို့၏ တာဝန်ကို ကိုယ်ကျင့်တရားနှင့်အညီ ထမ်းဆောင်ရမည်ဖြစ်သကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များကလည်း အခွန်တာဝန်များကို ရိုးသားစွာ လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ပြည်သူများကလည်း နိုင်ငံတော်၏ ဘဏ္ဍာငွေကို မည်သို့ကောက်ခံပြီး မည်သို့အသုံးပြုနေကြောင်း သိရှိစောင့်ကြည့်နိုင်ရန် အခွင့်အလမ်းရှိရမည်။

နိုင်ငံတော်၏ အခွန်ဝင်ငွေများကို မှန်ကန်စွာ ကောက်ခံခြင်း၊ အဂတိကင်းစင်စွာ စီမံခန့်ခွဲခြင်းနှင့် ပြည်သူ့အကျိုးအတွက် ထိရောက်စွာ ပြန်လည် အသုံးပြုခြင်းတို့သည် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အခြေခံကျသော လုပ်ငန်းစဉ်များဖြစ်သည်။ အခွန်ငွေများ လွဲမှားစီးဆင်းမှုကို တားဆီးနိုင်ခြင်းသည် ဘဏ္ဍာရေးဆုံးရှုံးမှုကို ကာကွယ်နိုင်ရုံသာမက ပြည်သူ့ယုံကြည်မှုနှင့် တရားမျှတသော စီးပွားရေးပတ်ဝန်းကျင်ကိုလည်း တည်ဆောက်နိုင်မည်ဖြစ်သည်။

အခွန်ငွေကို မှန်ကန်စွာ ကောက်ခံပါ။ ပြည်သူ့ဘဏ္ဍာငွေကို အဂတိကင်းစင်စွာ ထိန်းသိမ်းပါ။ နိုင်ငံတော်၏အရင်းအမြစ်များကို ပြည်သူ့အကျိုးအတွက် ပြန်လည်အသုံးချပါ။ ဤအခြေခံမူများကို အကောင်အထည်ဖော်နိုင်မှသာ တရားမျှတမှုရှိသော စီးပွားရေးစနစ်၊ တာဝန်ခံမှုရှိသော အုပ်ချုပ်ရေးစနစ်နှင့် ရေရှည်တည်တံ့သော နိုင်ငံတော်ဖွံ့ဖြိုးရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။



ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ သမိုင်းဆိုင်ရာစာအုပ်များထွက်ရှိလာ

စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းအကြောင်း သိကောင်းစရာ စာအုပ်ထွက်ရှိ



ဦးဇော်မင်း (နတ်မောက်)၏ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းအကြောင်း သိကောင်းစရာ စာအုပ်ကို Wisdom House စာအုပ်တိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။

စာရေးသူသည် စာချုပ်စာတမ်း မှတ်ပုံတင်လုပ်ငန်းနှင့် နှစ် ၄၀ နီးပါး ထိတွေ့ခဲ့သူဖြစ်ပြီး မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ (Sub-Registrar) မှ စ၍ ခရိုင်နှင့် ပြည်နယ်၊ တိုင်းအဆင့် တို့တွင် မှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးခဲ့သူ တစ်ဦးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူးတာဝန် ထမ်းဆောင်စဉ် ရန်ကုန်မြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးကိုပါ ကြီးကြပ်ကွပ်ကဲခဲ့သည့် ကိုယ်တွေ့အတွေ့အကြုံများကို အခြေခံ၍ ဤစာအုပ်ကို ရေးသားထားခြင်းဖြစ်သည်။

ယခုစာအုပ်တွင် စာချုပ်ချုပ်ဆိုခြင်းနှင့် မှတ်ပုံတင်ခြင်း၏ အခြေခံလုပ်ငန်းများ၊ စာချုပ်စာတမ်း တရားဝင်ချုပ်ဆို မှတ်ပုံတင်ပေးစေလိုမှုနှင့် သက်ဆိုင်သည့် တရားစွဲဆိုမှုများ၊ စာချုပ်ချုပ်ဆိုသူ မှတ်ပုံမတင်မီ ကွယ်လွန်သွားသည့် အခြေအနေများ၊ ကိုယ်စားလှယ်လွှဲစာများ မှတ်ပုံတင်ခြင်း၊ အမှားပြင်စာချုပ်၏ သဘောသဘာဝ၊ လယ်ယာမြေဥပဒေနှင့် စာချုပ်စာတမ်း မှတ်ပုံတင်ဥပဒေအရ မှတ်ပုံတင်ခြင်းတို့၏ ကွာခြားချက်တို့အပြင် လက်ဖွေနှိပ်ယူခြင်းနှင့် ကော်မရှင်ဖြင့် နေအိမ်သို့ သွားရောက်စစ်ဆေး ဆောင်ရွက်ခြင်းအထိ အရေးပါသည့် လုပ်ထုံးလုပ်နည်းများကို စုစည်းတင်ပြထားသည်။ စာအုပ်တန်ဖိုးမှာ ငွေကျပ် ၃၀၀၀၀ ဖြစ်ကြောင်း သိရသည်။

- စာအုပ်စာပေ လူမှီတ်ဆွေ
- စာပေမြင့်မှ လူမျိုးတင့်မည်
- ပညာရဲရင့် ပွဲလယ်တင့်

ဌာနတွင်း စွမ်းရည်မြှင့်တင်ရေးအတွက် မြန်မာသမိုင်းအဖွဲ့ဝင်များ ဖတ်ကြားခဲ့သောစာတမ်းများ အတွဲ(၅)



ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ဝေသည့် ဌာနတွင်း စွမ်းရည် မြှင့်တင်ရေးအတွက် မြန်မာသမိုင်းအဖွဲ့ဝင်များ ဖတ်ကြားခဲ့သော စာတမ်းများ အတွဲ (၅) စာအုပ်သည် မြန်မာသမိုင်းအဖွဲ့ဝင် ဆရာကြီး များသည် ဌာနတွင်း သုတေသနဝန်ထမ်းများ သုတေသန စွမ်းရည်မြှင့်တင်ရေးအတွက် မိမိတို့ သုတေသနပြုချက်များမှရရှိသော ခေတ်ကာလအသီးသီးအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့်သက်ဆိုင်သည့် သုတေသနစာတမ်းများကို စုစည်းတင်ပြထားခြင်း ဖြစ်ပါသည်။ ထိုစာအုပ်သည် ကျောက်ခေတ်သစ်မှ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလအထိ သုတေသနပြုချက် အကြောင်းအရာများကို ဖော်ပြထားပါသည်။ ဤစာအုပ်တွင် ဒေါက်တာတိုးလှ၏ ကျောက်ခေတ်သစ်လူတို့ ကိုးကွယ်ယုံကြည်မှုနှင့် ဗုဒ္ဓသာသနာတော်စာတမ်း(၂)စောင်၊ ဦးကျော်၏ ဖိုဝန်တောင်က သမိုင်းမှတ်တမ်းများ၊ ဦးသိန်းလှိုင်၏ ညောင်ရမ်းခေတ်ဆိုင်ရာ သုတေသနတွေ့ရှိချက် အချို့၊ ဦးကျော်စိုး၏ မင်းတုန်းမင်းလက်ထက် ယာသစ်တီအမိန့်နှင့် မင်းမြေ၊ သာသနာ့မြေ စာတမ်း(၂)စောင်၊ ဒေါ်အုန်းကြည်၏ မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက် ကရင်နီနယ်အရေး (၁၈၅၃-၁၈၈၅)၊ ဦးတင်ခြို၏ ကုန်းဘောင်ခေတ် (၁၇၅၂-၁၈၈၅) မြန်မာမင်းတို့၏ မြို့နန်းတည်ခြင်း လောကီလောကုတ္တရာထုံးများ၊ ဦးကျော်ငြိမ်း၏ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနောက်ဆုံးအဆင့် (၁၉၄၅-၁၉၅၈) စသည့် သုတေသနစာတမ်း (၉) စောင် ပါရှိသဖြင့် စာဖတ်သူများအတွက် မှတ်သားဖွယ်ရာကောင်းသော အသိပညာ ဗဟုသုတများစွာ ရရှိမည့် စာအုပ်ဖြစ်ပါသည်။ အဆိုပါစာအုပ်ကို တန်ဖိုးငွေကျပ် ၁၂၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

မြန်မာနိုင်ငံအုပ်ချုပ်ပုံသမိုင်း



ဒေါက်တာမြင့်သိန်း၊ အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ ရေးသားသော မြန်မာနိုင်ငံအုပ်ချုပ်ပုံသမိုင်းစာအုပ်သည် မြန်မာမင်းများလက်ထက်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအုပ်ချုပ်ပုံ (၂၀၁၀-၂၀၁၄)အထိ ခေတ်အဆက်ဆက်အုပ်ချုပ်ပုံသမိုင်းအဆင့်ဆင့် ပြောင်းလဲလာပုံသမိုင်းကို မြန်မာနိုင်ငံအုပ်ချုပ်ရေးသမိုင်းကို လေ့လာနေသောသုတေသီများ၊ မျိုးဆက်သစ် စာဖတ်သူများဖတ်ရှု၍ ဗဟုသုတရရှိစေရန်နှင့် ရည်ညွှန်းကိုးကားနိုင်ရန်အတွက် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ဝေဖြန့်ချိလိုက်သည်။ ထိုစာအုပ်တွင် မြန်မာနိုင်ငံ၏ အုပ်ချုပ်ပုံသမိုင်းအကြောင်း မည်သို့ဖြစ်ပေါ်လာသည်၊ မည်ကဲ့သို့ အုပ်ချုပ်ရသည်၊ မည်သို့ဖွဲ့စည်းထားသည်များကို အလေးထားဖော်ပြထားပါသည်။ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ မြန်မာမင်းများလက်ထက်တွင် စည်းစနစ်ကျစွာ ပုံစံကျစွာဖွဲ့စည်းအုပ်ချုပ်ခဲ့ပါသည်။ ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံကို ဗြိတိသျှတို့အုပ်ချုပ်ခဲ့သည်မှာ နှစ် (၇၀) နီးပါး ရှိခဲ့သည့်အတွက် နှစ်ပေါင်းများစွာ ဗြိမ်ဝပ်အောင် မည်ကဲ့သို့ အုပ်ချုပ်ခဲ့သည်ကို နောင်းခေတ်အုပ်ချုပ်သူတို့အတွက် စိတ်ဝင်တစား လေ့လာရမည့် အုပ်ချုပ်ပုံများ၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ခိုင်မာသည့် အုပ်ချုပ်ပုံဖြစ်ရန် စနစ်အမျိုးမျိုး ပြောင်းလဲအုပ်ချုပ်ခဲ့ပုံများကို ရေးသားတင်ပြထားပါသည်။ ဤစာအုပ်သည် မြန်မာမင်းများလက်ထက်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအုပ်ချုပ်ပုံ (၂၀၁၀-၂၀၁၄)အထိ ခေတ်အဆက်ဆက် မြန်မာနိုင်ငံအုပ်ချုပ်ပုံအမျိုးမျိုး၊ စနစ်အမျိုးမျိုးအကြောင်းကို အခန်း(၁၃)ခန်းဖြင့် ရေးသားတင်ပြထားသည့်အတွက် စာဖတ်သူများအား အသိပညာ ဗဟုသုတများစွာ ရရှိမည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။ အဆိုပါစာအုပ်ကို တန်ဖိုးငွေကျပ် ၂၅၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဤစာအုပ်များကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ် (၃၅)၊ ဖုန်း ၀၆၇-၄၀၈၃၀၄၊ ၀၆၇-၄၀၈၃၁၈၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)။ ကုမ္ပဏီကြော်ငြာပန်းဝိုင်းအနီး၊ ဖုန်း ၀၆၇-၄၁၈၄၂၆၊ သမိုင်းသုတေသနဌာနခွဲ(ရန်ကုန်) အမှတ်(၈၅-အေ)၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၄၂၀၄၇၁၂၄ နှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အမှတ် (၆၀၄/၆၀၈)၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၉၂၄၄ တို့တွင် ဖြန့်ချိထားပြီး တိုက်ရိုက်ဆက်သွယ် ဝယ်ယူရရှိနိုင်ပါသည်။

ငွေဆောင်မြို့၌ လူငယ်များဘဝတိုးတက်ရေးအတွက် အသိပညာပေး

ငွေဆောင် နိုဝင်ဘာ ၂၂ ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့၌ လူငယ်များဘဝ တိုးတက်ရေးအတွက် အသိပညာ ဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ “Knowledge for Life” အသိပညာပေးအစီအစဉ်ကို ယမန်နေ့က ဆောင်ရွက်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်နွယ်ထွန်းက လူငယ်များ၏ ဘဝတိုးတက်ရေးအတွက် လိုအပ်သည့် အသိပညာ ဗဟုသုတများနှင့် အကျိုးရှိစွာ လေ့လာသင်ယူသင့်သည့် အကြောင်းအရာများကို အသိပညာပေး ဟောပြောသည်။



ထို့နောက် တက်ရောက်လာကြသည့် လူငယ်များအား စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့် အသိပညာ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ သုတ၊ ရသ စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်လင်းဦး(ပြန်/ဆက်)



တောင်ငူမြို့နယ်၌ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူဆိုင်ရာပညာပေး ရှင်းလင်း

တောင်ငူ နိုဝင်ဘာ ၂၂ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အခွန်ဦးစီးဌာနမှုးရုံး၌ နိုဝင်ဘာ ၁၈ ရက်က လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှုး ဒေါ်သီတာသန်းက ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့်လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဖြူးမြို့နယ်၌ Home Garden နှင့် တစ်အုပ်တစ်မစိုက်ပျိုးထားရှိ

ဖြူး နိုဝင်ဘာ ၂၂ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း ဟင်းသီး ဟင်းရွက် စိုက်ပျိုးမှုကဏ္ဍဖွံ့ဖြိုးရေးအတွက် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းကြီးကြပ်မှုကော်မတီမှ ယမန်နေ့က အိမ်ခြံဝင်းအတွင်းနှင့် ဖြူးချောင်းဘေး စိုက်ပျိုးထားသည့် Home Garden နှင့် တစ်အုပ်တစ်မ ဟင်းသီးဟင်းရွက် သီးနှံစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုရာ နှတ်ရေကန်ကျေးရွာ၊ ကျောင်းစုကျေးရွာ၊ ဝဲဒေါင့်ကျေးရွာများရှိ တောင်သူများ စိုက်ပျိုးထားသည့် ခရမ်း၊ ရုံးပတီ၊ ချဉ်ပေါင်း၊ ကန်စွန်း ပဲတို့ဝင်ထောင်၊ မုန်လာဥ စသည့် Home Garden နှင့် တစ်အုပ်တစ်မ စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်းနှင့် ဖြူးမြို့နယ်အတွင်း ကျေးရွာ ၅၀ တွင် ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံ တောင်သူများထံမှ သိရသည်။

နေမျိုးလွင် (ပြန်/ဆက်)



ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း။



တောင်ငူမြို့ မြတ်စောညီနောင်စေတီတော်မြတ်ကြီး ရွှေဟင်္သာစေတီတော် စိန်ဖူးတော်သစ် တင်လှူပွဲကျင်းပ

တောင်ငူ နိုဝင်ဘာ ၂၂

မန္တလေးမြေငလျင်ကြီးကြောင့် ပျက်စီးသွားသော တောင်ငူမြို့နယ် မြတ်စောညီနောင်စေတီတော်မြတ်ကြီး၊ ရွှေဟင်္သာစေတီတော် အသစ်တစ်ဖန် ပြန်လည်တည်ထားပြီးစီး၍ စိန်ဖူးတော်သစ်၊ ၄က်မြတ်နားတော်သစ်၊ ရွှေထီးတော်သစ် ပြန်လည်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေဟင်္သာစေတီ ရင်ပြင်တော်၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွှေဟင်္သာစေတီတော် အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ခြင်း၊ စိန်ဖူးတော်သစ်၊ ၄က်မြတ်နားတော်သစ်၊ ရွှေထီးတော်သစ် ပြန်လည်ပူဇော်ခြင်း ပြုလုပ်နိုင်ရေးအတွက် အလှူတော်ငွေကျပ် သိန်း ၈၁၇၀၊ လှူဒါန်းပေးသော အလှူရှင် CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေး-ဒေါ်ဝင့်ရည်အေးမိသားစု၊ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် ဧည့်ပရိသတ် အပေါင်းက သံဃာတော်အရှင်မြတ်များထံမှ ကိုးပါးသီလခံယူဆောက်တည်ပြီး မေတ္တသုတ်ပရိတ်တရားတော်ကို နာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဇော်ကိုကို(တောင်ငူ)



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ပိတ်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်၍ နေ့ညအသံမစဲ မဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲအခမ်းအနားနှင့် (၃၂)ကြိမ်မြောက် စုပေါင်းဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၁ ရက်က မြို့ဦးစေတီတော် တောင်ဘက်အာရုံခံတန်ဆောင်း၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်မျိုးလတ်နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုနှင့် ပဋ္ဌာန်းတောင်းများ ဆက်ကပ်လှူဒါန်းကြသည်။

အေးမဉ္ဇူ



ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဘုရားလှကျေးရွာအုပ်စု ဘုရားလှ(မ)ကျေးရွာ၌ ပြင်းထန်သော အယ်လ်နီညိုကာလတွင် ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် သန့်ရှင်းသော သောက်ရေ၊ လုံလောက်သောသုံးရေ ရရှိရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် clear water tank (၂၀'x၂၀'x၉') လုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများ နိုဝင်ဘာ ၂၂ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။

ဇူးဇူး(ကျေးလက်)

Social Etiquette လူမှုဘဝထဲက လောကဝတ်များ

စားပွဲဝိုင်းယဉ်ကျေးမှု (Table Manners)- (၁၇)

မေ



လူတစ်ယောက်ရဲ့ ယဉ်ကျေးမှုကို နေ့စဉ်ဘဝထဲက အပြုအမူလေးတွေကနေ အကဲဖြတ်ကြည့်ရှုနိုင်ပါတယ်။ အထူးသဖြင့် စားပွဲဝိုင်းမှာ ဘယ်လိုထိုင်သလဲ၊ ဘယ်လိုစားသောက်သလဲဆိုတာကလည်း ကိုယ့်ရဲ့ အကျင့်စာရိတ္တနဲ့ အခြားသူအပေါ်ထားတဲ့ လေးစားမှုကို ဖော်ပြပေးနိုင်တဲ့ မှန်တစ်ချပ် ဖြစ်ပါတယ်။

စားသောက်ရာမှာ မိမိအဆင်ပြေမှုတစ်ခုတည်းကိုသာ မစဉ်းစားဘဲ အတူစားသုံးနေသူများကိုပါ ဂရုစိုက်ဖို့ လိုအပ်ပါတယ်။ အစားအစာကို အသံမမြည်အောင် စိတ်ရှည်စွာ စားသုံးခြင်း၊ ပါးစပ်ထဲ အစာရှိစဉ် စကားမပြောခြင်းနဲ့ စားပွဲဝိုင်းအတွင်း အသံကျယ်ကျယ် မပြောခြင်းတို့က တန်ဖိုးရှိတဲ့ အက်တီကက်တွေ ဖြစ်ကြပါတယ်။

ဧည့်ခံပွဲများ၊ စားသောက်ဆိုင်များနဲ့ အခမ်းအနားများမှာ စားပွဲဝိုင်းအကျင့်ကောင်းများကို ပိုမိုသတိထားသင့်ပါတယ်။ မိမိနှစ်သက်တဲ့ အစားအစာကိုသာ ဦးစားပေးအငမ်းမရ ယူစားခြင်းထက် အတူစားသုံးသူများအတွက်ပါ ထည့်သွင်းစဉ်းစားပေးခြင်းက လူမှုဆက်ဆံရေးကို ပိုမိုကောင်းမွန်စေပါတယ်။

အက်တီကက်ဆိုတာ ရှုပ်ထွေးတဲ့ စည်းမျဉ်းမဟုတ်ပါဘူး။ စားပွဲတစ်ဝိုင်းမှာ အတူရှိနေသူများကို လေးစားခြင်း၊ အစားအစာနဲ့ ပတ်ဝန်းကျင်ကို တန်ဖိုးထားခြင်းတို့က စားသောက်ရာကနေ စတင်လိုက်သော လှပတဲ့ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပါတယ်။

ချောင်းဆုံမြို့နယ် ခရိုက်ဒူး(အထက-ခွဲ)ကျောင်း၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ကြိုတင်ကာကွယ်ရေးနှင့် လူငယ်စကားဝိုင်း ကျင်းပ

ချောင်းဆုံ နိုဝင်ဘာ ၂၂



မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၂၀ ရက်က ခရိုက်ဒူး(အထက-ခွဲ) ကျောင်းတွင် ကျင်းပရာ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်လှိုင်စုထွေး၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိတို့က အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် မြို့နယ်အားကစားမှူးက အပူဒဏ်ကြိုတင်ကာကွယ်ရေး စသည့် ခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောကြပြီး အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ခရိုက်ဒူး(အထက-ခွဲ)ကျောင်းမှ ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး၊ လူငယ်နှင့်ပညာရေး၊ အားကစား၊ ကျန်းမာရေးစသည်ဖြင့် ကဏ္ဍာအလိုက် ဆွေးနွေးကြကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)

နေပြည်တော်တိုင်းရင်းဆေးရုံကြီးမှ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

နေပြည်တော် နိုဝင်ဘာ ၂၂



နေပြည်တော်တိုင်းရင်းဆေးရုံကြီးမှ ကွင်းဆင်းဆေးကုသရေးအဖွဲ့က ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျေးရွာအတွင်းမှ ပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရာ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးမှူး၊ နေပြည်တော် တိုင်းရင်းဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးလှမော်နှင့် တိုင်းရင်းဆေး ဆရာ ဆရာမများက ကွင်းဆင်းဆေးကုသပေးခြင်းဖြစ်ပြီး ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအုပ်စု ရှားစေးဖိုကျေးရွာမှ ဆေးကုသမှုခံယူသူ ၈၁ ဦးအား သွေးတိုး၊ ဆီးချို၊ ဒူးနာ၊ ခါးနာ၊ အာရုံကြောရောဂါများ၊ အဆစ်ရောင်၊ လေးဖက်နာ၊ ခေါင်းမူး၊ ခေါင်းကိုက်၊ အကြောတက်၊ ကိုက်ခဲ၊ လေဖြတ်၊ လေငန်းရောဂါ၊ ထုံနာကျင်နာရောဂါများ ကုသပေးပြီး တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများနှင့် အယ်လ်နီညိုရာသီဥတုအကြောင်း ရှင်းလင်းဟောပြောသည်။

ထွန်းလင်း(ဇေယျာမြေ)

ပခုက္ကူမြို့နယ်၌ ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေး

ပခုက္ကူ နိုဝင်ဘာ ၂၂



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ တောင်သူများအား ယမန်နေ့က ၂၀၂၆ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာ ပခုက္ကူခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တာဝန်ခံဘဏ်မန်နေဂျာ ဦးမောင်မောင်ဦးက ချေးငွေများထုတ်ချေးပေးရသည့် ရည်ရွယ်ချက်များနှင့် တောင်သူများလိုက်နာရမည့် စည်းကမ်းများ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘဏ်ဝန်ထမ်းများက ပခုက္ကူမြို့နယ် ကုက္ကိုလှကျေးရွာအုပ်စုရှိ ဆယ်ရွာ၊ ဘွတ်ကုန်း၊ သဘော်ကုန်းနှင့် မယ်ဇလီကုန်းကျေးရွာများမှ တောင်သူ ၁၄ ဦး၏ ဆောင်းရာသီစိုက်ပျိုးသီးနှံ ၄၃ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်၂၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၀၇၅၀၀၀၀ အား ထုတ်ချေးပေးခဲ့ကြောင်းနှင့် မြို့နယ်အတွင်းရှိ တောင်သူများ၏ ဆောင်းရာသီစိုက်ပျိုးသီးနှံ ၁၂၅ ဧကအတွက် စုစုပေါင်းငွေကျပ်သိန်း ၃၈၀ အား ထုတ်ချေးပေးနိုင်ရေး လျာထားလျက်ရှိကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

ရေချွေတာရေးနည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်ကို တိုက်ရိုက်အသုံးမပြုဘဲ ရေဖြည့်ထားသော ပုံးကိုသာ အသုံးပြု၍ ဆေးကြောရမည်။
- ပန်းပင်များနှင့် ဥယျာဉ်များကို ရေလောင်းရာတွင် ရေပိုက်ဖြင့် မလောင်းဘဲ ရေဖြည့်ထားသော ရေလောင်းပုံးကိုသာ အသုံးပြုသင့်သည်။

စတာလင်က ချန်ပီယံဟောင်း ပရိုဟာ့ဇ်ကို ဒုတိယအချီတွင် အလဲထိုးအနိုင်ယူ

ကာတာနိုင်ငံ ဒိုဟာမြို့ရှိ ABHA Arena ၌ နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည့် UFC Fight Night ပြိုင်ပွဲ ခေါင်ပွဲစဉ်တွင် နယူးဇီလန် ဖိုက်တာ နာဇာဟိုစတာလင်သည် ချက်ဇ်ဖိုက်တာ ချန်ပီယံဟောင်း ပရိုဟာ့ဇ်ကာကို ဒုတိယအချီတွင် အလဲထိုးဖြင့် အံ့အားသင့်ဖွယ်အနိုင်ယူခဲ့သည်။

အဆိုပါ ပွဲစဉ်မှာ လိုက်ဟဲဗီးဝိတ်တန်းအဖြစ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး ဒုတိယအချီပြီးဆုံးရန် စက္ကန့်ပိုင်းအလိုတွင် စတာလင်၏ ပြင်းထန်အားပါသော ညာဝိုက်လက်သီးချက်ကြောင့် ပြိုင်ဘက်ဖိုက်တာ ပရိုဟာ့ဇ်ကာ လဲကျသွားခဲ့ပြီး ဆက်လက်ထိုးသတ်ရန် ကြိုးပမ်းစဉ် ဒိုင်လူကြီးက ပွဲကိုရပ်တန့်ခဲ့ခြင်း ဖြစ်သည်။



အသက် ၂၉ နှစ်အရွယ် စတာလင်သည် ယခုနိုင်ပွဲကြောင့် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် ၁၂ ပွဲဆက်တိုက် ရှုံးပွဲမရှိ စံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။ ထို့အပြင် ၎င်းသည် ဩဂုတ် ၁ ရက်က ဘလာဟိုဝစ်ချ်ကို အလဲထိုးပြီးနောက် ချန်ပီယံဟောင်းနှစ်ဦးကို ဆက်တိုက် အလဲထိုးအနိုင်ယူသည့် မှတ်တမ်းကောင်းလည်းပိုင်ဆိုင်ခဲ့သည်။

ထို့အပြင် ပြိုင်ဘက်ပရိုဟာ့ဇ်ကာသည် ပြီးခဲ့သည့် ဧပြီ ၁၂ ရက်က လက်ရှိချန်ပီယံ ကားလိုစ်အာလ်ဘာ့ဂ်ကို အလဲထိုးရှုံးနိမ့်ပြီးနောက် နှစ်ပွဲဆက် အလဲထိုးရှုံးနိမ့်မှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၎င်း၏ ယခုပွဲစဉ် ရှုံးနိမ့်မှုသည် ကစားသမားဘဝတွင် ခုနစ်ပွဲမြောက် ရှုံးနိမ့်မှုအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲ၌ ဇလိုင်းဝိတ်တန်းတွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ဂျပန်နာမည်ကြီး ကေယိုဂျီဟိုရိဂူချိနှင့် ကာကော်စတန်ဖိုက်တာ အာဆူအယ်လ်မာဘာယက်ဗ်ပွဲစဉ်တွင် ကေယိုဂျီက အမှတ်ပေးဒိုင်များ၏ ဆုံးဖြတ်ချက်ဖြင့် နိုင်ပွဲရရှိခဲ့သည်။



ပရိုက်စ်က ကိုတာစကိုဗာကို အနိုင်ယူပြီး အငြင်းပွားဖွယ်မရှိ ချန်ပီယံဖြစ်လာ

အသက် ၃၂ နှစ်အရွယ် ဝေးလ်လက်ဝေ့မယ် လော်ရန်ပရိုက်စ်သည် ဖြိတိန်နိုင်ငံ ကာဒစ်မြို့ရှိ Utilita Arena ၌ နိုဝင်ဘာ ၂၀ ရက်က ကျင်းပခဲ့သော ဝဲလ်တာဝိတ်တန်းကမ္ဘာ့ချန်ပီယံလုပွဲတွင် ပြိုင်ဘက် ချက်ဇ်လက်ဝေ့မယ် မီခါအယ်လာကိုတာစကိုဗာကို အမှတ်ပေးဒိုင်များ၏ တညီတညွတ်တည်း ဆုံးဖြတ်ချက်ဖြင့် အနိုင်ရရှိခဲ့သည်။

ပရိုက်စ်သည် ကိုတာစကိုဗာကို အနိုင်ယူကာ အငြင်းပွားဖွယ်မရှိ ကမ္ဘာ့ဝဲလ်တာဝိတ်တန်း ချန်ပီယံဖြစ်လာပြီး သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့ဖြို ဖြစ်သည်။ WBC၊ IBF နှင့် WBA ခါးပတ်များ ဆွတ်ခူးပိုင်ဆိုင်ထားသော ပရိုက်စ်သည် လစ်လပ်နေသော WBO ခါးပတ်ကို ထပ်မံဆွတ်ခူးသိမ်းပိုက်နိုင်ခဲ့သည့်အတွက် အဓိက ကမ္ဘာ့ချန်ပီယံခါးပတ် လေးခုစလုံး ဆွတ်ခူးနိုင်သည့် ပထမဆုံး ဝေးလ်လက်ဝေ့မယ် အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ထို့အပြင် အိုလံပစ်ရွှေတံဆိပ်ဆုရှင် ပရိုက်စ်သည် ၎င်း၏ ပရော်ဖက်ရှင်နယ် လက်ဝေ့ကစားသမားဘဝတစ်လျှောက်တွင် ၁၁ ပွဲ ထိုးသတ်ပြီး ၁၁ ပွဲစလုံး နိုင်ပွဲရရှိသည့် မှတ်တမ်းကောင်းတစ်ရပ်ကို လည်း ပိုင်ဆိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်က လူစားဝင်တိုက်စစ်ကစားသမား အက်စပီဇ်၏ သွင်းဂိုးဖြင့် ဆဲလ်တာဗီဂိုကို အနိုင်ရ

စပိန်လာလီဂါပွဲစဉ် (၁၃) မှ ရီးရဲမက်ဒရစ်နှင့် ဆဲလ်တာဗီဂိုအသင်းပွဲစဉ်ကို ဘာနေဗျူးကွင်း၌ နိုဝင်ဘာ ၂၂ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်ရီးရဲမက်ဒရစ်အသင်းက လူစားဝင်တိုက်စစ်ကစားသမား အက်စပီဇ်၏ သွင်းဂိုးဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ဆဲလ်တာဗီဂိုအသင်းသည် ပွဲချိန် ၆ မိနစ်တွင် ရရှိသော ဒူရန်၏ သွင်းဂိုးဖြင့် ရီးရဲမက်ဒရစ်အသင်းကို မိနစ် ၆၀ ကျော်အထိ ဦးဆောင်ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ကစားအားကျလာပြီး ချေပဂိုးနှင့် အနိုင်ဂိုး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်း အဓိက တိုက်စစ်ကစားသမား အမ်ဘာပေသည် ပွဲချိန် ၃၉ မိနစ်တွင် ရရှိခဲ့သော ပယ်နယ်တီကို သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။ ဆဲလ်တာဗီဂိုအသင်းဂိုးသမား ရာဒူသည် ရီးရဲမက်ဒရစ်အသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးများစွာကို လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းသည် ယခုနိုင်ပွဲရလဒ်ကြောင့် လာလီဂါ ၁၃ ပွဲ ကစားပြီး နိုင်ပွဲ ၁၁ ပွဲနှင့်အတူ ရမှတ် ၃၃ မှတ်ဖြင့် ဦးဆောင်နေသည့် ဘာစီလိုနာအသင်းကို အနီးကပ်ဖိအားပေးလျက်ရှိသည်။

အခြားပွဲစဉ်ရလဒ်များတွင် အလာဗက်စ်က ဒီပို့တီဗိုကို သုံးဂိုး-



ရီးရဲမက်ဒရစ်အသင်း အဓိကတိုက်စစ်ကစားသမား အမ်ဘာပေ ဆဲလ်တာဗီဂိုအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

တစ်ဂိုး၊ ဗလင်စီယာက ဗယ်လက်ကာနိုကို တစ်ဂိုး-ဂိုးမရှိ၊ အက်စပန်ညိုက ဘီလ်ဘာအိုကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲအသီးသီး ရရှိခဲ့ပြီး ဆီဗီလာနှင့် ဘက်တစ်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

နိုက်စ်နှင့်ပွဲစဉ်တွင် ပြင်းထန်ဒဏ်ရာရခဲ့သည့် ဒူရေး

ပီအက်စ်ဂျီအသင်းတိုက်စစ်ကစားသမား ဒေဗီရေး ဒူရေးသည် လီဂူးဝမ်း ပွဲစဉ် (၁၁) မှ ပီအက်စ်ဂျီက နိုက်စ်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် ပြင်းထန်ခူးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ပီအက်စ်ဂျီအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၅ ပွဲ ပါဝင်ကစားထားပြီး ခြောက်ဂိုးသွင်းကာ လေးကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။ ဒူရေးသည် ၂၀၂၄-၂၀၂၅ ရာသီတွင် ရင်းနှက်စ်အသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး ယင်းရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံ ၅၄ ပွဲအထိ ပါဝင်ကစားထားပြီး ၁၅ ဂိုး သွင်းကာ ၁၄ ကြိမ်အထိ ဂိုးဖန်တီးမှုပြုလုပ်ထားသည်။

၁၈ လအတွင်း ခြောက်ဦးမြောက် နည်းပြကို ဝက်ဖို့ဒ် ရှာဖွေနေ

ချန်ပီယံရှစ်ကလပ် ဝက်ဖို့ဒ်အသင်းသည် အသင်းတွင် ၁၈ ပွဲကစားပြီး ရလဒ်များ ဆိုးရွားမှုကြောင့် အဲလက်စ်ယိုဒီယိုနီစီကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီးနောက် ၁၈ လအတွင်း ခြောက်ဦးမြောက်နည်းပြကို ရှာဖွေနေကြောင်း သိရသည်။ ဒီယိုနီစီသည် အသင်းပိုင်ရှင် ပေါ့ခ်ဖိ မိသားစုလက်ထက်တွင် ခန့်အပ်ခြင်းခံရသည့် ငါးဦးမြောက် အီတလီ နည်းပြဖြစ်သည်။ အသက် ၄၆ နှစ်အရွယ် ဒီယိုနီစီသည် ဇွန်လတွင် အသင်းနည်းပြဖြစ်လာပြီးနောက် ၁၈ ပွဲ တာဝန်ယူကိုင်တွယ်ထားရာ ငါးပွဲသာ နိုင်ပွဲရရှိပြီး သုံးပွဲသရေနှင့် ၁၀ ပွဲအထိ ရှုံးနိမ့်ထားသည်။ ဝက်ဖို့ဒ်အသင်းသည် ယခုလက်ရှိ ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) အပြီးတွင် ရမှတ် ၁၅ မှတ်ဖြင့် တန်းဆင်းဇုန်အထက်တွင်ရပ်တည်နေသည်။

ATP Finals ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ပြိုင်ဘက်ကို ရှုံးနိမ့်ပြီး ဝိုလ်လုပွဲတက်လှမ်းခွင့် မက်ဗီဒက်ဗ် လွဲချော်



ATP Finals တင်းနစ်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ရုရှားထိပ်တန်းတင်းနစ်ကစားသမား မက်ဗီဒက်ဗ်သည် ဂျာမနီတင်းနစ်အကျော်အမော် ဇဗဲရက်ဗ်ကို ၆-၇ (၀-၇)၊ ၄-၆ ရလဒ်ဖြင့် ရှုံးနိမ့်ကာ ဝိုလ်လုပွဲတက်လှမ်းခွင့် လွဲချော်ခဲ့ပြီ ဖြစ်သည်။ အသက် ၃၀ အရွယ် မက်ဗီဒက်ဗ်သည် ATP Finals ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များတွင် ဖလေဘီယို၊ တီယာဖိုးတို့ကို နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားပြီး အယ်ကာရက်ဇ်ကို ရှုံးနိမ့်ထားသည်။ ၎င်းသည် ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် ၂၀၂၆ ခုနှစ် အောဇီပီကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့် (၅) နေရာဖြင့် သာ အဆုံးသတ်နိုင်ခဲ့သည်။ ATP Finals နောက်ဆုံးဗိုလ်လုပွဲကို ဇဗဲရက်ဗ်နှင့် အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

ဘာစီလိုနာက လူငယ်ခံစစ်ကစားသမား အက်စပတ်ကို စာချုပ်သစ်ချုပ်ဆို

ဘာစီလိုနာအသင်းသည် အသင်းခံစစ်ကစားသမား ဇာဇီအက်စပတ်ကို ၂၀၃၀ ပြည့်နှစ် ဇွန်လအထိရှိမည့် သက်တမ်းတိုးစာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်သည်။ အသက် ၁၉ နှစ်အရွယ် အက်စပတ်သည် လတ်တလောတွင် ဒဏ်ရာကြောင့် အနားယူနေရသူဖြစ်ပြီး ဘာစီလိုနာအသင်းနှင့် ၎င်း၏ ပွဲဦးထွက်ပွဲစဉ်ကို ၂၀၂၅-၂၆ ရာသီက နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့သည်။ ၎င်းသည် အောက်တိုဘာ ၂၅ ရက်တွင် ဘာစီလိုနာက ရီးရဲမက်ဒရစ်ကို ရှုံးနိမ့်ခဲ့သောပွဲစဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ အက်စပတ်သည် ယခုနှစ်ရာသီတွင် ဘာစီလိုနာအသင်းအတွက် ကိုးပွဲပါဝင်ကစားထားသည်။ ၎င်းသည် ဒဏ်ရာကြောင့် ယခုနှစ်ကုန်ပိုင်းအထိ ဆက်လက်အနားယူရဖွယ်ရှိပြီး လာမည့်နှစ် ဇန်နဝါရီလအစောပိုင်းတွင် ပြန်လည်ကစားနိုင်ဖွယ်ရှိသည်။



ပရီမီယာလိဂ်ဂိုးဖန်တီးမှု အများဆုံးကစားသမားများ

အမည်	အသင်း	ဂိုးဖန်တီးမှု	ကစားသည့်ပွဲ
ရိုက်စ်	အာဆင်နယ်	၅ (ကြိမ်)	၁၁ ပွဲ
အီဗန်နီလ်ဆင်	ဘုန်းမောက်	၄ (ကြိမ်)	၁၁ ပွဲ
ဂရေ့ဘ်	ဘရိုက်တန်	၄ (ကြိမ်)	၁၀ ပွဲ
မက်ဂင်	ဗီလာ	၄ (ကြိမ်)	၁၁ ပွဲ

■ မိုးဇက် - စုစည်းရေးသားသည်

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Verb (ကြိယာ) များနဲ့ပတ်သက်ပြီး Kinds of Verbs (ကြိယာအမျိုးအစားများ) အကြောင်းကို ရှင်းလင်းဖော်ပြတဲ့နေရာမှာ အသုံးများတဲ့ Common Transitive Verbs တွေအပြင် Common Intransitive Verbs အသုံးများသည့် v.i (Verb Intransitive) များကို ပိုမိုနားလည်သဘောပေါက်စေဖို့ နမူနာဝါကျများနဲ့ ဖော်ပြပေးလိုက်ပါတယ်။ စကားပြောခန်းမှာလည်း အရင်အပတ်ကဖော်ပြခဲ့တဲ့ Shortest way to talk about hotel English–1 (ဟော်တယ်မှာ ဘယ်လိုပြောမလဲ) ကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ တန်ဆောင်တိုင် အခါသမယမှာ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ။

GRAMMAR

Basic to Intermediate

Common Intransitive Verbs

အသုံးများသည့် v.i (Verb Intransitive) များ

39. live = နေထိုင်သည်။
40. look = ကြည့်သည်။
41. march = ချီတက်သည်။
42. occur = ဖြစ်ပျက်သည်။
43. part = ခွဲခွာသည်။
44. pray = ဆုတောင်းသည်။
45. pretend = ဟန်ဆောင်သည်။
46. proceed = ဆက်လုပ်သည်။
47. rely = အားကိုးသည်။ မှီခိုသည်။
48. remain = ကျန်ရစ်သည်။ဆက်လက်တည်ရှိသည်။
49. reply = အကြောင်းပြန်သည်။
50. report = အစီရင်ခံသည်။
51. rest = အနားယူသည်။
52. return = ပြန်လာသည်။ ပြန်ပေးသည်။
53. search = ရှာဖွေသည်။
54. serve = အလုပ်အကျွေးပြုသည်။ တည်ခင်းသည်။
55. shine = တောက်ပသည်။
56. sleep = အိပ်သည်။
57. smile = ပြုံးရယ်သည်။
58. stand = မတ်တတ်ရပ်သည်။
59. stay = ခေတ္တနေသည်။ တည်းခိုသည်။
60. succeed = အောင်မြင်သည်။
61. swell = ဖူးရောင်သည်။ ပွလာသည်။ စားပွဲထိုးသည်။
62. swim = ရေကူးသည်။
63. suffer = ခံစားရသည်။
64. talk = စကားပြောသည်။
65. think = စဉ်းစားသည်။
66. travel = ခရီးသွားသည်။
67. try = ကြိုးစားသည်။
68. vary = ပြောင်းလဲသည်။
69. upset = မှောက်သည်။ (အစီအစဉ်) ပျက်ပြားစေသည်။
70. wait = စောင့်ဆိုင်းသည်။
71. weep = ငိုသည်။
72. work = အလုပ်လုပ်သည်။

ကြိယာများကို အခြေအနေနဲ့လိုက်ပြီး ကံလိုကြိယာ (v.t) အနေဖြင့်သာမက ကံမလိုကြိယာ (v.i) အနေဖြင့်ပါ အသုံးပြုနိုင်သည်။ ဥပမာ–

- He **asks** me several questions. (v.t)
- He **asks** for a pencil. (v.i)
- He lies so often. We do not **believe** what he says. (v.t)
- She **believes** in Buddhism. (v.i)
- Why do you **bend** your head down? (v.t)
- The road **bends** abruptly to the right. (v.i)
- Thuzar can **play** the violin very well. (v.t)
- The children **play** in the field every day. (v.i)
- Fishermen **dry** fish in the sun. (v.t)
- The wells in our village **dry** up in summer. (v.i)
- Birds **fly** in the sky. (v.i)
- Boys **fly** kites. (v.t)
- The driver **stops** the car suddenly. (v.t)
- The car **stops** suddenly at the junction. (v.i)
- We **grow** vegetables in our garden. (v.t)
- My brother **grows** up rapidly. (v.i)
- The driver **increases** the speed of the car. (v.t)
- My savings **increase** to a thousand dollar. (v.i)
- Would you like to **move** your chair a little? (v.t)
- Our car **moves** at eighty miles an hour. (v.i)

Exercise (1) Make sentences using the following verbs both as transitive and intransitive verbs.

1. apply
2. begin
3. rest
4. set
5. shine
6. study
7. call
8. feel
9. say
10. move

VOCABULARY ENRICHMENT PROGRAMME

ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာ အစီအစဉ်

1. **by the skin of one's teeth = (ကတ်သီးကတ်သတ်)**
   I passed the exam **by the skin of my teeth.**
   ကျွန်တော်စာမေးပွဲကို ကတ်သီးကတ်သတ် အောင်ခဲ့တယ်။
2. **by word of mouth = (နှုတ်ဖြင့် သတင်းဖြန့်သည်။)**
   The news spread **by word of mouth.**
   သတင်းတွေကို နှုတ်ဖြင့် သတင်းဖြန့်ခဲ့တယ်။
3. **ball is in your court = (မင်းအပေါ်မှာပဲ မူတည်တော့တယ်)**
   I've made my offer, so now **the ball is in your court.**
   ငါ့ဘက်က ကမ်းလှမ်းစရာရှိတာ ကမ်းလှမ်းပြီးပြီ။ အခုဆုံးဖြတ်ရမှာ မင်းအလှည့်ပဲ။

(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။
နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)

CONVERSATION



Shortest way to talk about hotel English-1 (ဟိုတယ်မှာ ဘယ်လိုပြောမလဲ)

ဒီတစ်ပတ်မှာတော့ ဟိုတယ်မှာ ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about hotel English–1" ဆိုပြီး ဖော်ပြလိုက်ပါတယ်။

I'd like to …
When would you like to …
what kind of room were you looking for?
Is there anything else …
We look forward to seeing you.

၁။ တစ်ခုခုကို လုပ်ချင်တယ်၊ မှာချင်တယ်၊ ဖြစ်ချင်တယ်ဆိုပြီး ပြောရင်တော့ **I'd like to …** ဆိုပြီး ပြောပါတယ်။ **I'd like to** ရဲ့နောက်မှာ **V–inf** လို့ခေါ်တဲ့ အခြေခံကြိယာပုံစံလိုက်ပြီး ကိုယ်ပြောချင်တဲ့၊ ကိုယ်လုပ်ချင်တဲ့၊ ကိုယ်မှာချင်တဲ့ကိစ္စကိုပြောလို့ရပါတယ်။ ဥပမာ–

– **I'd like to make a reservation.**

၂။ ဘယ်အချိန်မှာ … ဝင်ချင်လဲ၊ လုပ်ချင်လဲ၊ မှာချင်လဲ စသည်ဖြင့်ပြောချင်ရင်တော့ **When would you like to …** နဲ့ပြောနိုင်ပါတယ်။ **When would you like to …** ရဲ့နောက်မှာ **V–inf** လို့ခေါ်တဲ့ အခြေခံကြိယာပုံစံလိုက်ပြီးပြောနိုင်ပါတယ်။ ဥပမာ –

– **When would you like to check in?**

၃။ ဘယ်လိုအခန်းမျိုးလိုချင်လဲ သို့မဟုတ် ဘယ်လို အခန်းမျိုး ရှာဖွေနေလဲလို့ မေးမယ်ဆိုရင်တော့ **What kind of room were you looking for?** ဆိုပြီး ပြောနိုင်ပါတယ်။

၄။ တစ်ခုခုလုပ်ပေးနိုင်တာများ ရှိမလား… ဆိုပြီး မေးမယ်ဆိုရင်တော့ Is there anything else … ဆိုပြီးပြောနိုင်ပါတယ်။ ဥပမာ –

– **Is there anything else I can help you with?**

၅။ တွေ့ကြဖို့၊ တွေ့ဖို့မျှော်နေမယ်နော်လို့ ပြောရင်တော့ **We look forward to seeing you** လို့ ပြောနိုင်ပါတယ်။

Daily Conversation

I'd like to make a reservation

Banks: Hi, **I'd like to make a reservation.**

Oliver: Yes, of course. **When would you like to check in?**

Banks: On the 3rd of November.

Oliver: And how many nights would that be for?

Banks: For three nights.

Oliver: And **what kind of room were you looking for?**

Banks: A double room. It's for my husband and me.

Oliver: Ok. We do have one double room available for those dates. It's $ 80 a night, so that comes to $ 240 for the tree nights.

Banks: Yes, that's fine.

Oliver: Great. Can I take you name?

Banks: Yes, it's Sarah Banks.

Oliver: Thank you, Ms. Banks. Can I just take a credit card from you to make the booking?

Banks: Yes, of course, here you are.

Oliver: Okay Ms. Banks, that's all finished. **Is there anything else I can help you with?**

Banks: Yes, could I have a confirmation emailed to me?

Oliver: Yes of course, what's the email?

Banks: It's s dot banks at gmail dot com.

Oliver: Okay, I'll send that over to you now.

Banks: Excellent, thank you very much.

Oliver: You're welcome. **We look forward to seeing you.**

Banks: Thank you, goodbye.

Oliver: Good–bye.

Making Reservations

- I'd like to make a reservation for the 3rd of November for three nights, please.
- I'd like to make a reservation for the 20th of May for one night, please.

Receptionist might ask you:

- **What kind of room are you looking for?**
- single room
- double room
- twin room
- triple room
- family room
- suite

ရွှေကုက္ကိုလိန်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလိန်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလိန်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန်တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၄၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၁၀ ရာခိုင်နှုန်းပြီးစီး ဖြိုဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလိန်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန်အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၉ လုံး စုစုပေါင်းအဆောက်အအုံ ၁၃ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံအလုံး ၅၀ ကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလိန်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးမှုပြမြေပုံ။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



ရွှေကုက္ကိုလိန်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅) ထပ် အဆောက်အအုံအား မဖြိုဖျက်မီတွေ့ရစဉ်။



ရွှေကုက္ကိုလိန်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅) ထပ် အဆောက်အအုံအား ယန္တရားဖြင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိမှုကို တွေ့ရစဉ်။

ပေါင်မြို့နယ် ကားတဲကျေးရွာနှင့် အလှပ်ကျေးရွာအုပ်စုတို့၌ အထူးဒီရေတောစိုက်ခင်း စိုက်ပျိုးထားရှိ

ပေါင် နိုဝင်ဘာ ၂၂

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း ဒီရေတောစိုက်ခင်းများ ထိန်းသိမ်းကာကွယ်ရေးနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် ဒီရေတောလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး မိလဝိဟန်၊ မွန်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးသူ၊ သထုံခရိုင်သစ်တောဦးစီးဌာနမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် သပြေကုန်းကျေးရွာအုပ်စု ကားတဲကျေးရွာ ပင်လယ်ကမ်းစပ်သို့ သွားရောက်၍ ပြည်ထောင်စုတာတ်ဂျက်ဖြင့် ၂၀၂၆ ခုနှစ် ဇွန်လအတွင်း စိုက်ပျိုးထားသည့် မိုးရာသီအထူးဒီရေတော စိုက်ခင်း ၈က ၂၀၀ အတွင်း စိုက်ပျိုးထားသော သမဲပင် ၂၁၇၈၀၀ နှင့် ဖြူးခြေထောက်ပင် ၂၄၂၀၀ စုစုပေါင်း ပျိုးပင် ၂၄၂၀၀၀ ရှင်သန်ကြီးထွားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒီရေတောထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို မှာကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ကားတဲကျေးရွာ ဓမ္မဝိဟာရကျောင်းတိုက်၌ ကားတဲကျေးရွာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် ဒီရေတောတည်ထောင်ခွင့်ရရှိသူ ဦးစောညွှန့်ပါ ၉၃ ဦးတို့၏ ၈က ၃၀၀ ဒီရေတောစိုက်ခင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဒေသခံများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားကာ အလှပ်ကျေးရွာအုပ်စု ရွှေသာလျောင်းပိုင်းရှိ သစ်တောဦးစီးဌာနပိုင် ပျိုးကန်သို့ သွားရောက်၍ အလှပ်ကျေးရွာ သစ်ပင်ချစ်သူများအဖွဲ့၏ ပျိုးထောင်ထားရှိသည့် အိပ်မသွယ်ပင် ၅၀၊ သမဲပင် ၂၈၂၀၀၀၊ ဖြူးခြေထောက်ပင် ၃၀၀၊ ဖြူးရွှေဝါပင် ၁၀၀၀ နှင့် ဖြူးအုပ်ဆောင်းပင် ၅၀ တို့အား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

ကံမမြို့နယ်၌ ရေစုဆောင်းခြင်းနှင့် ရေဖြန့်ဝေရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်

ကံမ နိုဝင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ရပ်ကွက်နေပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေဖြန့်ဝေရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ရေစုဆောင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးမြင့်လွင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြစ်ရေကျချိန်တွင် မြို့ရေပေးဝေရေးလုပ်ငန်းရှိ ရေတင်စက်များတွင် ထပ်မံလိုအပ်မည့် ရေတင်ပိုက်လိုင်းများနှင့် လျှပ်စစ်မီးလိုင်းများ အသင့်အနေအထား အသုံးပြုနိုင်ရေး၊ အရေးပေါ်ရေစုကန်များနှင့် အများသုံးကန်များတွင် ရေအပြည့်အဝ ရှိနေစေရေး၊ ရေဖြန့်ဝေပေးနေသော ရေပိုက်လိုင်းများ သတ်မှတ်ချိန်အတိုင်း ကန့်သတ်ချက်ဖြင့် စနစ်တကျသောက်သုံးရေဖြန့်ဝေပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျော်ဇေယျဝင်း(ကံမ)



◆ *ကျောဖုံးမှ*

Asia Lion အသင်းအတွက် အနိုင်ဂိုးများကို ၂၅ မိနစ်တွင် ကျော်နန္ဒ၊ ၅၃ မိနစ်တွင် သီဟဇော်နှင့် ၅၉ မိနစ်တွင် ချစ်ဆန်းကိုတို့က သွင်းယူပေးခဲ့သည်။

အပတ်စဉ်(၆) ပွဲစဉ်များအပြီး ရခိုင်ယူနိုက်တက်က ၁၅ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ခဲ့ပြီး တက္ကသိုလ်အသင်း ၁၃ မှတ်၊ Royal Dagon ၁၂ မှတ်၊ VUE နေပြည်တော် ၁၁ မှတ်၊ Junior Lions ၁၀ မှတ်၊ ရာမညယူနိုက်တက် ၉ မှတ်၊ မနောအသင်း ၅ မှတ်၊ Elite Kings နှင့် Asia Lion အသင်းက ၄ မှတ်စီရရှိထားပြီး Enjoy Brother အသင်းက ရမှတ်မရရှိသေးပေ။

နေမျိုး၊ ဓာတ်ပုံ-MLII

✤ *ကျောဖုံးမှ*

ချေပဂိုးကို ပွဲပြီးခါနီး ၉၀+၂ မိနစ်တွင် သူရိန်ထွန်းက သွင်းယူပေးခဲ့သည်။ ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားအသင်းမှ ကျော်သီဟဇော်က ရရှိခဲ့သည်။

အပတ်စဉ် (၇) တတိယနေ့ပွဲစဉ်များကို နိုဝင်ဘာ ၂၃ ရက်တွင် သုဝဏ္ဏကွင်း၌ ချင်းလန်းနှင့် ဧရာဝတီယူနိုက်တက်၊ စတားစီးတီးကွင်း၌ ရန်ကုန်စီးတီးနှင့် ဟံသာဝတီယူနိုက်တက်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ-ML

❏ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



၁ ရေကို ကြိုတင်စီမံပါ

- တိရစ္ဆာန်အလိုက် နေ့စဉ်ရေလိုအပ်ချက်တွက်ချက်ပါ။
- အရေးပေါ်သုံးရေကို အနည်းဆုံး ဂုရက်စာသိုလှောင်ပါ။
- ရေတွင်း၊ ရေကန်၊ ဆည်၊ မြေအောက်ရေနှင့် အခြားရေအရင်းအမြစ်များကို စစ်ဆေးပါ။
- ရေစုပ်စက်၊ ပိုက်လိုင်း၊ ရေတိုင်ကီနှင့် အရန်လျှပ်စစ်စနစ်များကို ကြိုတင်ပြင်ဆင်ပါ။
- မြို့နယ်အလိုက် ရေအရင်းအမြစ်ရရှိမည့်မြေပုံရေးဆွဲထားပါ။





၂ ရောဂါကိုကြိုတင်ကာကွယ်ပါ

- လိုအပ်သောကာကွယ်ဆေးများကိုကြိုတင်ထိုးနှံပါ။
- မွေးမြူရေးခြံအဝင်/အထွက်ထိန်းချုပ်ခြင်းနှင့် ဇီဝလုံခြုံမှုကို စနစ်တကျဆောင်ရွက်ပါ။
- ကာကွယ်ဆေးသိုလှောင်မှု (Cold Chain အပါအဝင်) ကို စနစ်တကျဆောင်ရွက်ပါ။
- ခွာနာလျှာနာရောဂါ၊ အရေပြားအကျိတ်နာရောဂါ၊ အာဖရိကဝက်အပြင်းဖျားရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ကြက်လည်လိမ်ရောဂါ၊ ဆိတ်ပလိပ်ရောဂါများကို ကာကွယ်ပါ။
- သံသယဖြစ်ဖွယ်ရောဂါဖြစ်ပွားပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပို့ပါ။





၃ အစာကို ကြိုတင်သိုလှောင်ပါ

- ဒေသနှင့်ကိုက်ညီသော အစာစိမ်းပင်များကို ကြိုတင်စိုက်ပျိုးပါ။
- မြက်ခြောက်နှင့် မြက်/ပြောင်းချဉ်ဖတ်ပြုလုပ်သိုလှောင်ပါ။
- အစာကြမ်း ၃ လစာ အရန်စီမံထားရှိပါ။
- ပြောင်း၊ ဆန်ဖွဲ၊ ပဲဖတ်နှင့် ဆီကြိတ်ဖတ် အပါအဝင် အစာကုန်ကြမ်းများကို ကြိုတင်စုဆည်းပါ။
- အစာများကို မှိုဆိပ်၊ ခဲဆိပ်အန္တရာယ် မရှိအောင် ကာကွယ်ပါ။





၄ အပူဒဏ်မှ ကာကွယ်ပါ

- အရိပ်၊ လေဝင်လေထွက်ကောင်းမွန်မှုနှင့် သန့်ရှင်းသော သောက်ရေကို စီစဉ်ဆောင်ရွက်ပါ။
- လိုအပ်သည့်နေရာများတွင် ပန်ကာနှင့် အအေးပေးစနစ်များ တပ်ဆင်ပါ။
- အပူချိန်မြင့်မားချိန်တွင် တိရစ္ဆာန်များအား ခိုင်းစေခြင်း၊ လွတ်ကျောင်းခြင်းနှင့် သယ်ယူခြင်း မပြုရ။
- အစာကို နံနက်စောစောနှင့် ညနေပိုင်းတွင် ကျွေးပါ။
- တိရစ္ဆာန်များကို လုံလောက်သော အကျယ်အဝန်းတွင် ထားရှိပါ။





၅ အရေးပေါ်တုံ့ပြန်မှုကို အသင့်ပြင်ထားပါ

- မီးစက်၊ ရေစုပ်စက်နှင့် ပန်ကာများကို ကြိုတင်ပြင်ဆင်ထားပါ။
- မြို့နယ်အလိုက် တိရစ္ဆာန်အရေအတွက်၊ ရေအရင်းအမြစ်၊ အစာအရင်းအမြစ်နှင့် အန္တရာယ်ရှိသောဒေသများကို စာရင်းပြုစုပါ။
- အပူချိန်၊ စိုထိုင်းဆ၊ အစာစားနှုန်း၊ ထုတ်လုပ်မှုနှင့် သေဆုံးမှုများကို နေ့စဉ်စောင့်ကြည့်ပါ။
- ရောဂါသံသယရှိပါက သတင်းပို့ခြင်း၊ စစ်ဆေးခြင်း၊ နမူနာရယူခြင်း၊ စစ်ဆေးနိုင်ရန် ဓာတ်ခွဲခန်းနှင့် ဆက်သွယ်ရေး လမ်းကြောင်းများကို ကြိုတင်သတ်မှတ်ထားပါ။





"ရေရှိမှ မွေးမြူနိုင်မည်။ အစာရှိမှ ထုတ်လုပ်နိုင်မည်။ ကြိုတင်ပြင်ဆင်မှ ဆုံးရှုံးမှုလျော့နည်းမည်"

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အယ်လ်နီညို့ကာလအတွက် နွားစာကြိုတင်ပြင်ဆင်ပါ။

ကောက်ရိုးကို မီးမရှို့ပါနှင့် နွားစာအဖြစ် တန်ဖိုးမြှင့်ပါ။

အကျိုးကျေးဇူးများ

- ကောက်ရိုးကို အလဟဿမဖြစ်စေဘဲ တန်ဖိုးရှိသော နွားစာအဖြစ် အသုံးချနိုင်ခြင်း၊
- ခြောက်သွေ့ရာသီတွင် နွားစာရရှိမှုကို အထောက်အကူပြုခြင်း၊
- နွားစာဝယ်ယူစရိတ်ကို လျှော့ချနိုင်ခြင်း၊
- လယ်ယာစွန့်ပစ်ပစ္စည်းကို အကျိုးရှိစွာ အသုံးချနိုင်ခြင်း။



၁ ကောက်ရိုးကို ခြောက်သွေ့အောင်ပြုလုပ်ပါ

- ရိတ်သိမ်းချေလှေ့စက်ဖြင့် စပါးရိတ်သိမ်းပြီးနောက် ကျန်ရှိသော ကောက်ရိုးကို စုစည်းပါ။
- မိုးမစိုစေရန်နှင့် မြေကြီးစိုထိုင်းမှု မဝင်စေရန် ဂရုပြုပါ။
- ကောက်ရိုးကို လုံလောက်စွာ ခြောက်သွေ့စေပြီးမှ ထုံးဖွဲ့ပါ။





၂ စနစ်တကျ သိမ်းဆည်းပါ

အစိုးအကာရှိပြီး မိုးရေမဝင်သောနေရာတွင် ထားရှိပါ။

- မြေကြီးနှင့်တိုက်ရိုက်မထိစေရန် ပါလက် သို့မဟုတ် မြှင့်တင်ထားသော ကြမ်းခင်းပေါ်တွင် စုပုံပါ။
- လေဝင်လေထွက်ကောင်းစေရန် နေရာချန်ထားပါ။
- စိုထိုင်းမှု၊ မိုတက်မှုနှင့် အပူချိန်မြင့်တက်မှုကို ပုံမှန်စစ်ဆေးပါ။





၃ နွားစာအဖြစ် အကျိုးရှိစွာ အသုံးပြုပါ

- လိုအပ်သည့်ပမာဏကို ထုတ်ယူပြီး နွားစာအဖြစ် ကျွေးမွေးပါ။
- ကောက်ရိုးတစ်မျိုးတည်းကိုသာ အားကိုးမထားဘဲ အစိမ်းရောင်အစား၊ သင့်လျော်သော အာဟာရပြည့်စုံကိစ္စနှင့် ရောကိုပါ ဖြည့်ဆည်းပါ။
- မွှိတက်ခြင်း၊ ပုပ်သိုးခြင်း သို့မဟုတ် အနံ့မမှန်ခြင်းရှိသောကောက်ရိုးကို မကျွေးပါနှင့်။



တောင်သူများ လိုက်နာဆောင်ရွက်ရန်

- ရိတ်သိမ်းပြီးချိန်မှစ၍ ကောက်ရိုးကို အချိန်မီ စုဆောင်းပါ။
- ကောက်ရိုးခြောက်သွေ့မှသာ ထုံးဖွဲ့ပြီး သိမ်းဆည်းပါ။
- စက်ဝန်ဆောင်မှုကို တောင်သူအစုအဖွဲ့အလိုက် ပူးပေါင်းအသုံးပြုပါ။
- သိုလှောင်ရာတွင် မိုးရေ၊ မြေစိုထိုင်းမှုနှင့် မှိုတက်ခြင်းမှ ကာကွယ်ပါ။
- နွားစာအဖြစ်အသုံးပြုရာတွင် အာဟာရမျှတမှုနှင့် အစာအရည်အသွေးကိုဂရုပြုပါ။

ကောက်ရိုးကို တန်ဖိုးမြှင့်၊ နွားစာစရိတ်လျှော့၊ မွေးမြူရေးအကျိုးအမြတ်တိုးကြပါစို့။

သက်ဆိုင်ရာ စိုက်ပျိုးရေး၊ ဝက်မွှေးလယ်ယာနှင့် မွေးမြူရေးဌာနများထံ ဆက်သွယ်၍ နည်းပညာနှင့် ဝက်ဝန်ဆောင်မှုများကို ရယူနိုင်ပါသည်။

စပါးရိတ်သိမ်းပြီးနောက် ကောက်ရိုးကို စနစ်တကျ စုဆောင်းသိမ်းဆည်းပြီး နွားစာအဖြစ် အသုံးချကြပါစို့။

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ်ကာလဝယ် ကျန်းမာအောင်နေကြမယ်



နေလယ်နေခင်းအချိန်များ၌ အရိပ်ရှာ အေးမြသောနေရာများတွင်နားနေပါ။



တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။



ရေများများသောက်ပေးပါ။



နေပူထဲတွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် အားကစားလုပ်ခြင်းကို ရှောင်ကြဉ်ပါ။



နေပူထဲသို့သွားလျှင် ထီး၊ ဦးထုပ်စသည့် အကာအကွယ်များ ယူဆောင်ပါ။



အရက်အလွန်အကျွံသောက်သုံးခြင်းကို ရှောင်ကြဉ်ပါ။



အဖြူရောင်နှင့် အရောင်ဖျော့သော ပွပွလျောင်လျောင်ချည်ထည်များ ဝတ်ဆင်ပါ။



အထူးသတိပြုရမည့်သူများ



ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ် ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကမ္ဘာနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း အယ်လ်နီညို၏ သက်ရောက်မှုများကြောင့်-

- အပူဒဏ်လွန်ကဲခြင်း၊
- မိုးခေါင်ရေရှားခြင်း၊
- တောမီးလောင်ခြင်း၊
- ရေကြီးရေလျှံခြင်း နှင့်
- ဖျက်အားပြင်းမုန်တိုင်းဖြစ်ပေါ်ခြင်း စသည့်

ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် အစွန်းရောက် မိုးလေဝသ အခြေအနေများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာဖြန့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)

အပူဒဏ်လွန်ကဲခြင်း

အပူဒဏ်လွန်ကဲခြင်းကြောင့်-

- ရေဓာတ်ခန်းခြောက်ခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- သတိလစ်ခြင်း (Heat Stroke) တို့ဖြစ်ပွားနိုင်ပါသည်။





အပူဒဏ်မှကာကွယ်ရန် -

⇒ ရေများများသောက်ပါ၊
⇒ နေလယ်နေခင်းအချိန်များ၌ အရိပ်ရှာ အေးမြသော နေရာများတွင်နားနေပါ၊
⇒ နေပူထဲသို့သွားလျှင် ထီး၊ ဦးထုပ်စသည့် အကာအကွယ်များ ယူဆောင်ပါ။



၂

မိုးခေါင်ရေရှားခြင်း

မိုးခေါင်ရေရှားမှုကြောင့်-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ စသည့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများဖြစ်ခြင်း၊
- အစာအဆိပ်သင့်ခြင်း၊
- မျက်စိနှင့် အရေပြား/ ရောဂါများ ဖြစ်ခြင်း၊
- အာဟာရချို့တဲ့ခြင်းတို့ ဖြစ်နိုင်ပါသည်။



ကူးစက်ရောဂါများမှ ကာကွယ်ရန်-

⇒ အိမ်သာတက်ပြီးတိုင်း၊
⇒ အစားအစာ မပြင်ဆင်မီ၊
⇒ အစာ မစားမီနှင့် အစာ စားပြီးတိုင်း၊
⇒ အညစ်အကြေးများ ကိုင်တွယ်ပြီးချိန်တိုင်းတွင် ဆပ်ပြာနှင့်ရေကိုသုံး၍လက်ကိုစနစ်တကျ ဆေးကြောပါ။



၃

တောမီးလောင်ခြင်း

ပူပြင်းခြောက်သွေ့ခြင်းနှင့် တောမီးလောင်ခြင်းကြောင့်-

- ဖုန်မှုန့်များနှင့် မီးခိုးငွေ့များပြားလာ၍ ပန်းနာရင်ကြပ်ခြင်း၊ ဓာတ်မတည့်ခြင်းနှင့်
- အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းတို့ ဖြစ်နိုင်ပါသည်။



ဖုန်မှုန့်နှင့် မီးခိုးငွေ့များမှ ကာကွယ်ရန်-

⇒ နှာခေါင်းစည်း တပ်ဆင်ခြင်း၊
⇒ အိမ်တွင်းလေထုသန့်ရှင်းစေရန်ထိန်းသိမ်းခြင်း နှင့်
⇒ ရေများများသောက်ခြင်းဖြင့်

အသက်ရှူလမ်းကြောင်း ထိခိုက်မှုကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။



၄

ရေကြီးရေလျှံခြင်း

ရေကြီးရေလျှံမှုကြောင့် ကူးစက်တတ်သောရောဂါများ-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ
- အစာအဆိပ်သင့်ခြင်း၊ တိုက်ဖွိုက်ရောဂါ၊
- အသည်းရောင်အသားဝါရောဂါ အေနှင့်ဘီးရောဂါများ ၊
- လက်ပတ်စီပိုင်ရိုးစစ် အသည်းရောင်အသားဝါရောဂါ

စသည်တို့ ဖြစ်ပွားနိုင်ပါသည်။





ရေကြီးရေလျှံဖြစ်ချိန်နှင့် ရေရှားပါးချိန်တွင်-

⇒ သောက်သုံးရေကို ဆူပွက်သည်အထိ ကျိုချက်ပြီးမှ သောက်ပါ သို့မဟုတ် ကလိုရင်းဆေးခတ်ပါ သို့မဟုတ် ရေသန့်စင် ဆေးပြား အသုံးပြုပါ၊
⇒ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်ရေကိုစနစ်တကျ သိုလှောင်သိမ်းဆည်းထားပါ၊
⇒ အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ၊
⇒ အစားအစာများကို ပူပူနွေးနွေး စားသုံးပါ။

၅

ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ပိုမိုဖြစ်ပွားနိုင်ပါသည်။



⇒ ခြင်ပေါက်ဖွားနိုင်သော ရေဝပ်နိုင်သည့်နေရာများကို ဖယ်ရှားပါ၊
⇒ ရေစည်၊ ရေအိုးများကို အဖုံးလုံအောင်ဖုံးထားပါ၊
⇒ ခြင်ကိုက်မခံရစေရန် ဆေးစိမ်ခြင်ထောင် သို့မဟုတ် ခြင်ထောင်ဖြင့် အိပ်ပါ။



၆

(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ဖြစ်တည်ပေါ်ပေါက်လာသည့် အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆို ရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးဆုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင် တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူ ဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရွက်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၇၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၆၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၇၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၆၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ)	အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ)	အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ)	အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ)	အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ)	အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ)	အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၆၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၅၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၃၀၀,၀၀၀ ကျပ်
(စ)	အထူးဆု(၁)	၂၀၀,၀၀၀ ကျပ်
(ဆ)	အထူးဆု(၂)	၂၀၀,၀၀၀ ကျပ်
(ဇ)	အထူးဆု(၃)	၂၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၇၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၅၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ဂုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၀၂၅၅၃၄၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၀၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၄၅၃၁

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၄၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဝဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၅၉၃၉၊ ၀၅၂-၂၂၀၅၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၀

(ဋ္ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၄၅၅၊ ၀၂-၄၀၂၁၄၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၃၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၄၅၅၀၊ ၀၈၁-၂၁၄၄၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အဖြတ်မခံမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အဖြတ်မံမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဥဇၨာအရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်း တို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိုယ်ထိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွေးတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက် ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့် ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက် တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

PDF Game
ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်ရေးစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခကေများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရသတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတ်ိုကိုပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဌာနဆိုသို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ခွင့်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာ မြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ်လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထိုအပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့် အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကတ္တရာ၊ ပရိမိုယ်ဒီစယ်ဆီ၊ ဘိလပ်မြေ သဲချောင်း အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၂)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ လမ်းအဆင့်အမြဲ (၃)နှင့်ခရိုင်များမှ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု(ဖြည့်စွက်) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော (၈၀/၁၀၀) ကတ္တရာ၊ ပရိမိုယ်ဒီစယ်ဆီ၊ ဘိလပ်မြေ သဲချောင်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်–

(က) တင်ဒါပုံစံရောင်းချမည့်ရက် – ၂၅–၁၁–၂၀၂၆ ရက်မှ ၉ – ၁၂ – ၂၀၂၆ ရက်အထိ (ရုံးချိန်အတွင်း)

(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ– ညွှန့်ကြွားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့

(ဂ) တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် – ၁၀ – ၁၂ – ၂၀၂၆ ရက်၊ ၁၆:၀၀ နာရီ

(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် – ၁၁ – ၁၂ – ၂၀၂၆ ရက်၊ နံနက် ၁၀:၀၀ နာရီ

(c) တင်ဒါဖွင့်လှစ်မည့် နေရာ – ညွှန့်ကြွားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ညွှန့်ကြွားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ရုံးချိန်အတွင်း ဖုန်း ၀၈၄–၂၀၂၃၀၇၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

ကြက်ခြေနီအသင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော လူမှုကရုဏာလုပ်ငန်းများတွင် အဆင့်မြင့်ခေါ်ဆောင်ရွက်နိုင်ရေး၊ စစ်တွေမြို့နယ်ရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား အစားအစာနှင့်တစ်ကိုယ်ရေသုံးပစ္စည်းများထုတ်ယူခွင့်လက်မှတ်ထောက်ပံ့ဖြန့်ဝေခြင်း လုပ်ငန်းအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ် ခေါ်အပ်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရမည့် ရက်နှင့်အချိန် – ၂၄–၁၁–၂၀၂၆ (ရုံးချိန်အတွင်း)

တင်ဒါပုံစံများနောက်ဆုံး တင်သွင်းရမည့်ရက်နှင့်အချိန် – ၇–၁၂–၂၀၂၆ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံများထုတ်ယူရမည့် နေရာ (၁)** – မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ)အမှတ် (၄၂)၊ စတုတ္ထ အထပ်ကမ်းနားလမ်းမိုလ်တောထောင် မြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရမည့်ဖုန်းနံပါတ် – ၀၁စာ၃၉၂၈၈–၃၀ (လိုင်းခွဲ–၁၁၉), ၀၉ ၄၂၀၇၃၈၃၇

၄။ **တင်ဒါပုံစံများထုတ်ယူရမည့် နေရာ(၂)** – ဧရာမလမ်းကြေးပင်ကြီးရုံးကွက်၊ စစ်တွေမြို့။

ဆက်သွယ်ရမည့် ဖုန်းနံပါတ် – ၀၆၂၈၂၀၇၉၀၇၊ ၀၆–၄၂၀၇၀၀၁၇

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်လုပ်ငန်းအသေးစိတ် အချက်အလက်များအား သိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
မြန်မာနိုင်ငံကြက်ခြေနီအသင်း

ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၅၊ နည်းဥပဒေ – ၂၀) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၀၄

၁။ ဦးစည်သူမျိုးဖြင့် နှင့် ဦးကျော်ညွှန့်(၁)

၂။ ခေါ်အိန္ဒြေကောင်း

(တရားလိုများ) **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခ(၂)လမ်း၊ အမှတ် (၁၆၁၉) နေ ဦးကျော်ညွှန့်(၁) (ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

သင့်အပေါ်၌တရားလို့များက "ပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလို့မှ လျှောက်ထားခဲ့ဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရေနေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်(၁၃စု၈ ခုနှစ်၊ တန်ခူးဆောင်ရှစ်လေးဆုတ် ၁၃ ရက်) မွန်းမတ်ည်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုရေးချင်းလင်းရန်ရှိးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေရာကွက်တွင် သင်လာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုရေးတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရေနေရက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုရေးလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝဠဉ်ဝဖေဝင်း)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ဘိုးဘဝိုင်း/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ထားဝယ်မြို့၊ ထိန်သစ်ရပ်ကွက်၊ အကွက်အမှတ်(၃၁)၊ အကွက်အမည်–ထိန်သစ်အနောက်အကွက်၊ ဦးပိုင်အမှတ်(၇၇)၊ မြေဧရိယာ(၀.၉၂၀)ကေအနက်မှ မြေဧရိယာ(၀.၀၅၈)ကေရှိ အောက်ဖော်ပြပါအလား အလာရှိသည့်–

(က) အရှေ့လားသော် – မင်္ဂလာသီတာလမ်း
(ခ) အနောက်လားသော် – ဦးပိုင်အမှတ်(၇၇)
(ဂ) တောင်လားသော် – ဦးပိုင်အမှတ်(၇၇)
(ဃ) မြောက်လားသော် – ဦးပိုင်အမှတ်(၇၆/၃)၊(၇၆/၁)

အထက်ဖော်ပြပါမြေကို (ဘိုးဘဝိုင်း/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်း)ပေးရန် ဦးထိန်လင်း ပါ(၂)ဦး မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၉)ရက်မတိုင်မီ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွအောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်မြေစာရင်းဦးစီးဌာန၊ ထားဝယ်မြို့။

ပျောက်ဆုံးကြောင်း

(ဘ)ဦးစိုင်းအိုက်ဆန်ဆ်၏သမီး ကျွန်မ နန်းမြတ်နိုင်းဦး(၁၃/ကမန (နိုင်)၁၃၃၄၄၂၄) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH–077840)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၅၄၂၀၀၉**

ပျောက်ဆုံးကြောင်း

(ဘ)ဦးဆန်ကွယ်၏ သမီး ကျွန်မ အေးအုံ (၁၃/မရတ(နိုင်) ၀၁၆၂၁၈)၏ နိုင်ငံကူးလက်မှတ် အမှတ်(MB–4431628)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၅၂၄၂၀၀၉**

ပျောက်ဆုံးကြောင်း

(ဘ)ဦးဖြူ၏သမီး ကျွန်မ ဒေါ်ဟောင် (၁၃/ရည်ခန (နိုင်) ၁၁၈၉၃၁) ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME–533056)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၆၇၇၀၀၆၂၀၆**

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဝါးကြီးဆိုင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း (Grade–11)တွင် ပညာသင်ကြားနေသော မနှင်းဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးရွှေဆုံး ၈/မသန (နိုင်)၀၃၃၄၄၆ ဖြစ်ပါကြောင်း။ **ဦးရွှေဆုံး**

ဘိုးဘဝိုင်း/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ထားဝယ်မြို့၊ ကြက်စားပြင်ရပ်ကွက်၊ အကွက်အမှတ်(၄၈)၊ အကွက်အမည်–ကြက်စားပြင်မြောက်အကွက်၊ ဦးပိုင်အမှတ်(၁၀၃)၊ မြေဧရိယာ(၀.၁၀၁) ကေအနက်မှ မြေဧရိယာ(၀.၀၅၅)ကေရှိ အောက်ဖော်ပြပါအလား အလာရှိသည့်–

(က) အရှေ့လားသော် – ဗိုလ်ချုပ်လမ်း
(ခ) အနောက်လားသော် – ဦးပိုင် အမှတ်(၁၀၃)
(ဂ) တောင်လားသော် – ဦးပိုင်အမှတ်(၁၀၃)
(ဃ) မြောက်လားသော် – ဦးပိုင်အမှတ်(၁၀၄)

အထက်ဖော်ပြပါမြေကို (ဘိုးဘဝိုင်း/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်း)ပေးရန် ဒေါ်ခင်မြင့်ဝင်း မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်မတိုင်မီ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွအောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး၊
မြို့နယ်မြေစာရင်းဦးစီးဌာန၊ ထားဝယ်မြို့။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 24U/2505 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညနတိုင်းဒေသကြီး
ဦးစီးမှူးရုံး(ထားဝယ်)

ကျေးဇူးဆပ်ပါမည်

ကျွန်ုပ်မြို့နယ်၊ ကံမော်ကျေးရွာနေ ဦးနေစိုး(၆/ကစန (နိုင်) ၀၂၇၃၅၈၁)ပိုင် "အောင်သိန်းတိုး–၂၅ MD/0044/24 အမည်ရှိ ခရိုင်ငါးသယ်ရေယာဉ်၏ ဂရန်၊ LSA နှင့်ငါးသယ်လိုင်စင်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း – ၀၉–၂၅၃၄၂၉၁၁၈

အလိမ္မာ စာမှာရှိ

ကြက်ခြေနီအသင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော လူမှုကရုဏာလုပ်ငန်းများတွင် အဆင့်မြင့်ခေါ်ဆောင်ရွက်နိုင်ရေး၊ စစ်တွေမြို့နယ်ရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား အစားအစာနှင့်တစ်ကိုယ်ရေသုံးပစ္စည်းများထုတ်ယူခွင့်လက်မှတ်ထောက်ပံ့ဖြန့်ဝေခြင်း လုပ်ငန်းအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ် ခေါ်အပ်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရမည့် ရက်နှင့်အချိန် – ၂၄–၁၁–၂၀၂၆ (ရုံးချိန်အတွင်း)

တင်ဒါပုံစံများနောက်ဆုံး တင်သွင်းရမည့်ရက်နှင့်အချိန် – ၇–၁၂–၂၀၂၆ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံများထုတ်ယူရမည့် နေရာ (၁)** – မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ)အမှတ် (၄၂)၊ စတုတ္ထ အထပ်ကမ်းနားလမ်းမိုလ်တောထောင် မြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရမည့်ဖုန်းနံပါတ် – ၀၁စာ၃၉၂၈၈–၃၀ (လိုင်းခွဲ–၁၁၉), ၀၉ ၄၂၀၇၃၈၃၇

၄။ **တင်ဒါပုံစံများထုတ်ယူရမည့် နေရာ(၂)** – ဧရာမလမ်းကြေးပင်ကြီးရုံးကွက်၊ စစ်တွေမြို့။

ဆက်သွယ်ရမည့် ဖုန်းနံပါတ် – ၀၆၂၈၂၀၇၉၀၇၊ ၀၆–၄၂၀၇၀၀၁၇

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်လုပ်ငန်းအသေးစိတ် အချက်အလက်များအား သိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
မြန်မာနိုင်ငံကြက်ခြေနီအသင်း

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ်(၂၉/စာရေးကုန်း)၊ ဦးပိုင်အမှတ်(၇၈)၊ မြေဧရိယာ ၀ ဒသမ ၀၆၁ ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ခေါ်မေ်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၂) ၊ ကွင်း / အကွက်အမှတ် (၂၉ / စာရေးကုန်း) ၊ ဦးပိုင်အ မှတ် (၇၇) ၊ မြေဧရိယာ (၀ ဒသမ ၀၆၁) ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ခေါ်မိမိ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လှိုင်ပြာကန်ရပ်ကွက်၊ မော်ကန် (၁၈)လမ်း၊ အမှတ်(၄၂၁)နေ ဒေါ်သင်းသင်းစိုး(ဘ)ဦးသန်းစိုး၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ပဲခူးမြို့၊ မဓင်းရပ်ကွက်၊ ကွင်းအမှတ်၆၂၂[က]၊ ဦးပိုင်အမှတ်–၁၄၄[၅]၊ ဧရိယာ (၀.၃၀)ကေနှင့် ဦးပိုင်အမှတ်–၁၄၅[၅] ဧရိယာ(၀.၃၂)ကေ၊ စုစုပေါင်း(၀.၆၂)ကေ အကျယ်အဝန်းရေ(၆၀x၄၆၀)ရှိသော ဦးဒင်မောင်ဝင်း အမည်ပေါက် ဘိုးဘဝိုင်း မြေကွက်အား ဦးဒင်မောင်ဝင်း ကွယ်လွန်ပြီးနောက် ၎င်း၏ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ဝင်းမှ ပဲခူးတိုင်းဒေသကြီး၊ တရားလွှတ်တော်၏ ၆၅/၂၀၁၉(၁၅)-၂-၂၀၁၉)နှင့် ပဲခူးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၂၀၁၉ ခုနှစ်၊ စာချုပ်အမှတ်–၇၂၅/IV/ မြောက်ဟ(၂၂–၄– ၂၀၁၉) တို့အရ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ (၂၇–၅–၂၀၁၉)ရက်စွဲဖြင့် မြေကွက်အရောင်းအဝယ် ကတိစာချုပ်ချုပ်ဆိုရျောင်းချထားသော အဆိုပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းစိုးမှ(၆–၁၀–၂၀၂၀) ရက်တွင် တရားလွှတ်တော်ရှေ့နေနှင့် အသိသက်သေသုံးဦးတို့ရှေ့တွင် တစ်ဆင့်ပြန်လည် ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပြီး ယနေ့ထိ တိုင် ဒေါ်သင်းသင်းစိုး၏လက်ဝယ်တွင် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိနေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေသို့ရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများပြုလုပ်ပါက တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ခိုင်သီသီဝင်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၉၇၃၃)
အမှတ်(၂၉၃)၊ ဆံတော်တွင်းလမ်းမတန်း၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့။

ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်–နှင့်အမည် (၆/သေသာ)၊ ဦးပိုင်အမှတ်(၁၅၂)၊ မြေဧရိယာ (၀.၁၁၀၀၅၅)ဧကရှိ မြေငှားဂျိုးခံစားခွင့်များကို ခေါ်လှိမ့်ယုံ(ခ)အိမြဲတွေးနီး (၁၃/ကကန (နိုင်)၀၀၁၃၁၃) က မြေငှားဂရန် အမည်ပြောင်း လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူ များရှိပါက ဤကြော် ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများ နှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၃)ရပ်ကွက်၊ (၂)လမ်းနေ (၁၁) ဦးတင်အေး ၈/ပခက (နိုင်) ၀၃၉၇၂၁ (မိ)ဒေါ်ခင်မြသင်း ၈/ပခက (နိုင်)၀၂၃၂၈၄ တို့၏သမီး မထွန်းထွန်းမြတ် ၈/ပခက(နိုင်)၁၄၉၄၃၄ သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒများအရ နေထိုင်ပြုမူနေပါသဖြင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူမဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးတင်အေး – ဒေါ်ခင်မြသင်း

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ကျွန်းညိုကြီးကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းမှ မကေဇင်သန့်(Grade-6)၏ ဖခင်အမည်မှန်မှာ ဦးတင်အောင်ကို ၈/ပခက(နိုင်)၂၂၇၈၄၆ ဖြစ်ပါကြောင်း။

ဦးတင်အောင်ကို
၈/ပခက(နိုင်)၂၂၇၈၄၆

ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃၆/ပြည်တော်သာ)၊ ဦးပိုင်အမှတ်(၂၈၃-ခ)၊ မြေဧရိယာ(၀ ဒသမ ၀၄၆၅)ဧကရှိ မြေအကျိုးခံစားခွင့်များကို ဒေါ်စုစုကျော် (၉/မခန(နိုင်)၁၄၂၀၈၀) က မြေငှားဂရန် အမည်ပြောင်း လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပြင်ဦးလွင် ခရိုင်/မြို့နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသာ (၄)ရပ်ကွက်၊ မြေတိုင်းအမှတ် (၁၃)၊ မြေကွက်အမှတ် (၈၂)၊ မြေဧရိယာ(၀.၀၆၂) ဧကရှိမြေအား ဒေါ်ဖြိုးပြည့်ပြည့် မှ အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း၊ သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ ပဲခူးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသာ (၈) ရပ်ကွက်၊ မြေတိုင်းအမှတ် (၂၃)၊ မြေကွက်အမှတ် (၉၀၈)၊ မြေဧရိယာ(၀.၀၅၅) ဧကရှိမြေအား ဒေါ်သူဇာအောင်မှ အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း၊ သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ ပဲခူးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသာ (၁)ရပ်ကွက်၊ မြေတိုင်းအမှတ် (၅)၊ မြေကွက်အမှတ် (၃၉၈)၊ မြေဧရိယာ(၀.၀၆၂) ဧကရှိမြေအား ဒေါ်စန်းစန်းနွဲ့(ဦးအေးလွင်(ခ)အောဂက်စ်တင်း ကွယ်လွန်၏သမီး)မှ မိတ္တူကူးယူခွင့် မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မိတ္တူကူးယူခွင့် မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ ပဲခူးမြို့

ပုသိမ်တက္ကသိုလ်

(၂၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ပုသိမ်တက္ကသိုလ် (အဝေးသင်သင်တန်း) ၂၀၂၅ ပညာသင်နှစ်နှင့် ပုသိမ်တက္ကသိုလ် (နေ့သင်တန်း) ၂၀၂၅-၂၀၂၆ ပညာသင်နှစ်များတွင် ဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားသူများအတွက် ဘွဲ့နှင်းသဘင် အခမ်းအနားကိုပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

ပုသိမ်တက္ကသိုလ်၊ အဝေးသင်သင်တန်း
၂၀၂၅ ပညာသင်နှစ်(၂၀၁၉-အောင်)

၁။ ၁၀-၁၂-၂၀၂၆(ကြာသပတေးနေ့) နံနက် (၉:၀၀) နာရီ
(က) ဝိဇ္ဇာဘွဲ့ (မြန်မာစာ) (စမ- ၁ မှ ၁၀၆)
(ခ) ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) (စအ- ၁ မှ ၉၂)
(ဂ) ဝိဇ္ဇာဘွဲ့ (ပထဝီဝင်) (စပ- ၁ မှ ၇၄)
(ဃ) ဝိဇ္ဇာဘွဲ့ (သမိုင်း) (စသ-၁ မှ ၁၁၃)
(င) သိပ္ပံဘွဲ့ (ဓာတုဗေဒ) (စဓ-၁ မှ ၅၁)

၂။ ၁၀-၁၂-၂၀၂၆ (ကြာသပတေးနေ့) မွန်းလွဲ (၁:၀၀) နာရီ
(က) ဝိဇ္ဇာဘွဲ့ (မြန်မာစာ) (စမ- ၁၀၇ မှ ၂၁၉)
(ခ) ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) (စအ- ၉၃ မှ ၁၇၇)
(ဂ) ဝိဇ္ဇာဘွဲ့ (ပထဝီဝင်) (စပ- ၇၆ မှ ၁၄၇)
(ဃ) ဝိဇ္ဇာဘွဲ့ (သမိုင်း) (စသ-၁၁၄ မှ ၂၂၄)
(င) သိပ္ပံဘွဲ့ (ဓာတုဗေဒ) (စဓ-၅၃ မှ ၁၁၂)

အစမ်းလေ့ကျင့်ရန်- ၉-၁၂-၂၀၂၆ (ဗုဒ္ဓဟူးနေ့) နံနက် (၉:၀၀) နာရီ
(၁၀-၁၂-၂၀၂၆ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း ဘွဲ့တက်ရောက်မည့်သူများ)
ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာထုတ်ပေးမည့်ရက် - ၈-၁၂-၂၀၂၆

၃။ ၁၁-၁၂-၂၀၂၆ (သောကြာနေ့) နံနက် (၉:၀၀) နာရီ
(က) ဝိဇ္ဇာဘွဲ့ (မြန်မာစာ) (စမ- ၂၂၀ မှ ၃၃၁)
(ခ) ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) (စအ- ၁၇၈ မှ ၂၆၃)
(ဂ) ဝိဇ္ဇာဘွဲ့ (ပထဝီဝင်) (စပ- ၁၄၈ မှ ၂၂၆)
(ဃ) ဝိဇ္ဇာဘွဲ့ (သမိုင်း) (စသ-၂၂၆ မှ ၃၂၉)
(င) သိပ္ပံဘွဲ့ (ရူပဗေဒ) (စရပ-၁ မှ ၆၀)

၄။ ၁၁-၁၂-၂၀၂၆ (သောကြာနေ့) မွန်းလွဲ (၁:၀၀) နာရီ
(က) ဝိဇ္ဇာဘွဲ့ (မြန်မာစာ) (စမ- ၃၃၂ မှ ၄၃၉)
(ခ) ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) (စအ- ၂၆၄ မှ ၃၇၂)
(ဂ) ဝိဇ္ဇာဘွဲ့ (ပထဝီဝင်) (စပ- ၂၂၇ မှ ၃၀၂)
(ဃ) ဝိဇ္ဇာဘွဲ့ (သမိုင်း) (စသ-၃၃၀ မှ ၄၂၆)
(င) သိပ္ပံဘွဲ့ (ရူပဗေဒ) (စရပ-၆၁ မှ ၁၂၉)

အစမ်းလေ့ကျင့်ရန်- ၉-၁၂-၂၀၂၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ (၂:၀၀) နာရီ
(၁၁-၁၂-၂၀၂၆ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းဘွဲ့တက်ရောက်မည့်သူများ)
ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာထုတ်ပေးမည့်ရက် - ၈-၁၂-၂၀၂၆

၅။ ၁၃-၁၂-၂၀၂၆ (တနင်္ဂနွေနေ့) နံနက် (၉:၀၀) နာရီ
(က) ဝိဇ္ဇာဘွဲ့ (မြန်မာစာ) (စမ- ၄၄၀ မှ ၅၅၈)
(ခ) ဝိဇ္ဇာဘွဲ့ (ပထဝီဝင်) (စပ- ၃၀၃ မှ ၃၉၁)
(ဂ) ဝိဇ္ဇာဘွဲ့ (သမိုင်း) (စသ- ၄၂၇ မှ ၅၂၃)
(ဃ) ဝိဇ္ဇာဘွဲ့ (ဒဿနိကဗေဒ) (စဒ- ၁ မှ ၆၉)
(င) သိပ္ပံဘွဲ့ (သချာ) (စသခ- ၁ မှ ၇၁)

၆။ ၁၃-၁၂-၂၀၂၆ (တနင်္ဂနွေနေ့) မွန်းလွဲ (၁:၀၀) နာရီ
(က) ဝိဇ္ဇာဘွဲ့ (မြန်မာစာ) (စမ- ၅၅၉မှ ၆၆၇)
(ခ) ဝိဇ္ဇာဘွဲ့ (ပထဝီဝင်) (စပ- ၃၉၂ မှ ၄၆၉)
(ဂ) ဝိဇ္ဇာဘွဲ့ (သမိုင်း) (စသ- ၅၂၄ မှ ၆၁၄)
(ဃ) ဝိဇ္ဇာဘွဲ့ (ဒဿနိကဗေဒ) (စဒ- ၇၀ မှ ၁၅၃)
(င) သိပ္ပံဘွဲ့ (သချာ) (စသခ- ၇၂ မှ ၁၅၆)

အစမ်းလေ့ကျင့်ရန်- ၁၂-၁၂-၂၀၂၆ (စနေနေ့) နံနက်(၉:၀၀)နာရီ
(၁၃-၁၂-၂၀၂၆ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း ဘွဲ့တက်ရောက်မည့်သူများ)
ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာထုတ်ပေးမည့်ရက် - ၁၀-၁၂-၂၀၂၆

၇။ ၁၄-၁၂-၂၀၂၆ (တနင်္လာနေ့) နံနက် (၉:၀၀) နာရီ
(က) ဝိဇ္ဇာဘွဲ့ (မြန်မာစာ) (စမ- ၆၆၈ မှ ၇၇၉)
(ခ) ဝိဇ္ဇာဘွဲ့ (ပထဝီဝင်) (စပ- ၄၇၀ မှ ၅၈၁)
(ဂ) ဝိဇ္ဇာဘွဲ့ (သမိုင်း) (စသ- ၆၁၅ မှ ၇၁၉)
(ဃ) ဝိဇ္ဇာဘွဲ့ (ဒဿနိကဗေဒ) (စဒ- ၁၅၄ မှ ၂၁၉)
(င) သိပ္ပံဘွဲ့ (သတ္တဗေဒ) (စသတ- ၁ မှ ၅၁)

၈။ ၁၄-၁၂-၂၀၂၆ (တနင်္လာနေ့) မွန်းလွဲ (၁:၀၀)နာရီ
(က) ဝိဇ္ဇာဘွဲ့ (မြန်မာစာ) (စမ- ၇၈၁ မှ ၈၉၂)
(ခ) ဝိဇ္ဇာဘွဲ့ (ပထဝီဝင်) (စပ- ၅၈၂ မှ ၇၁၆)
(ဂ) ဝိဇ္ဇာဘွဲ့ (သမိုင်း) (စသ- ၇၂၀ မှ ၈၃၃)
(ဃ) ဝိဇ္ဇာဘွဲ့ (ဒဿနိကဗေဒ) (စဒ- ၂၂၀ မှ ၂၇၄)
(င) သိပ္ပံဘွဲ့ (ရုက္ခဗေဒ) (စရခ- ၁ မှ ၃၁)

အစမ်းလေ့ကျင့်ရန်- ၁၂-၁၂-၂၀၂၆ (စနေနေ့) မွန်းလွဲ (၂:၀၀)နာရီ
(၁၄-၁၂-၂၀၂၆ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းဘွဲ့တက်ရောက်မည့်သူများ)
ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာထုတ်ပေးမည့်ရက် - ၁၀-၁၂-၂၀၂၆

၉။ ၁၆-၁၂-၂၀၂၆(ဗုဒ္ဓဟူးနေ့) နံနက်(၉:၀၀)နာရီ
(က) ဝိဇ္ဇာဘွဲ့(မြန်မာစာ) (စမ-၈၉၃ မှ ၁၀၀၀)
(ခ) ဝိဇ္ဇာဘွဲ့(သမိုင်း) (စသ-၈၃၄ မှ ၉၈၂)
(ဂ) ဝိဇ္ဇာဘွဲ့(စိတ်ပညာ) (စစ-၁ မှ ၅၅)
(ဃ) ဥပဒေဘွဲ့(ဥပဒေပညာ) (ပဥ္စဥ-၁ မှ ၇၆)
(င) ဝိဇ္ဇာဘွဲ့(အရှေ့တိုင်းပညာ) (စအရ-၁ မှ ၆၇)

၁၀။ ၁၆-၁၂-၂၀၂၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ (၁:၀၀) နာရီ
(က) ဝိဇ္ဇာဘွဲ့ (မြန်မာစာ) (စမ-၁၀၀၁ မှ ၁၁၂၇)
(ခ) ဝိဇ္ဇာဘွဲ့ (သမိုင်း) (စသ-၉၈၃ မှ ၁၁၅၀)
(ဂ) ဝိဇ္ဇာဘွဲ့ (စိတ်ပညာ) (စစ-၅၆ မှ ၁၃၃)
(ဃ) ဝိဇ္ဇာဘွဲ့ (အရှေ့တိုင်းပညာ)(စအရ-၆၈ မှ ၁၇၂)

အစမ်းလေ့ကျင့်ရန်- ၁၅-၁၂-၂၀၂၆(အင်္ဂါနေ့) နံနက် (၉:၀၀) နာရီ
(၁၆-၁၂-၂၀၂၆ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းဘွဲ့တက်ရောက်မည့်သူများ)
ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာထုတ်ပေးမည့်ရက် - ၁၃-၁၂-၂၀၂၆

၁၁။ ၁၇-၁၂-၂၀၂၆ (ကြာသပတေးနေ့) နံနက်(၉:၀၀)နာရီ
(က) ဝိဇ္ဇာဘွဲ့ (မြန်မာစာ) (၂၀၁၉ အောင်) (စမ- ၁၁၂၈ မှ ၁၂၃၉)
(ခ) ဝိဇ္ဇာဘွဲ့ (သမိုင်း) (၂၀၁၉ အောင်) (စသ-၁၁၅၁ မှ၁၂၆၅)
(စသ- ယာယီ ၂ ဦး)
(ဂ) ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) (၂၀၂၀အောင်) (စအ- ၁ မှ ၁၂၁)
(ဃ) ဝိဇ္ဇာဘွဲ့ (ပထဝီဝင်) (၂၀၂၀အောင်) (စပ- ၁ မှ ၁၁၂)

၂၀၂၅ ပညာသင်နှစ်(၂၀၂၀-အောင်)၊ အဝေးသင်သင်တန်း

၁၂။ ၁၇-၁၂-၂၀၂၆ (ကြာသပတေးနေ့) မွန်းလွဲ (၁:၀၀) နာရီ
(က) ဝိဇ္ဇာဘွဲ့(မြန်မာစာ) (စမ- ၁ မှ ၁၂၄)
(ခ) ဝိဇ္ဇာဘွဲ့(ပထဝီဝင်) (စပ- ၁၁၃ မှ ၂၁၈)
(ဂ) ဝိဇ္ဇာဘွဲ့(သမိုင်း) (စသ-၁ မှ ၁၀၅)
(ဃ) သိပ္ပံဘွဲ့(ဓာတုဗေဒ) (စဓ-၁ မှ ၈၅)

အစမ်းလေ့ကျင့်ရန်- ၁၅-၁၂-၂၀၂၆(အင်္ဂါနေ့) မွန်းလွဲ(၂:၀၀)နာရီ
(၁၇-၁၂-၂၀၂၆ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းဘွဲ့တက်ရောက်မည့်သူများ)
